# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၁)ရက် ၊ ကြာသပတေးနေ့ ၊ (26-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်လျက်ရှိ



ဆလုံတိုင်းရင်းသားများနေထိုင်သည့် လန်ပိကျွန်းကို တွေ့ရစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၅

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်း (Wa Ale Resort) အပန်းဖြေစခန်းသို့ ယခုနှစ်ခရီးသွားရာသီတွင် ရုရှား၊ အီတလီ၊ ယူကေနှင့် ဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ လာရောက်အပန်းဖြေ လည်ပတ်လျက်ရှိကြောင်း လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဝါးအလယ်ကျွန်း(Wa Ale Resort)အပန်းဖြေစခန်းသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် နှစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရုက္ခနှင့် ဇီဝကိုထိခိုက်မှုမရှိသော ခရီးသွားဝင်ရောက်မှုရပ်ဝန်းတစ်ခုအဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"သဘာဝတောထဲမှာရှိတဲ့ အပန်းဖြေစခန်းတစ်ခုဖြစ်တဲ့အတွက် မြို့ပြနဲ့ခြားနားတဲ့ အထိအတွေ့ သဘာဝခံစားမှုကို ခရီးသွားတွေနှစ်ခြိုက်ကြပါတယ်။ လတ်ဆတ်တဲ့ ပင်လယ်လေကိုရှူရင်း

စာမျက်နှာ ၁၉ ကော်လံ ၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော် ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်**

စာမျက်နှာ - ၁၆

**သံစဉ်ဝေဖြာ မနောအလှ ကဗျာ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသမည်**

စာမျက်နှာ - ၁၈

**ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၉၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်**

စာမျက်နှာ - ၂၇

**အလုပ်သုံးပါးနဲ့ ကြီးပွားတိုးတက်ရေး**

ဆောင်းပါး

စာမျက်နှာ - ၂၀




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်

အယ်ဒီတာ့အာဘော်

# သာသနာ့အာဇာနည်များ ပေါ်ထွန်းစေသောစာမေးပွဲ

နိုင်ငံတော်အစိုးရက ကြီးမှူး၍ ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်စာမေးပွဲကြီးကို ဒီဇင်ဘာ ၂၄ ရက်နေ့က စတင်၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်)က စတင်ကျင်းပခဲ့ရာ ယခု ၇၇ ကြိမ်မြောက်အထိ ရှိပြီဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်လာရသည့် သမိုင်းအစမှာ ဤသို့ဖြစ်သည်။ မြန်မာနိုင်ငံ၌ သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်အမီ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် ညှိနှိုင်းရာတွင် ၎င်းနိုင်ငံများက ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပိဋကသုံးပုံအောင် ပုဂ္ဂိုလ်ရှိပါသလားဟု မေးမြန်းကြသည်။ ထို့ကြောင့် ပိဋကသုံးပုံဆောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖော်ထုတ်နိုင်ရန်အတွက် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးက တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကြီးဖွဲ့စည်းကာ မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ်ကစ၍ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ပေါ်ပေါက်လာခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်ထိ ကျင်းပပြီးစီးခဲ့သော (၇၆) ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီးလည်းဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋကဝိနည်း ပထမပိုင်းနှစ်ကျမ်း၊ ဝိနယပိဋကဝိနည်း ဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းနှင့် အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်းတို့ကို တိပိဋကဓရဘွဲ့အတွက် သာသနာ့အာဇာနည်အရှင်သူမြတ်တို့က အာဂုံပြန်ဆိုရသည်။ ထို့ပြင် တိပိဋကကောဝိဒဘွဲ့အတွက် ကျမ်းစာအုပ်ပေါင်း ၁၀၀ ကျော်မှ အဓိပ္ပာယ်များကို သဘောရေးဖြေစာမေးပွဲဖြေဆိုတော်မူရပြီး အောင်မြင်တော်မူမှသာ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏ သဒ္ဓါစွမ်းအား၊ သတိဝီရိယစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ထိုက်တန်စွာ ဆွတ်ခူးရရှိခြင်းပင်ဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် မြန်မာနိုင်ငံသာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး၊ ရက်အရှည်ဆုံးကျင်းပသည့် နက်နဲဂုဏ်ယူဖွယ် စာမေးပွဲကြီးပင်ဖြစ်သည်။ မြတ်စွာဘုရား၏ နှုတ်တော်ထွက်တရားတော်များကို အလေးအမြတ်ပြုသောအားဖြင့် ရဟန်းသာမဏေတို့သာ ဖြေဆိုခွင့်ပြုခြင်း၊ အာဂုံပြန်နှင့် သဘောရေးဖြေ နှစ်ဆင့်ဖြေဆိုရခြင်း၊ ဖြေဆိုသူအရှင်မြတ်တို့၏ သဒ္ဓါ၊ သတိ ဝီရိယ၊ သမာဓိ၊ ဉာဏ်ပညာတို့ကျက်စားရာ စာမေးပွဲဖြစ်ခြင်း၊ ကမ္ဘာပေါ်တွင် တွေ့ရှိရန် အလွန်ခဲယဉ်းသော အဆင့်မြင့်စာမေးပွဲဖြစ်သည့်အတွက် ဆရာဒကာနှစ်ဖြာစလုံးအတွက် သံသရာဆုံးရာနိဗ္ဗာန်တိုင် အကျိုးဖွံ့ဖြိုးပြည့်စုံစေမည်ဖြစ်ပါသည်။

လက်ရှိကျင်းပဆဲနှင့်(၇၆)ကြိမ်မြောက်ထိကျင်းပပြီးစီးခဲ့သော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်အစစ်အမှန်များသည် စာပေဖြင့်ထိန်းသိမ်းနိုင်ရုံသာမက ပို၍မြတ်သော သာသနာ့အာဇာနည်အရှင်သူမြတ်တို့၏ စိတ်နှလုံး၌လည်း ကိန်းဝပ်စံပျော်နေမည်ဖြစ်သည်။ သာသနာ့အာဇာနည် အရှင်သူမြတ်တို့က ထပ်ဆင့်၍ သင်ကြားပြသဆုံးမပေးမှုကြောင့်လည်း အသစ်အသစ်သော ဘုရားသားတော်သံဃာတော်များ တိုးပွားလာမည်ဖြစ်သည်။ ထိုသို့ သာသနာ့အာဇာနည်များ ထပ်ကာထပ်ကာပေါ်ထွန်းလာခြင်းသည် သာသနာတော်ကြီး နေရောင်လရောင်သဖွယ် ထွန်းလင်းတောက်ပမှုဖြစ်စေသော ဆောင်ရွက်ချက်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများစိတ်နှလုံးတွင် ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ကြည်နူးဝမ်းမြောက် ရွှင်ပျော်လျက်ရှိပါကြောင်း ဖော်ညွှန်းရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၄)သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)ကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေးနှင့် ရေရှည်တည်တံ့စွာအသုံးချနိုင်ရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများမဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစ်ဆေးကြပ်မတ်ကာ အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေပုဒ်မ-၃၀(ခ) အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲ ၁၁၉ တွဲနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေး တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၅၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၅၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၈၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၅၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၁၅၈၄၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၅၉၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟုရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ သဘာဝ ဓာတ်မြေသြဇာများ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

နှမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် နှမ်းအထွက်တိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်မှထွက်ရှိသည့် ကုလားပဲများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ

**ဟသ်ာတ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်မှ ထွက်ရှိသည့် ကုလားပဲများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဒီဇင်ဘာလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကုလားပဲများ အဝယ်လိုက်လာကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကုလားပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကုလားပဲတွေက အရင်ထက်တော်တော်လေးအရောင်းအဝယ် ကောင်းလာပါတယ်။ ပြည်တွင်းစားသုံးမှု များလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ကုလားပဲတွေက ဆောင်းကာလက ကျန်တဲ့ ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ကုလားပဲစိုက်ပျိုးသူတွေ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာ တွေ့ရပါတယ်။ လက်ရှိ ဒေသထွက် ကုလားပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုကောင်းလာပါတယ်"ဟု ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ကုလားပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကုလားပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ခင်ကြီးယကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပျော်ဘွယ် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခင်ကြီးယကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ် လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ခင်ကြီးယကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ် ခင်ကြီးယကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်း၍ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၀၆၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပျော်ဘွယ်သားကုမ္ပဏီက ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ခင်ကြီးယကျေးရွာရှိ ဒေသခံတောင်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးထံမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# ပုဗ္ဗသီရိမြို့နယ် ကန်ဇွန်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဇွန်းအင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်း၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင် များနှင့်အတူ ကန်ဇွန်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကန်ဇွန်းအင်းကျေးရွာ၌ ရေရရှိရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့်ခုနှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၀၄ သန်းဖြင့် လင်းလက်ပိုင်ကုမ္ပဏီက ယခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၃၈၄၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၃၈၄၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၅၄၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၃၈၄၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၀ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါးကေ ၈၂၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၃၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပင်းတယမြို့နယ် ရှောက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှောက်ပင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ရှောက်ပင်ကျေးရွာရှိကျေးလက်နေပြည်သူများ ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှောက်ပင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၄၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်၅၁၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ၂၄ ပြည်ဝင် ဆန်ကွဲ အိတ် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်က ဆန်ကွဲတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့နယ်ဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို နိုဝင်ဘာလ ပထမပတ်ကနေ စတင်ပြီး ဝယ်ယူမှုအားက သိသိသာသာ ကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကနေလဲ မအူပင်မြို့နယ်က ထွက်ရှိတဲ့ ဆန်ကွဲတွေကို ဝယ်ယူမှုတွေလဲ ရှိပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။


မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေကြကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

ကျော်ကျော်လင်း



# သင်တောင်းမြို့ဟောင်း

**ဗိုလ်ရှိတ်(ရတနာပူရ)**




သင်တောင်းမြို့ဟောင်း

သင်တောင်းမြို့ဟောင်းသည် လယ်တွင်း ၁၁ ခရိုင်ဝင် မြို့ဟောင်းတစ်မြို့ဖြစ်သည်။ လယ်တွင်း ဒေသရှိ မြို့ဟောင်းများတွင် ရန်ကုန်-မန္တလေးကား လမ်းကြီးနှင့်အနီးဆုံးမြို့ဟောင်းတစ်မြို့ဖြစ်သည်။ ကျောက်ဆည်မြို့နယ်အတွင်း၌ပါဝင်၍ ကျောက်ဆည် မြို့ မြောက်ဘက်နှစ်မိုင်ခန့်အကွာ ရွှေသိမ်တော်ဘုရား အနီး၌တည်ရှိသည်။ ရွှေသိမ်တော်ဘုရားမှာ ရန်ကုန်-မန္တလေးလမ်း၏အရှေ့ဘက်တွင် ကပ်လျက်တည်ရှိ နေသည်။ ရွှေသိမ်တော်ဘုရားအရှေ့ဘက်ကပ်လျက် တွင် သင်တောင်ကြီးရွာ၊ သက်တောင်ကြီးရွာ အရှေ့ဘက် လယ်ကွက်အနည်းငယ်သာခြားလျက် သင်တောင်းမြို့ဟောင်းတည်ရှိသည်။ မြောက်လတ္တီ တွဒ် ၉၆ ဒီဂရီ ၁၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၂၁ ဒီဂရီ ၃၈ မိနစ်၌ရှိသည်။ မြို့ဟောင်း၏ အရှေ့ တောင်ဘက်တွင် ဥတေနမင်းသား မွေးဖွားရာ မင်းမွေးတောင်ရှိသည်။

**သာလွန်မင်းလက်ထက်**

သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၉၉၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်တွင် တောင်ဝင်းလုံ့ရှည်ကိုင် ရှမ်း၊ ငပါ၊ သည်လုံ၊ သည်၊ သည်စံ၊ လည်တို့နှင့် လူပေါင်း ၄၀၊ အိုးစကြီးအဝန်းကြီး ၅ဲ (၅ပယ်)၊ ငယ် ၃ဲ(၃ပယ်)၊ ၅ ကျလုပ်မြေ၊ စားမြေ၊ နေမြေပါ ၁၇၉ဲ ၃ိ တာပေါင်း ၈၀၉ါဖြင့် သင်တောင်းရွာတွင် ချထားခဲ့သည်။ ထိုစဉ် က သင်တောင်းအင်းရွာကို ကြီးစိုးစီရင်အုပ်ချုပ်ရသူ မှာ လှေကြီးဖြစ်သည်။ သင်တောင်းအင်းနယ်ကိုလည်း-

"အရှေ့ကိုလားသော် အတိမ်ယင်ကုန်းထိ
တောင်ကိုလားသော် မြင်းမြေစပ်
အနောက်ကိုလားသော် ရေဝင်မြောင်းခိုက်
မြောက်ကိုလားသော် မြောင်းဆုံသနပ်ပင်ထိ"

နယ်လေးရပ် သတ်မှတ်ပေးခဲ့သည်။ ထိုစဉ်က သင်တောင်းကို သင်တောင်းအင်းရွာဟုခေါ်ဆိုခဲ့သည် ကို တွေ့ရသည်။

**မြို့အကျယ်အဝန်းနှင့်ပုံစံ**

ရှေးမှတ်တမ်းများဖြစ်ကြသော နန်းစဉ်စာရင်း ချုပ်ကြီး ဓာတာတော်ပုံကျမ်းနှင့် ဇမ္ဗူကွန်ချာကျမ်းတို့ တွင် သင်တောင်းမြို့၏အကျယ်အဝန်းနှင့် တာစာရင်း ကိုဖော်ပြမထားပေ။ ထို့ကြောင့် ရှေးခေတ်အကျယ် အဝန်းကို သိခွင့်မရပေ။ မျက်မှောက်ခေတ်အတိုင်း အတာအရ မြို့ရိုးပတ်လည်အလျားပေါင်း ၃၅၃၃ ပေ ခန့်ရှည်လျား၍ ၁၈ ဧကခွဲခန့်ရှိသည်။

မြို့ပုံစံမှာ ထောင့်များဝန်းဝိုင်းသော ပုံစံဖြစ် သည်။ အနောက်မြောက်ထောင့်တွင် ဝန်းဝိုင်းနေ သည်သာမက အနည်းငယ်ပင်ချိုင့်ဝှမ်းနေသည်။ မြို့ ရိုးမှာ မြို့ရိုးရာလောက်မျှသာ အချို့နေရာ၌တွေ့ရ တော့သည်။ မြို့ရိုးအုတ်မှာ အလျား ၁၉ လက်မ၊ အနံ ကိုးလက်မခွဲ၊ ထု နှစ်လက်မခွဲရှိသည်။ မြို့ဟောင်း အတွင်း၌ လူနေအိမ်ခြေများစွာမရှိပေ။ လေး၊ ငါး အိမ်ခန့်သာရှိပေသည်။ မြို့အရှေ့တောင်ထောင့်တွင် စေတီကုန်းကြီးတစ်ခုရှိ၏။ စေတီကုန်းကြီးပေါ်တွင် မျက်မှောက်ခေတ်တည်ဆောက်ထားသော စေတီ ငယ်လေးရှိသည်။ ထိုစေတီကို နောင်တော်လေး စေတီဟု ကမ္ပည်းတင်ထားသည်ကို တွေ့ရသည်။ မြို့အနောက်တောင်ထောင့်တွင် ဘုန်းတော်ကြီး ကျောင်းရှိသည်။

တစ်ချိန်က သင်တောင်းမြို့ဟောင်းသည် သင် တောင်းအင်းကြီးအတွင်း၌ တည်ရှိသောကြောင့် သင်တောင်းကြီးရွာနှင့် မြို့ဟောင်းကို လှေနှင့်ကူးရ သည်ဟု ဆိုကြသည်။ ကိုလိုနီခေတ်တွင် အင်းကိုဖျက် ၍ လယ်လုပ်နိုင်အောင်ပြုလုပ်ခဲ့ခြင်းကြောင့် ယခု ကဲ့သို့ ကုန်းလမ်းအတိုင်းသွား၍ ရလာခြင်းဖြစ်သည် ဟု သိရသည်။

**ကျောက်စာများတွင်တွေ့ရသော သင်တောင်း**

သင်တောင်းဟူသောအမည်ကို ပုဂံခေတ်ထိုး ကျောက်စာများတွင် သင်တောင်ဟူ၍သာ အစဉ် တစိုက် ရေးထိုးခဲ့သည်ကို တွေ့ရသည်။ သင်တောင် ဟူသောအမည်ကို အစောဆုံးတွေ့ရသည့်ကျောက်စာ မှာ သက္ကရာဇ် ၅၄၅ ခုထိုး စူဠာမဏိဘုရားကျောက်စာ ဖြစ်သည်။ သင်တောင်းအမည်တွေ့ရသော ပုဂံခေတ် ထိုးကျောက်စာတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သင်တောင်ခရိုန် = စူဠာမဏိဘုရား ကျောက်စာ ၅၄၅ ခုထိုး
၂။ သင်တောင်ရွာ = ဓမ္မရာဇိကဘုရား ကျောက်စာ ၅၆၀ ပြည့်နှစ်ထိုး
၃။ သင်တောင်လဲ = နားတောင်းများ မင်းကြီး ကျောက်စာ ၅၈၂ ခုထိုး
၄။ သင်တောင်ခရိုန် = ရှင်မဟာကဿပ ကျောင်း ကျောက်စာ ၆၁၀ ပြည့်နှစ်ထိုး
၅။ သင်တောင်ခွင် = မင်းမဟာစခိပိုရ်ကျောက်စာ ၆၃၃ ခုထိုး
၆။ သင်တောင်လဲ = မင်းမတ်စတုရင် ကပတိ လင်မယားကျောက်စာ ၆၃၄ ခုထိုး
၇။ သင်တောင် = သီဟသူရမင်းကြီးကျောက်စာ ၆၅၈ ခုထိုး

**မင်စာအထောက်အထား**

သင်တောင်းအမည်ကိုကျောက်စာများတွင်သာမက ပုဂံခေတ်ရေး မင်စာများတွင်လည်း တွေ့ရသည်။ သက္ကရာဇ် ၅၆၀ ပြည့်နှစ် သီတင်းကျွတ်လဆုတ် ၂ ရက် နေ့တွင် ရေးသားခဲ့သော ဓမ္မရာဇကဘုရား မင်စာ အမှတ် (၁၉) တွင် 'သင်တောင်ရွာ' ဟူ၍တွေ့ရသည်။ ထို့အတူ ဓမ္မရာဇကဘုရားမင်စာအမှတ်(၂၄) တွင်လည်း သင်တောင်ရွာဟူ၍ရေးထားသည်ကို တွေ့ရသည်။

**သင်တောင်းဟူသောအမည်၏အဓိပ္ပာယ်**

သင်တောင်းဟူသောအမည်ကို ပုဂံခေတ်မှစ၍ ယခုမျက်မှောက်ခေတ်ကာလထိအောင်ပင် အစဉ် တစိုက်ခေါ်ဝေါ်ခဲ့ကြသည်။ သင်တောင်းအင်းအတွင်း တည်ရှိသောကြောင့် သင်တောင်းအင်းရွာဟူ၍လည်း ရေးသားကြသည်။ လူသိများသော ဆင်နိုင်မင်း ဥတေန ရာဇဝင်နှင့်ဆက်စပ်ပြီး ဖြစ်ပေါ်လာသော ဆင်တောင် အနီးရှိမြို့ကို ဆင်တောင်မြို့ဟုခေါ်ရာမှ သင်တောင်း မြို့ဟု ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်ဟုဆိုကြသည်။ တောင်ဖီလာဆရာတော်က ပင်းတလဲမင်းထံသွင်း သော မေတ္တာစာတွင် "ဥဒိန်မင်းစောနေသည့် ဆင် တောင်လှ၏ဆိုသောစကားကို ယခုသင်တောင်းတွင် သည်"ဟူ၍ ဖော်ပြထားသောကြောင့် ဆင်တောင်မှ သင်တောင်းဖြစ်လာသည်ဆိုသောစကားသည် ရှေး မှတ်တမ်းများနှင့်ညီသည်ဟုဆိုနိုင်သည်။ ဆရာကြီး ဦးဖိုးလတ်က သင်တောင်းဆိုသည်မှာ မြန်မာစကား သျှင်တောင်ဖြစ်ပြီး အဓိပ္ပာယ်မှာ သျှင်ရဟန်းနေသော တောင်ဟု မိန့်ဆိုထားသည်။

❖သင်တောင်းဟူသောအမည်ကို ပုဂံခေတ်မှစ၍ ယခုမျက်မှောက် ခေတ်ကာလထိအောင်ပင် အစဉ်တစိုက်ခေါ်ဝေါ်ခဲ့ကြသည်။ သင်တောင်း အင်းအတွင်းတည်ရှိသောကြောင့် သင်တောင်းအင်းရွာဟူ၍လည်း ရေးသားကြသည်။ လူသိများသော ဆင်နိုင်မင်း ဥတေနရာဇဝင်နှင့် ဆက်စပ်ပြီးဖြစ်ပေါ်လာသော ဆင်တောင်အနီးရှိမြို့ကို ဆင်တောင်မြို့ ဟုခေါ်ရာမှ သင်တောင်းမြို့ဟုပြောင်းလဲလာခဲ့ခြင်းဖြစ်သည်ဟုဆိုကြ သည်။ တောင်ဖီလာဆရာတော်က ပင်းတလဲမင်းထံသွင်းသော မေတ္တာစာ တွင် "ဥဒိန်မင်းစောနေသည့် ဆင်တောင်လှ၏ဆိုသောစကားကို ယခု သင်တောင်းတွင်သည်"ဟူ၍ ဖော်ပြထားသောကြောင့် ဆင်တောင်မှ သင်တောင်းဖြစ်လာသည်။ ❖

**ရွှေသိမ်တော်ဘုရား**

သင်တောင်းမြို့ဟောင်းအနီးရှိ အထူးထင်ရှား သောဘုရားမှာ ရွှေသိမ်တော်ဘုရားဖြစ်သည်။ ရွှေ သိမ်တော်ဘုရားသည် နေ့စဉ်နှင့်အမျှ ဘုရားဖူးများ ဖြင့် စည်ကားနေသည်။ ရွှေသိမ်တော်မြတ်စွာဘုရား ကို အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည်။ မူလက ဉာဏ်တော်ကိုးတောင်မျှသာ ရှိသည်ဟုဆိုကြ ပြီး မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်တွင် ဉာဏ်တော် ၁၃ တောင်ထိ၊ သက္ကရာဇ် ၁၃၅၆ ခုနှစ်တွင် ဉာဏ်တော် ၃၄ တောင်ထိ တိုးမြှင့်ပြုပြင်ခဲ့သည်ဟု သိရသည်။ သိမ်တော်ကိုလည်း အနော်ရထာမင်းကြီး၏မင်းဆရာ ရှင်အရဟံမထေရ်မြတ်က သမုတ်ခဲ့သည်ဟုသိရ သည်။ ရွှေသိမ်တော်ဘုရားမှာ လေးထောင့်ပစ္စယာ သုံးဆင့်ခံပြီးအထက်တွင် အထွတ်စေတီတင်ထားသည့် ပုံစံဖြစ်သည်။ ရှေ့မျက်နှာ၌ မုခ်လိုဏ်ပါရှိပြီး လိုဏ် အတွင်း၌ ဆုတောင်းပြည့် ရွှေသိမ်တော်မြတ်စွာဘုရား ရုပ်ပွားတော်ရှိသည်။ ပစ္စယံထောင့်လေးထောင့်တွင် ထောင့်စေတီများဖြင့် တင့်တယ်စွာတည်ရှိနေသည်။

ရှေးမှတ်တမ်းတစ်ခုတွင် စေတီများတည်ရာ၌ ဂူလေးဂူရှိသည်ဟုဆိုကြသည်။ ထိုဂူလေးဂူမှာ-

၁။ တဝဂူ = မုခ်ဝတစ်ပေါက်တည်း မြောက်သို့ လှည့်၍တည်သည်။
၂။ ရတနဂူ = မုခ်ဝတစ်ပေါက်တည်း အနောက် သို့လှည့်၍တည်သည်။
၃။ သိကြားဂူ = မုခ်ဝတစ်ပေါက်တည်း တောင်သို့ လှည့်၍တည်သည်။
၄။ ဘုရားဂူ = မုခ်ဝတစ်ပေါက်တည်း အရှေ့သို့ လှည့်၍တည်သည်ဟူ၍ဖြစ်သည်။

ဤအဆိုအမိန့်အရမူ ရွှေသိမ်တော်ဆုတောင်းပြည့် စေတီမှာ ဘုရားဂူအမျိုးအစားဟု ဆိုရပေမည်။

**ရွှေတောင်ထီးတောင်စေတီ**

ရွှေသိမ်တော်ဘုရားမြောက်ဘက်တွင် ရွှေတောင် ထီးတောင်ကြီးတည်ရှိသည်။ ထိုတောင်ထိပ်တွင် ရှေး ဟောင်းစေတီတော်ကြီးတစ်ဆူရှိသည်။ ထိုစေတီမှာ သက္ကရာဇ် ၆၈၄ ခုနှစ်တွင် ပင်းယမြို့၌ နန်းတက်သော ဥစ္စနာမင်းကြီး တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီကြီး ကို သက္ကရာဇ် ၆၉၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် ကြာသပတေးနေ့တွင်တည်ခဲ့သည်။ တည်စဉ် က စေတီတော်အချင်းမှာ ၆၁ တောင်ရှိသည်ဟု သိရ သည်။ ဥစ္စနာမင်းကြီးသည် စေတီတော်ကြီးတည်ပြီး သောအခါတွင် မြေများ၊ ကျွန်များကို လှူဒါန်းခဲ့သည်။ စေတီကမ္ပည်းကျောက်စာကိုလည်း ရေးထိုးခဲ့သည်။ ထိုကျောက်စာကိုလေ့လာနိုင်ရန် ယခုခေတ်သုံး အက္ခရာဖြင့်ဖလှယ်၍ ဖော်ပြလိုက်ပါသည်။

**ဥစ္စနာမင်းကြီးကျောက်စာ(သက္ကရာဇ် ၆၉၄ ခု)**

"သက္ကရာဇ် ၆၉၄ ခု ကြတိုက်နှစ် တန်ဆောင်မုန်း လဆုတ် ၃ ရက် ကြာသပတေးနေ့အား ဥစ္စနာမင်းကြီး သည် သင်တောင်ခရိုန်အနောက်တောင်ကြီးတက် စေတီအချင်း ၆၁ တောင်ပြု၍ သာသနာ ၅၀၀၀ တည် စိမ့်သောငှာ လှူပေသောမြေအရပ်ကား သက်ရှည်မြေ ၁၀၀ သင်တောင်ကျီစောင်စာယာ ၁၀ ကျွန်အသည် ၂၀ ကျိုပ်"ဟူ၍ဖြစ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၃၈၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၃၈၂၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၄၉၄၀ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၈၂၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုန်ညင်းနဲ့ပန်းနှမ်းကို နှစ်စဉ် စိုက်ပျိုးမှုတွေ ရှိကြပါတယ်။ မုန်ညင်းနဲ့ ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလ ကောလင်းခရိုင်မှာ မုန်ညင်းနဲ့ ပန်းနှမ်းကေ ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ကေ ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် မုန်ညင်း ၁၅ ကေ၊ ပန်းနှမ်း ၁၄၅၉၃ ကေ၊ ဝန်းသိုမြို့နယ်တွင် မုန်ညင်း ၃၃၄ ကေ၊ ပန်းနှမ်း ၁၈၂၈ ကေနှင့် ပင်လည်ဘူးမြို့နယ်တွင် မုန်ညင်းကေ ၃၇၀၊ ပန်းနှမ်း ၆၆၈၃ ကေ စုစုပေါင်း ၂၃၈၂၃ ကေတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် မုန်ညင်း ၁၅ ကေ၊ ပန်းနှမ်း ၁၆၅၆၇ ကေ၊ ဝန်းသိုမြို့နယ်တွင် မုန်ညင်းကေ ၃၅၀၊ ပန်းနှမ်း ၁၈၂၆ ကေနှင့် ပင်လည်ဘူးမြို့နယ်တွင် မုန်ညင်းကေ ၄၄၀၊ ပန်းနှမ်း ၅၇၄၂ ကေ စုစုပေါင်း ၂၄၉၄၀ ကေတို့ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် မုန်ညင်းနှင့် ပန်းနှမ်းကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## မြို့သစ်မြို့နယ် ပေကံကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် မကြီးထူးကျေးရွာအုပ်စု ပေကံကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပေကံကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီးနောက် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ချပြရှင်းလင်းဆောင်ရွက်သည်။

ပေကံကြီးကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

## မြန်မာအစွမ်း မင်္ဂလာလွှမ်း

- မြန်မာ့အကျိုး သယ်ပိုးကြပါ
  လူငယ်မျိုးဆက် တိုးတက်စေဖို့ရာ
  စာပေပညာ သင်ကာဆည်းပူး
  ကမ္ဘာ့အလယ် ဂုဏ်မငယ်
  ရှုဖွယ်မြင့်မြတ် တင့်ထူးသည်တည့်လေး။

- တိုင်းပြည်ကျေးဇူး ဆပ်ဖူးစေချင်
  ဘာသာမျိုးချစ် တွေးစစ်မှတ်တမ်းတင်
  တို့ပြည်တစ်ခွင် တီထွင်ကြိုးစား
  စက်မှုပညာ လေ့လာကာ
  မြန်မာလူမျိုး စွမ်းအားသည်တည့်လေး။

- မြန်မာ့စိတ်ထား ရိုးသားဖြူဖြူ
  သာကီနွယ်မျိုး ကောင်းကျိုးထမ်းရွက်ယူ
  အောင်လံလွှင့်ထူ မွေးကြူသတင်း
  အဆင့်တန်းမီ တို့ဂုဏ်ရည်
  မြန်ပြည်အောင်ပန်း ဂုဏ်သင်းသည်တည့်လေး။

- ကြိုးစားဆွေရင်း သွေးချင်းစုံရယ်
  ဥလည်းမကွဲ ယှဉ်တွဲနေထိုင်မယ်
  အဖျက်ရန်စွယ် တွန်းပယ်ဖယ်ရှား
  နိုင်ငံ့စွမ်းအင် တို့မြင့်တင်
  ဂုဏ်အင်မညှိုး ခွန်အားသည်တည့်လေး။
- ကြိုးစားအစဉ်သာ မြန်မာစွမ်းပေါ့တည်။
- တိုးပွားပညာ မင်္ဂလာလွှမ်းတော့သည်။ ။

ရွှေမြိုင်သူ(မြန်မာစာ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီအီဝါယာ တရုတ်ခေါင်းဆောင်များနှင့်တွေ့ဆုံ

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီအီဝါယာသည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်ဝန်ကြီးချုပ်လီချန်းအပါအဝင် တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ခရီးစဉ်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာအတွက် နိုင်ငံခြားရေးဝန်ကြီး တာဝန်ရယူပြီးနောက်ပိုင်း ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်သည်။

ဂျပန် နိုင်ငံခြားရေးဝန်ကြီး အီဝါယာသည် တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် တွေ့ဆုံပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးမှာ အပြုသဘောဆောင်သည့် အနေအထားဆီသို့ ဦးတည်နေပြီဖြစ်ကြောင်း နှစ်နိုင်ငံပြည်သူများ ခံစားသိမြင်လာချိန်ထိ တရုတ်-ဂျပန်ဆက်ဆံရေးကို မြှင့်တင်ရန် မိမိဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် မတွေ့ဆုံမီ ပြောကြားခဲ့သည်။

အီဝါယာသည် ယခုနှစ်အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးရာထူးကို ရယူခဲ့သူဖြစ်သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ဂျပန်ပင်လယ်စာပို့ကုန်များအား တရုတ်အစိုးရက ပိတ်ပင်ထားမှုပြဿနာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ယီမင်မှပစ်လွှတ်ခဲ့သည့် ဒုံးကျည်ကို အစ္စရေးတပ်မတော် ကြားဖြတ်ဖျက်ဆီးခဲ့

**ဂျေရုဆလင် ဒီဇင်ဘာ ၂၅**

ယီမင်နိုင်ငံဘက်မှ ပစ်လွှတ်ခဲ့ပြီး အစ္စရေးလေပိုင်နက်အတွင်း ဝင်ရောက်လာသည့် ဒုံးကျည်တစ်စင်းကို အစ္စရေးတပ်မတော်က ယနေ့တွင် ကြားဖြတ်ဟန့်တားခဲ့ရကြောင်း သိရသည်။

အဆိုပါဒုံးကျည်ကို အစ္စရေးတပ်မတော်က ကြားဖြတ်ပစ်ချနိုင်ခဲ့သော်လည်း ဒုံးကျည်အစအနများ မြေပေါ်ကျရောက်မှုကြောင့် လူကိုးဦး ဒဏ်ရာများရရှိခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယနေ့ ဒုံးကျည်တိုက်ခိုက်မှုသည် ဟူသီသူပုန်အုပ်စုက ရက်သတ္တပတ်တာ ကာလအတွင်း ပြုလုပ်ခဲ့သော ပဉ္စမမြောက် ဒုံးကျည်တိုက်ခိုက်မှု ဖြစ်ကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပြု ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းမှစ၍ အစ္စရေးနိုင်ငံကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်။

အစ္စရေးတပ်မတော်ကလည်း အဆိုပါတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယီမင်နိုင်ငံအတွင်းရှိ ဟူသီပစ်မှတ်များကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ခဲ့ပြီးနောက် ပင်လယ်နီရေလမ်းကြောင်းများကိုလည်း စစ်ရေးအရ စတင်ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# အဇာဘိုင်ဂျန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ကာဇက်စတန်နိုင်ငံ အက်တူးမြို့အနီးပျက်ကျ



**ဘာကူး ဒီဇင်ဘာ ၂၅**

အဇာဘိုင်ဂျန်နိုင်ငံမှ ရုရှားနိုင်ငံသို့ ပျံသန်းနေသော အမ်ဘရေရာအမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် ယနေ့တွင် ကာဇက်စတန်နိုင်ငံ အက်တူးမြို့အနီး ပျက်ကျခဲ့သည်။

အဆိုပါ ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည် ၆၂ ဦးနှင့် လေယာဉ်အမှုထမ်း ငါးဦးထိ လိုက်ပါလာကြောင်း၊ လေယာဉ်ပျက်ကျမှုအတွင်း လိုက်ပါလာသူများအနက် ၂၇ဦးသာ အသက်ရှင်ခဲ့ကြောင်း ကာဇက်စတန်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အဇာဘိုင်ဂျန် လေကြောင်းလိုင်းပိုင် အဆိုပါခရီးသည်တင်လေယာဉ်သည် မြေပြင်နှင့်ထိရိုက်ပြီးနောက် ပေါက်ကွဲမီးလောင်ခဲ့ကြောင်း ကာဇက်စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျခဲ့ပြီးနောက် ကလေးသုံးဦးအပါအဝင် အသက်ရှင်ကျန်ရစ်သူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

ယင်းခရီးသည်တင်လေယာဉ်သည် ကာဇက်စတန်နိုင်ငံ အက်တူးမြို့နှင့် ၁ ဒသမ ၅ မိုင်အကွာ၌ အရေးပေါ်ဆင်းသက်ရန် ကြိုးစားနေစဉ် ပျက်ကျခဲ့ရခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ကာဇက်စတန် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟေတီပြည်သူ့ဆေးရုံသစ်ပြန်လည်ဖွင့်လှစ်မှု သတင်းစာရှင်းလင်းပွဲ၌ သေနတ်သမားများ၏တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူနှစ်ဦး သေဆုံး

**ပေါ်တိုပရင့်စ် ဒီဇင်ဘာ ၂၅**

ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့၌ ဟေတီ၏အကြီးဆုံးပြည်သူ့ဆေးရုံသစ်ပြန်လည်ဖွင့်လှစ်မှုသတင်းစာရှင်းလင်းပွဲကိုသေနတ်သမားများက ဒီဇင်ဘာ ၂၄ ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါသေနတ်သမားများသည် ဆေးရုံ ပြန်လည်ဖွင့်လှစ်မှု သတင်းစာရှင်းလင်းပွဲအတွက် စုရုံးရောက်ရှိနေသော သတင်းသမားများကိုပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့နေရာအတော်များများကို ထိန်းချုပ်ထားသည့် လက်နက်ကိုင်ဂိုဏ်းအုပ်စုများသည် ဟေတီအစိုးရကို ဆန့်ကျင်ကြောင်းပြသသည့်အနေဖြင့် ဆေးရုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။

သို့ဖြစ်ရာ ဟေတီအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ပြည်သူ့ဆေးရုံအများစုကို ပိတ်ထားခဲ့ရသည်။

ပေါ်တိုပရင့်စ် ပြည်သူ့ဆေးရုံကြီး သေနတ်ပစ်ခတ်မှုသည် ဆေးရုံပြန်လည်ဖွင့်လှစ်ပွဲအတွက် ဟေတီအစိုးရကျန်းမာရေးဝန်ကြီး သစ်မရောက်ရှိမီမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဟေတီအထွေထွေဆေးရုံကြီးအဖြစ် ထင်ရှားသော အဆိုပါ ပြည်သူ့ဆေးရုံသည် ဟေတီ၏ အကြီးဆုံး ပြည်သူ့ဆေးရုံဖြစ်ပြီး လက်နက်ကိုင်ဂိုဏ်းများ၏တိုက်ခိုက်မှုကြောင့် ယခုနှစ်မတ်လမှစ၍ ပိတ်ထားရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကွန်ဂို၌ တရားမဝင်ရွှေတူးမှုဖြင့် ဖမ်းဆီးခံထားရသော တရုတ်နိုင်ငံသား ၁၇ ဦးအနက် ၁၄ ဦး ပြန်လည်လွတ်မြောက်

**ကင်ရှာဆာ ဒီဇင်ဘာ ၂၅**

တရားမဝင်ရွှေတူးဖော်မှုလုပ်ငန်းလုပ်ကိုင်နေသူများအဖြစ် ယူဆရသည့် တရုတ်နိုင်ငံသား ၁၇ ဦးအနက် ၁၄ ဦးကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံက ပြန်လွှတ်ပေးခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကွန်ဂို တာဝန်ရှိသူများသည် အဆိုပါတရုတ်နိုင်ငံသား ၁၇ ဦးကို ကွန်ဂိုနှင့် ဘူရွန်ဒီတို့မှ တရားမဝင်ရွှေတူးသမားများနှင့်အတူ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တရားမဝင်ရွှေတူးဖော်မှုဖြင့် ဖမ်းဆီးခံထားရသူ တရုတ်နိုင်ငံသား ၁၇ ဦးအနက် ၁၄ ဦးကို ဒီဇင်ဘာ ၂၄ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်းကွန်ဂိုတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ပြန်လည် လွှတ်မြောက်လာသည့် တရုတ်နိုင်ငံသား ၁၄ ဦးမှာ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်းလည်း သိရသည်။

ဖမ်းဆီးခံခဲ့ရသည့် တရုတ်နိုင်ငံသားများသည် ကွန်ဂိုအစိုးရထံ အခွန်ကြွေးကျန်နှင့် ဒဏ်ငွေကြွေးကျန် အမေရိကန်ဒေါ်လာ ၁၀ သန်းထိ တင်ရှိနေဆဲဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။


တရားမဝင် ရွှေတူးဖော်မှုဖြင့် ဖမ်းဆီးခံထားရသော တရုတ်နိုင်ငံသားများ ပြန်လည်လွတ်မြောက်မှုနှင့်ပတ်သက်၍ ကွန်ဂိုနိုင်ငံဆိုင်ရာ တရုတ်သံရုံးက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Parker နေလေ့လာရေးအာကာသယာဉ်က နေမျက်နှာပြင်ကို စံချိန်တင်အနီးဆုံးအကွာအဝေးမှ ဖြတ်ကျော်ပျံသန်းခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ Parker နေလေ့လာရေး အာကာသယာဉ်သည် ဒီဇင်ဘာ ၂၄ ရက်တွင် နေမျက်နှာပြင်ကို စံချိန်တင် အနီးဆုံးအကွာအဝေးမှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် Paker နေလေ့လာရေး အာကာသယာဉ်သည် နေကို ၂၂ ကြိမ်မြောက် အနီးကပ် ဖြတ်ကျော်ပျံသန်းမှုအဖြစ် နေမျက်နှာပြင်ကို မိုင်ပေါင်း ၃ ဒသမ ၈ သန်း အကွာမှတစ်ဆင့် ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း နာဆာတာဝန်ရှိသူများက အတည်ပြုထားသည်။

ဒီဇင်ဘာ ၂၄ ရက် မစ်ရှင်အတွင်း Parker အာကာသယာဉ် ဖြတ်သန်းခဲ့သည့် အကွာအဝေးသည် မည်သည့်အာကာသယာဉ်ကမျှ ရောက်ဖူးခြင်းမရှိသည့် နေမျက်နှာပြင်နှင့် အနီးဆုံးအကွာအဝေးဖြစ်သည်။

နေကိုစံချိန်တင်အနီးဆုံးအကွာအဝေးမှ ဖြတ်ကျော်ရာတွင် Parker အာကာသယာဉ်အနေဖြင့် နေ၏ ဖျက်ဆီးမှုဒဏ်မှ ရှင်သန်လွတ်မြောက်ခဲ့ခြင်း ရှိ၊ မရှိကို လာမည့် ဒီဇင်ဘာ ၂၇ ရက်တွင် အတည်ပြုနိုင်မည်ဖြစ်သည်။

နေမျက်နှာပြင်ကို အနီးဆုံး မှတ်မှ ဖြတ်ကျော်ပျံသန်းစဉ် Parker နေလေ့လာရေးအာကာသယာဉ်သည် ၁၈၀၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိသော အပူဒဏ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

Parker နေလေ့လာရေး အာကာသယာဉ်ကို နေကို အနည်းဆုံး ၂၄ ကြိမ်ထိ ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ရှေးခေတ်အမွေးထူဆင်တစ်ကောင်၏ ပျက်စီးမှုအနည်းဆုံးရုပ်ကြွင်းကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယား အေးခဲမြေလွှာဒေသတစ်ခု၌ တူးဖော်တွေ့ရှိထား

**မော်စကို ဒီဇင်ဘာ ၂၅**

ရှေးခေတ် အမွေးထူဆင်တစ်ကောင်၏ ပျက်စီးမှုအနည်းဆုံးရုပ်ကြွင်းကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယား အေးခဲမြေလွှာဒေသတစ်ခု၌ တူးဖော်တွေ့ရှိခဲ့ရကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ အမွေးထူဆင်ရုပ်ကြွင်း၏သက်တမ်းမှာ နှစ်ပေါင်း ၅၀၀၀၀ ထိရှိပြီး အသက်တစ်နှစ်အရွယ်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

ငရဲခံတွင်းပေါက်ဟူ၍ နာမည်ကျော်ကြားသော ဆိုက်ဘေးရီးယား ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ တွေ့ရှိခဲ့သော အဆိုပါအမွေးထူဆင်ရုပ်ကြွင်းကို ယာနာဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။



ယာနာအမွေးထူဆင်ရုပ်ကြွင်းသည် ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိထားသမျှ အမွေးထူဆင်ပေါက်ရုပ်ကြွင်းများအနက် အပျက်အစီးအနည်းဆုံးဖြစ်ကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံးတွင် ရှေးခေတ်အမွေးထူဆင်ပေါက် ရုပ်ကြွင်း ခုနစ်ခုတွေ့ရှိထားရာ ခြောက်ခုမှာ ရုရှားနိုင်ငံ၌ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမွေးထူဆင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀၀၀ နှင့် ၁၀၀၀၀ ကြားကာလအတွင်း ရှင်သန်ခဲ့ကြပြီး ယခုအခါ မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## HD 101581 ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်း ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

HD 101581 အမည်ရှိ ကြယ်တစ်စင်းအား ဗဟိုပြုလှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၄ ရက်သတင်းများအရ သိရသည်။

အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းသည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက် အနည်းငယ်ပိုသေးငယ်ကြကြောင်း မက်ဆာချူးဆက် တက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဂြိုဟ်သစ်နှစ်စင်းကို HD 101581 b နှင့် HD 101581 C ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

၎င်းဂြိုဟ်သစ်နှစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်တု၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်နှစ်စင်းသည် မိခင်ကြယ်ဖြစ်သည့် HD 101581 ကြယ်ကို အနီးကပ်လှည့်ပတ်လျက်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် လွှတ်တင်ခဲ့သော တက်စ်ဂြိုဟ်တုသည် ကြယ်အစင်းပေါင်း ၂၀၀၀၀၀ ကျော်ကို လေ့လာခဲ့ပြီး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ် ၅၈၉ စင်းကို ရှာဖွေပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## တစ်ရက်လျှင် ကော်ဖီလေးခွက်ထိသောက်ပါက လည်ပင်းနှင့်ဦးခေါင်းကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၅**

တစ်ရက်လျှင် ကော်ဖီလေးခွက်ထိ သောက်သုံးခြင်းဖြင့် လည်ပင်းနှင့် ဦးခေါင်းကင်ဆာ ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အစားအစာစားသုံးမှုနှင့်လည်ပင်းကင်ဆာ၊ ခံတွင်းကင်ဆာ စသည့် ဦးခေါင်းပိုင်းကင်ဆာရောဂါများ ရှိ၊ မရှိနှင့် ပတ်သက်၍ ပြုလုပ်ထားသော လေ့လာချက် ၁၄ ခုမှ ပေါ်ထွက်လာသည့် အချက်အလက်များကို ပြန်လည်ဆန်းစစ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ရက်လျှင် ကော်ဖီလေးခွက်ထိ သောက်သုံးခဲ့ပါက ဦးခေါင်းနှင့်လည်ပင်းကင်ဆာရောဂါများဖြစ်နိုင်ခြေ ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်ကော်ဖီလေးခွက်နှင့်အထက် သောက်သုံးသူများတွင် ဦးခေါင်းကင်ဆာနှင့် လည်ပင်းကင်ဆာဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း ကျဆင်းသွားတတ်ကြောင်း သိရသည်။

ကော်ဖီတွင် ပါဝင်သော ကင်ဆာတိုက်ဖျက်ရေးဓာတ်များနှင့်ရောင်ရမ်းမှု တိုက်ဖျက်ရေးဓာတ်တို့သည် သောက်သုံးသူများကို ကင်ဆာဖြစ်ပွားစေတတ်သည့် ဓာတုပစ္စည်းများ၏ အကျိုးသက်ရောက်မှုများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဦးခေါင်းကင်ဆာ ရောဂါနှင့် လည်ပင်းကင်ဆာရောဂါများသည် ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲသူ၊ အရက်သေစာသောက်စားသူများ၌ ဖြစ်နိုင်ခြေမြင့်မားတတ်သော ကင်ဆာရောဂါများဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## သီတင်းတစ်ပတ်လျှင် ပန်းသီးလေးလုံးစားခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေကို လျှော့ချနိုင်

**ပေကျင်း ဒီဇင်ဘာ ၂၅**

သီတင်းတစ်ပတ်လျှင် ပန်းသီးလေးလုံးမျှ စားပေးခြင်းဖြင့် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၄၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ယန်ကျိတက္ကသိုလ်မှ သုတေသနပညာရှင်များသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုနှုန်းမြင့်မားသော သက်လတ်ပိုင်းအရွယ် အမျိုးသား၊ အမျိုးသမီး ၂၁၈၄ ဦးတို့ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့လာမှုတွင် ပါဝင်သူများအနက် သီတင်းတစ်ပတ်လျှင် ပန်းသီးသုံးလုံးမှ လေးလုံးထိ စားသုံးသူများမှာ မစားသူများထက် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ၃၉ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပန်းသီးကဲ့သို့ပင် ငှက်ပျောသီးပုံမှန်စားသူများတွင်လည်း နှလုံးပြဿနာကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် နည်းပါးလာတတ်ကြောင်း၊ ငှက်ပျောသီးကို နေ့စဉ်စားသုံးပါက နှလုံးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေမှာ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုမိုကျဆင်းလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**






## နည်းပြပါရဲရားကို ထုတ်ပယ်ကြောင်း စပို့တင်းလစ္စဘွန်းအသင်း ကြေညာ

**လစ္စဘွန်း ဒီဇင်ဘာ ၂၅**

စပို့တင်းလစ္စဘွန်း အသင်းသည် နည်းပြအာမိုရင်နေရာတွင် အစားထိုးခန့်အပ်ခဲ့သည့် နည်းပြပါရဲရားကို အသင်းမှ ထုတ်ပယ်ကြောင်း ကြေညာခဲ့သည်။

နည်းပြအာမိုရင်သည် စပို့တင်းလစ္စဘွန်းအသင်းကို လေးနှစ်ကြာတာဝန်ယူပြီးနောက် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သောကြောင့် လစ်လပ်နေသောနည်းပြနေရာတွင် အသင်းတာဝန်ရှိသူများက လူငယ်အသင်းနည်းပြ ပါရဲရားကို ပြန်လည်ခန့်အပ်ခဲ့သည်။

နည်းပြပါရဲရားသည် နိုဝင်ဘာ ၁၁ ရက်က စပို့တင်းလစ္စဘွန်းအသင်းနည်းပြအဖြစ် ခန့်အပ်ခံရကာ အသင်းကိုတာဝန်ယူခဲ့သည့် လေးပွဲတွင် တစ်ပွဲသာအနိုင်ရခဲ့ပြီး ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘရူဂျက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် တစ်လအကြာတွင် အသင်းနည်းပြ ရာထူးမှထုတ်ပယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

စပို့တင်းလစ္စဘွန်း အသင်းသည် လာမည့်တနင်္ဂနွေနေ့တွင် ကစားမည့် ဘင်ဖီကာအသင်းနှင့် ပွဲစဉ်တွင် လက်ထောက်နည်းပြကိုသာ တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**



## ပရီးမီးယားလိဂ် ပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

STA

**အာဆင်နယ် Vs အစ်ဗာ့တန်**

ကစားမည့်ရက်/အချိန် (၂၈-၁၂-၂၀၂၄ နံနက် ၀၂:၄၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အာဆင်နယ် ၃ - ၀ အစ်ဗာ့တန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | - | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| အစ်ဗာ့တန် | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

အာဆင်နယ်အသင်းအတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ အစ်ဗာ့တန်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ အဝေးကွင်းမှာ အာဆင်နယ်အသင်းကို ပွဲချိန်ပြည့်ရင်ဆိုင်နိုင်ဖို့အတွက် ခက်ခဲနေမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော ခြေစွမ်းပိုင်းပါ အသာစီးမှာရှိနေတဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

**ခန့်မှန်းရလဒ် - အာဆင်နယ် ၂ - ၀ အစ်ဗာ့တန်**

### အားကစားသတင်းအတိုအထွာများ

- ❑ အဲဗာတန်အသင်းက ၂၀၂၇ ခုနှစ်ထိစာချုပ်သက်တမ်းကျန်ရှိနေသည့် ဂိုးသမားပစ်ဖို့ဒ်ကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ❑ ဘရာဇီးကလပ်ဘိုကာဂျူနီယာအသင်းမှ ဂိုးသမား လီအန်ဒရိုကို အာဆင်နယ်အသင်းကခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ ချဲလ်ဆီးအသင်းအနေဖြင့် ဝင်ငွေထွက်ငွေစည်းမျဉ်းကို ကျော်ဖြတ်နိုင်ရန် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမား ၁၁ ဦးထိ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။
- ❑ ချူအာမန်နီကို ခေါ်ယူမည်ဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြစလော့ကထုတ်ပြန်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ရောင်းချရန်မဆုံးဖြတ်ရသေးကြောင်း ပြောကြားခဲ့သည်။ ML

## WBA ဘင်တန်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ဗာဂတ်စ်က လက်ရှိချန်ပီယံ ဆူဆူမီကို စိန်ခေါ်သွားမည်ဟု ထုတ်ပြန်



**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

WBA ဘင်တန်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံဖြစ်လာသည့် အမေရိကန်လက်ဝှေ့သမား ဗာဂတ်စ်သည် WBA ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဂျပန်လက်ဝှေ့သမား ဆူဆူမီကို စိန်ခေါ်နိုင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဗာဂတ်စ်သည် WBA ဘင်တန်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံဆုကို ဒီဇင်ဘာ ၁၃ ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် နီကာရာဂွါ လက်ဝှေ့သမား ဂွီရဲရိုကို အနိုင်ထိုးသတ်ကာ ယာယီကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

ဗာဂတ်စ်သည် ရှုံးပွဲမရှိသေးသည့် ဂွီရဲရိုကို ပထမဆုံးသော ရှုံးပွဲဖြင့် ကြုံတွေ့စေခဲ့သူဖြစ်ပြီး ၎င်းအနေဖြင့် အဆင့်တစ်ခုကိုရောက်ရှိနေပြီဖြစ်သည့်အတွက် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ရန် အဆင်သင့်ဖြစ်နေကြောင်းလည်း ပြောကြားခဲ့သည်။

ဗာဂတ်စ်အနေဖြင့် WBA ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဆူဆူမီကို စိန်ခေါ်ထိုးသတ်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်ပြင်ဆင်နေပြီး ၂၀၂၅ ခုနှစ်အစောပိုင်းတွင် စိန်ခေါ်ပွဲထိုးသတ်ဖြစ်မည်ဟုယုံကြည်ကြောင်း ဗာဂတ်စ်က ပြောကြားခဲ့သည်။

ဗာဂတ်စ်က "ကျွန်တော်အနေနဲ့ ယာယီကမ္ဘာ့ချန်ပီယံဆိုတဲ့ဆုကို အကောင်းဆုံးရလဒ်နဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ဂွီရဲရိုလိုပြိုင်ဘက်မျိုးကိုဒီလိုရလဒ်နဲ့ အနိုင်ယူနိုင်ခဲ့တာကြောင့်လဲ ကျွန်တော့်အနေနဲ့ ယုံကြည်မှုပိုင်းကတော့ အကောင်းဆုံးအဆင့်ကို ရောက်နေပါတယ်။ ကမ္ဘာ့ချန်ပီယံဆုကို ယူဖို့အတွက် စိတ်အား ထက်သန်နေပါတယ်။ ဒါကြောင့်လဲ လက်ရှိချန်ပီယံဖြစ်တဲ့ ဆူဆူမီနဲ့ ထိုးသတ်သွားဖို့ ဆုံးဖြတ်ထားတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေကိုလဲ အမြန်ဆုံးပြုလုပ်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## ကာဆင်ပါဆာအသင်းခံစစ်ကစားသမား အိုဇကန်ကို အေဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဒီဇင်ဘာ ၂၅**

အေဗီလာအသင်းသည် တူကီယဲကလပ် ကာဆင်ပါဆာအသင်းတွင် ခြေစွမ်းပြသနေသည့် ခံစစ်ကစားသမား အိုဇကန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ခြောက်သန်းကျော်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အေဗီလာအသင်းသည် ကစားသမားနှင့် နောက်ဆုံးသဘောတူညီမှုရရှိခဲ့သည့်အတွက် ဆေးစစ်မှုခံယူရန် ကျန်ရှိတော့ပြီး လာမည့်ရက်သတ္တပတ် အပြောင်းအရွှေ့ကာလဖွင့်လှစ်ချိန်၌ အသင်းသို့ ရောက်ရှိမည်ဖြစ်ကာ အိုဇကန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆ ဒသမ ၆ သန်း အသုံးပြုခဲ့ရသည်။

လက်ရှိ ကာဆင်ပါဆာအသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၅၂၀၀ သာရရှိနေသည့် အိုဇကန်သည် အေဗီလာအသင်းနှင့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

အိုဇကန်သည်ယခုနှစ်ဘောလုံးရာသီ ကာဆင်ပါဆာအသင်းတွင် ပြိုင်စုံ ၁၆ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး Clean Sheet ငါးကြိမ်ထိရယူနိုင်ခဲ့သောကြောင့် အေဗီလာအသင်းက ထိပ်သီးအသင်းများနှင့်ပြိုင်၍ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်ခြောက်နေရာ၌ ရပ်တည်လျက်ရှိနေကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့်တက်ရောက်ရန် သေချာနေသဖြင့် ခံစစ်ကစားသမား အိုဇကန်ကို ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုဇကန်သည် အေဗီလာအသင်း ခံစစ်ပိုင်းတွင် ပါအူတောရက်စ်၊ တိုင်ရိုမင့်တို့နှင့် ပွဲထွက်ခွင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

## လီဗာပူးအသင်းက ဗန်ဒိုက်ကို ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီ သက်တမ်းတိုးနိုင်ခြင်းမရှိပါက ရောင်းချရန်ပြင်ဆင်

**လန်ဒန် ဒီဇင်ဘာ ၂၅**

လီဗာပူးအသင်းက အသင်းမှ အဓိကခံစစ်ကစားသမား ဗန်ဒိုက်ကို လာမည့်ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလ မတိုင်မီ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်း မရှိပါက ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင်ပင် ရောင်းချရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဗန်ဒိုက်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ လီဗာပူးအသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သည့်အပြင် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံးခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

ဗန်ဒိုက်သည် လီဗာပူးအသင်းတွင် ဟတ်ဒါဆန်ထွက်ခွာခဲ့ချိန်တွင်လည်း အသင်းခေါင်းဆောင်အဖြစ် အသင်းကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ လက်ရှိအချိန်ထိသက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာနေခြင်းဖြစ်သည်။



လီဗာပူးအသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် အစောပိုင်းကတည်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ညှိနှိုင်းမှု အဆင်မပြေဖြစ်ပြီး ကြန့်ကြာနေသည့်အတွက် လီဗာပူးအသင်းက ဗန်ဒိုက်ကို လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလမတိုင်မီ အပြီးသတ်စာချုပ်ချုပ်ဆိုရန်ကြိုးပမ်းနေသည်။

လီဗာပူးအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီ ဗန်ဒိုက်ကို သက်တမ်းတိုး စာချုပ်အတွက် အဖြေပေးရန် အချိန်ပေးထားပြီး ညှိနှိုင်းမှု အဆင်မပြေခဲ့ပါက လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# နာပိုလီအသင်းက အိုစီမန်နှင့် ရက်ရှ်ဖို့ဒ်တို့ကို ကစားသမားချင်း တိုက်ရိုက်အလဲအထပ်ဖြင့် ကမ်းလှမ်းလာပါက လက်ခံသွားဖွယ်ရှိနေ




**ရောမ ဒီဇင်ဘာ ၂၅**

နာပိုလီအသင်းက မန်ယူအသင်းအလိုရှိနေသည့် အိုစီမန်အတွက် ရက်ရှ်ဖို့ဒ်နှင့် ကစားသမားချင်း တိုက်ရိုက်အလဲအထပ်ပြုလုပ်ပြီး ကမ်းလှမ်းလာမည်ဆိုပါက လက်ခံသွားဖွယ်ရှိနေကြောင်း သိရသည်။

မန်ယူအသင်းသည် အသင်းအထောင် တိုက်စစ်ပိုင်းအတွက် ဟိုက်လန်း၊ ဇက်ခ်ဇီးတို့ရှိနေသော်လည်း ၎င်းတို့အနေဖြင့် အဆုံးသတ်ပိုင်းတွင် လိုအပ်ချက်များရှိနေသည့်အတွက် နည်းပြအာမိုရင်က အသင်း အထောင်တိုက်စစ်ပိုင်းအတွက် အိုစီမန်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

မန်ယူအသင်း တိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်အနေဖြင့် ခြေစွမ်းပြသနိုင်ရန်ရုန်းကန်နေရပြီး နည်းပြအာမိုရင်လက်အောက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သည့်အပြင် နောက်ဆုံးကစားခဲ့သည့် သုံးပွဲတွင်လည်း အသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေသည်။

အိုစီမန်သည်လည်း နာပိုလီအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ထိပ်တန်းတိုက်စစ်ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဂါလာတာစာရေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

နာပိုလီအသင်းက ရက်ရှ်ဖို့ဒ်နှင့် အိုစီမန်တို့ကို ကစားသမားချင်း တိုက်ရိုက်အလဲအထပ်လုပ်ဆောင်လိုနေသကဲ့သို့ မန်ယူအသင်းကလည်း နည်းပြအာမိုရင် အလိုရှိနေသည့်အိုစီမန်အတွက် ရက်ရှ်ဖို့ဒ်နှင့် ကစားသမားချင်းအလဲအထပ်လုပ်ဆောင် လိုနေသောကြောင့် ၎င်းတို့နှစ်ဦးကြားအပြောင်းအရွှေ့ဖြစ်မြောက်ရန် နီးစပ်နေသော်လည်း အိုစီမန်အနေဖြင့် ဂါလာတာစာရေးအသင်းနှင့် ရာသီကုန်ထိ စာချုပ်သက်တမ်းကျန်ရှိနေသည့်အတွက် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလမှသာဖြစ်မြောက်ဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# အယ်ကာရက်ဇ်နှင့် လမ်းခွဲမည့်သတင်းများကို နည်းပြ ဖာရီရို ငြင်းဆို

**မက်ဒရစ် ဒီဇင်ဘာ ၂၅**

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်၏ နည်းပြ ဖာရီရိုက အယ်ကာရက်ဇ်နှင့် လမ်းခွဲတော့မည်ဟုထွက်ပေါ်နေသည့် သတင်းများမှာမှန်ကန်မှုမရှိဘဲ အယ်ကာရက်ဇ်၏ နည်းပြအဖြစ် ဆက်ရှိနေမည်ဟု ယနေ့တွင် ပြောကြားခဲ့သည်။

ဖာရီရိုသည် ကစားသမားဘဝ၌သာမက နည်းပြဘဝတွင်လည်း အောင်မြင်မှုရရှိနေသည့် နည်းပြတစ်ဦးဖြစ်ပြီး ကစားသမားဘဝက ကမ္ဘာ့အဆင့်(၁)နေရာကိုပါ တက်ရောက်ခဲ့ဖူးသည့် ဖာရီရိုသည် အယ်ကာရက်ဇ်၏ နည်းပြအဖြစ် အယ်ကာရက်ဇ် အသက် ၁၅ နှစ်ကတည်းက တာဝန်ယူခဲ့သူဖြစ်သည်။

အယ်ကာရက်ဇ်ကိုလည်းဂရန်းစလန်းချန်ပီယံဆုဖလားလေးလုံးထိ ဆွတ်ခူးနိုင်အောင် နည်းပြပေးထားနိုင်သူဖြစ်သော်လည်း အယ်ကာရက်ဇ်အနေဖြင့် ယခုနှစ်တင်းနစ်ရာသီတွင် အောင်မြင်မှုများရယူနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်နေကြောင်းသတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် နည်းပြအဖွဲ့ဝင်အဖြစ် စပိန်တင်းနစ်ကစားသမားဟောင်း ဆမ်မြူရယ်လိုပက်ဇ်ကို ထပ်မံအင်အားဖြည့်တင်းခန့်အပ်ခဲ့ပြီး ဖာရီရိုနှင့် တွဲဖက်ကာ အယ်ကာရက်ဇ်၏ နည်းပြအဖြစ် တာဝန်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL




# 2024 Asian Youth & Junior Championshipsအလေးမပြိုင်ပွဲ ၁၀၉ ကီလိုဝိတ်တန်း၌ အရီယာက ရွှေတံဆိပ်ဆုဆွတ်ခူး

**ဒိုဟာ ဒီဇင်ဘာ ၂၅**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် 2024 Asian Youth&Junior Championships အလေးမပြိုင်ပွဲ၏ ၁၀၉ ကီလိုဝိတ်တန်းတွင် အီရန်အလေးမကစားသမား အရီယာက ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

2024 Asian Youth & Junior Championships ပြိုင်ပွဲတွင် အလေးမပြိုင်ပွဲကို မတူညီသောဝိတ် တန်း ၄၀ ထိ ကျင်းပပေးနေပြီး အသက် ၁၅ နှစ်မှ ၂၀ နှစ်ကြား ကစားသမားများပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

၁၀၉ ကီလိုဝိတ်တန်းတွင် အရီယာက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး အီရန်အလေးမကစားသမား ဟက်ဆန်အမ်မာဒီက ငွေတံဆိပ်ဆွတ်ခူးရရှိကာ ဥဇဘက်ကစ္စတန်အလေးမကစားသမား ဆာလင်မ်ဂျိုနော့ဖ်က ကြေးတံဆိပ်ဆွတ် ခူးနိုင်ခဲ့သည်။

၁၀၂ ကီလိုဝိတ်တန်းအလေးမပြိုင်ပွဲတွင်လည်း အီရန်အလေးမ ကစားသမားများ ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြပြီး ၁၀၂ ကီလိုဝိတ်တန်းအလေးမပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို တဒ့ခ်မင်နစ္စတန်အလေးမကစားသမားမက်ယာကူဘော့ဖ်က ဆွတ်ခူးခဲ့ပြီး အီရန်အလေးမကစားသမားများဖြစ်ကြသည့် အလီရီဇာက ငွေတံဆိပ်နှင့်အဘိုလ်ဖက်ဇ်က ကြေးတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

၉၆ ကီလိုဝိတ်တန်းတွင်လည်း အီရန်အလေးမ ကစားသမားများဖြစ်ကြသည့် အမီရ်ဟိုစိန်က ငွေတံဆိပ်နှင့် အက်ဖန်ဒီအာရီက ကြေးတံဆိပ် ဆွတ်ခူးခဲ့ကြပြီး ကာဇက်စတန် အလေးမကစားသမား ပိုလီဘိုယာရီနော့ဖ်က ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

၈၉ ကီလိုဝိတ်တန်းတွင် အီရန်အလေးမကစားသမားများဖြစ်ကြသည့် အီလီယာက ငွေတံဆိပ်၊ အလီရီဇာက ကြေးတံဆိပ်နှင့် ရွှေတံဆိပ်ကို ကာဇက်စတန်အလေးမကစားသမား ချာကင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဘာစီလိုနာအသင်းက မစ်ချယ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေ

**မက်ဒရစ် ဒီဇင်ဘာ ၂၅**

ဘာစီလိုနာအသင်းက ပဲလေ့စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား မစ်ချယ်ကို ရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဘာစီလိုနာအသင်းက အသင်းဘဏ္ဍာရေး အကျပ်အတည်းကြောင့် အပြောင်းအရွှေ့ကာလများတွင် ကစားသမားများကို ပြောင်းရွှေ့ကြေးပေးပြီးခေါ်ယူရေးထက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် ကစားသမားများကိုသာ ပစ်မှတ်ထားနေခြင်းဖြစ်သည်။

မစ်ချယ်သည် ပဲလေ့စ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်ကာ ပဲလေ့စ်အသင်းနှင့် စတင် ပါဝင်ကစားခဲ့သူဖြစ်ကာ အသင်း ဘယ်တောင်ပံခံစစ်နေရာတွင် အကောင်းဆုံးကစားနိုင်သူဖြစ်ပြီး နောက်ပိုင်းဘောလုံးရာသီများတွင် ပဲလေ့စ်အသင်းခံစစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသနေသူဖြစ်သည်။

ပဲလေ့စ်အသင်းက အဓိက ကစားသမားတစ်ဦးကိုလက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေသော်လည်း မစ်ချယ်ကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုနေသည့်အတွက် ရာသီအကုန်တွင် ထိပ်တန်းအသင်းတစ်သင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားလိုနေသောကြောင့် ဘာစီလိုနာအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အခွင့်အရေးရှိနေသည့်အတွက် ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်မစ်ချယ်ကို ဘာစီလိုနာအသင်းအပြင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများကလည်း အရခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# အာဆင်နယ်အသင်းက ပီအက်စ်ဂျီအသင်းမှ မူအာနီကိုခေါ်ယူရန် ပြင်ဆင်နေ




**လန်ဒန် ဒီဇင်ဘာ ၂၅**

အာဆင်နယ် အသင်းက အသင်းမှ အဓိကတောင်ပံကစားသမား ဆာကာအနေဖြင့် တံကောက်ကြော ဒဏ်ရာကြောင့် အနည်းဆုံးရက်သတ္တ ရှစ်ပတ်ခန့်ထိအနားယူရမည့် အခြေအနေကြောင့် ပီအက်စ်ဂျီအသင်းမှ မူအာနီကို ခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

ဆာကာသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းတောင်ပံတိုက်စစ်ပိုင်း၌ အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် အာဆင်နယ်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၌ တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး ရက်သတ္တ ရှစ်ပတ်ခန့်ထိ အနားယူရမည်ဖြစ်ကာ လာမည့် ၂၀၂၅ ခုနှစ် မတ်လပိုင်းမှသာ ပြန်လည်ကစားနိုင်မည့် အခြေအနေများကြောင့် အာဆင်နယ်အသင်းက တောင်ပံ တိုက်စစ်နေရာအတွက် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေကာလတွင် အင်အားဖြည့်တင်းရန်ပြင်ဆင်နေသည်။

မူအာနီသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကမြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၇၅သန်းအပြင် အပိုဆုကြေး ယူရို ၁၅ သန်းဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နည်းပြ အင်နရစ် လက်အောက်တွင်ပွဲကစားခွင့်မရရှိခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ်သာပါဝင်ခွင့်ရရှိခဲ့ကာ လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလ၌ ပီအက်စ်ဂျီအသင်းက ၎င်းကိုပြန်လည်ရောင်းချလိုနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မူအာနီကို အပြီးသတ်မရောင်းချနိုင်ပါက ရာသီကုန်ထိအငှားစာချုပ်ဖြင့် စေလွှတ်သွားမည်ဖြစ်ပြီး အာဆင်နယ်အသင်းကလည်း အသင်းတောင်ပံ တိုက်စစ်နေရာတွင် အင်အားဖြည့်တင်းလိုနေသည့်အတွက် မူအာနီကို ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# သူတို့ ကျွန်ုပ်တို့နှင့် ဆရာကြီး သခင်ါ

## ခိုင်(မိတ္ထီလာ)



စာရေးဆရာကြီး သခင်ါ

အဘိုးမရှိတော့သည်မှာ ဆယ်စုနှစ် သုံးစုမျှရှိချေပြီ။ သို့သော် အဘိုးစာများကိုဖတ်ရစဉ် အနားတွင် အဘိုးထိုင်ပြောနေဘိသို့ သက်ဝင်ခံစားနေရ၏။ စာများမှတစ်ဆင့် အဘိုး၏ လေယူလေသိမ်း၊ အဘိုး၏ ဟန်ပန်အမူအရာတို့သည် ယခင်ကလို ရှင်သန်နေဆဲပါပေ။ အဘိုး၏အငွေ့အသက်များသည် အဘိုးရေးသောစာများတွင် ရစ်သိုင်းခိုဝင်နေဆဲပါပေ။ အဘိုး၏ ဖွဲ့၊ သတ္တိ၊ အဘိုး၏အားမာန်တို့ကို သမိုင်းတင်နိုင်ခဲ့သော အဘိုး၏လက်ရာ စာကဗျာများကို အဘိုးကဲ့သို့ ကျွန်မရိုကျိုးစွာတန်ဖိုးထားမိပါသည်။ ၎င်းတို့အနက် "ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ဟံသာဝတီဦးဘရင်၊ မာဃ၊ မဟာဆွေ၊ ဇဝန၊ မြမျိုးလွင်၊ ဒဂုန်နတ်ရှင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ စောဦး၊ ရန်အောင်၊ ရဲထွဋ်၊ ဣန္ဒာနွယ်၊ ခင်မျိုးချစ်၊ သိပ္ပံကျော်ထင်၊ မင်းဆွေ၊ ထွန်းသိဂ်ၤ၊ မြို့မမောင်၊ မြစလွယ်၊ ဒဂုန်ခင်ခင်လေး၊ ဗမာ့ခေတ်ဦးအုန်းခင်၊ ဇေယျာ၊ ညာဏ၊ ပီမိုးနင်း၊ သခင်ါ စသောစာရေးဆရာကြီး ၂၅ ဦးတို့၏အကြောင်းများကို ဆရာကြီးသခင်ါက ကိုယ်တွေ့နှင့်ယှဉ်သောအမှတ်တရဖြစ်စဉ်များဖြင့် ရေးသားထားသောစာအုပ်ကြီးဟု ဖွင့်ဆိုထားသည့် "သူတို့ ကျွန်ုပ်တို့အကြောင်း"စာအုပ်မှာ အဘိုးကြိုးစားအားထုတ်ပြုစုထားသော သမိုင်းမှတ်တမ်းတစ်ဆူဖြစ်ပါသည်။

"ရှေးက စာရေးဆရာတွေရဲ့အကြောင်းတွေကို သိတဲ့မိတဲ့လူတွေက မရေးဘဲနေရင် တော်ကြာ တိမ်မြုပ်ပျောက်ကွယ်သွားမှာပေ့ါ။ နောက် ဒါတွေကို ဘယ်သူမှသိကြမှာမဟုတ်ဘူး။ အဲဒါ စာပေရဲ့ဆုံးရှုံးနစ်နာချက်ပဲ"ဟူသော နတ်မောက်ဘုန်းကျော်၏ ပြောစကားဖြင့် စာရေးဆရာကြီး သခင်ါ၏ သူတို့ ကျွန်ုပ်တို့အကြောင်းစာအုပ်ရေးသားရခြင်း၏ အန္တိမ ရည်ရွယ်ချက်ကို သိရှိရသည်။

ကမ္ဘာ့စာပေတွင်လည်း ဂန္ထဝင်မှတ်တမ်းကြီးများမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက တစ်ထိုင်တည်း တစ်ချိန်တည်း ရေးသားခဲ့ကြသည်မဟုတ်ဘဲ တစ်လက်မှ တစ်လက်ပြောင်းကာ တစ်ဦးထံတစ်ဦး မေးမြန်းမှတ်သား၍ အနှစ်နှစ်အလလစုဆောင်းရာမှ နောက်ဆုံးဂန္ထဝင်စာပေမှတ်တမ်းကြီးများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ကြောင်း စာရေးသူ၏အမှာတွင် သုံးသပ်ဖော်ပြထားသည်။

မည်သို့ဆိုစေ ဆရာကြီးသခင်ါ၏ သူတို့ ကျွန်ုပ်တို့အကြောင်းစာအုပ်ပါ အကြောင်းအချက်များသည် ကိုယ်တွေ့နှင့်ယှဉ်၍ ရေးသားဖော်ပြချက်များဖြစ်သဖြင့် စာဟန်သွက်လက်ပြီး စိတ်ဝင်စားဖွယ်လည်းကောင်း၊ အသက်လည်းဝင်နေသည်ကား ဖတ်ပြီးသူတိုင်း ခံစားနိုင်သောအချက်ဖြစ်ပေသည်။

ဆရာဒဂုန်ရွှေမျှားအကြောင်း ဖော်ပြချက်တွင် အပြုအစု အနုအလှကြိုက်လှသော တို့ဆရာဟု ကမ္ပည်းတပ်ထား၏။ "ကြည်တော်မူထုတ်တုန်းက အသိမိတ်ဆွေစာရေးဝါသနာပါတဲ့ လူတစ်ယောက်က ဝတ္ထုလား၊ ဆောင်းပါးလား မမှတ်မိတော့ပါဘူး။ ဒီကလောင်နာမည်နဲ့ရေးလာတယ်ဗျ။ ကျွန်တော်က ဒီနာမည်လေးကိုကြိုက်တော့ ဒီနာမည်ကို ကျုပ်ပေးဗျာဆိုပြီး သူ့ဆီက တောင်းယူလိုက်တာပဲ။ ဟဲ…ဟဲ နောက်လည်း ဒီလူက ဆက်မရေးတော့ပါဘူး။ ဒဂုန်ရွှေမျှားဆိုတာကတော့ ဒဂုန်မှာရေးမှ နောက်တပ်တဲ့ နာမည်ပေ့ါဗျာ"ဟု ကလောင်အမည်တပ်ပုံကို ဆရာရွှေမျှား ရှင်းပြပါသည်။

ဆရာသခင်ါသည် ထိုခေတ်ကာလ၏ နောက်ခံခေတ်ကြေးမုံကိုလည်း "အမှန်အားဖြင့် ဘယ်အခါကမှ ဣန္ဒြေရရ စိတ်ချလက်ချနှင့် တည်ငြိမ်သောဘဝကို မရခဲ့သော စာရေးဆရာများ၏ဘဝမှာ စစ်ကြိုခေတ်က ယခုထက်ပင် ပို၍နိမ့်ကျသောအခြေအနေမျိုးနှင့် ကြုံခဲ့ရသည်။ တော်ရုံဆင်းရဲဒုက္ခကိုမခံနိုင်သော ဆရာများသည် ရန်ကုန်တွင်မနေနိုင်ဘဲ မိမိတို့နေရပ်(တော)သို့ ပြန်ပြေးရသူချည်းများဖြစ်ကြ၏"ဟု ဖော်ပြ၏။ စစ်ကြီးဖြစ်ခါနီး နဂါးနီဂျာနယ်တိုက်မှ ထုတ်ဝေသော ဆရာ၏ ရတနာဒီပ (Treasure Island) ဝတ္ထုရေးခငွေများကို လာရောက်ထုတ်သည့်အခါတွင်လည်းကောင်း၊ ဘားလမ်းသူဇာဝတ္ထုတိုက်မှ ရိုက်နှိပ်သော သံခေါင်းစွပ်မင်းသား(၁၀ ပဲတန်)ဝတ္ထုအတွက် ငွေလာထုတ်စဉ်ကလည်းကောင်း ကျွန်ုပ်တို့အိမ်သို့ ရောက်လာခဲ့သည်။

ထိုဝတ္ထုနှင့်ပတ်သက်၍ "အဲဒီ သံခေါင်းစွပ်မင်းသားဝတ္ထုဟာ ကျွန်တော့်ကို အကျိုးအပေးဆုံးဝတ္ထုပဲဗျ။ ပထမ သူဇာက ထုတ်တယ်။ နောက် စစ်ပြီးခေတ်မှာ(မြ)က ထုတ်တယ်။ နောက် အောင်ကျော်ဖလင်က ရုပ်ရှင်ရိုက်ဖို့ဝယ်တယ်။ သူကချည်း ကျုပ်ကို ၃-၄ ထောင် စားဖို့သောက်ဖို့ပေးခဲ့တာပေ့ါဗျာ"ဟု စစ်ပြီးခေတ်တွင် ဆရာပြောဖူးသေးသည်။ စာရေးဆရာများထဲတွင် အသက် ၇၀ ကျော် အိုကံကောင်းသော ဆရာသမားကြီး သုံးဦးရှိသည်ဟူ၍ ဆရာကြီးရွှေဥဒေါင်း၊ ဆရာ ဟံသာဝတီဦးဘရင်နှင့် ဆရာ ဒဂုန်ရွှေမျှားတို့ကို ညွှန်းသည်။ စစ်ကြိုခေတ်က ဆရာဒဂုန်ရွှေမျှား၏ဝတ္ထုများကို ပြန်လည်ရိုက်နှိပ်သူများပေါ်လာသည်ဟု ဆိုသည်။ ဆရာကြီးရွှေဥဒေါင်းလည်း အလားတူဖြစ်သည်ဆို၏။

ဆရာသခင်ါက သူ၏ဆရာသုံးဦးကို သုံးသပ်ရာ၌ ထူးခြားချက်အဖြစ် ဆရာကြီးရွှေဥဒေါင်းမှာ လမ်းအလျှောက်ဆုံးပုဂ္ဂိုလ်၊ ဆရာကြီး ဟံသာဝတီဦးဘရင်မှာ အစားနိုင်ဆုံးနှင့် ဆရာဒဂုန်ရွှေမျှားမှာ အစားကို အလျှော့ဆုံးပုဂ္ဂိုလ်ဟု ဆိုပါသည်။

ဆရာကြီးသခင်ါသည် ဆရာဇေယျရုပ်ပုံလွှာကို ပုံဖော်ရာ၌ "ဆရာဇေယျ၏စကားများကို နားထောင်ရခြင်း၌ မပျင်းမရိစေသော ဆွဲဆောင်မှုတစ်ချက်မှာ ဆရာသည် ခပ်ရွှန်းရွှန်းပြောဆိုတတ်ခြင်းပင်ဖြစ်သည်။ မည်သည့်စကားကိုပင်ပြောပြော ရယ်စရာရွှင်စရာပြက်လုံးကလေးများအမြဲပါတတ်၏။ ဆရာဇေယျကို ယခင်က ဗြိတိသျှဘားမား၊ ဓူဝံ၊ ကဝိတံခွန် စသော မဂ္ဂဇင်းများတွင် မကြာမကြာတွေ့မြင်သိကျွမ်းခဲ့သော်လည်း ရင်းနှီးခွင့်မရခဲ့။ ဂျပန်ခေတ် စာရေးဆရာအသင်းတွင်မှ ဆရာနှင့်ပို၍ရင်းနှီးခဲ့ရပုံကိုရှင်းပြကာ "ဟော့ ကိုသခင်ါရရဲ့"ဟု မိမိနှင့်တွေ့တိုင်း ဤသို့ နာမည်ခေါ်တတ်ပုံကို ရေးသားထားသည်။ "ဟိုသတင်းစာထဲက ကော်လံထိပ်စီးကလေးကို မြင်တိုင်း ခင်ဗျားကို အမြဲသတိရတယ်"ဟူ၍လည်း အရွှန်းအနောက်ပြောတတ်ပုံကို ဖော်ပြသည်။ ဆရာဇေယျပြောသော သတင်းစာကော်လံထိပ်စီးကလေးကား နာရေးကြော်ငြာခန်းတွင် ပန်းချီစာလုံးနှင့်ရေးထားသော "သခင်ါရ"ဟူသော ထိပ်စီးစာခေါင်းကိုဆိုလိုကြောင်းလည်း ရှင်းပြပါသည်။

"ဆရာက သခင်ါရဆိုတဲ့အတိုင်း ကျွန်တော်ကလည်း ဆရာလာတိုင်း ရရနေတာပဲ ဗဟုသုတတွေ…"ဟု ပြန်လှန်ရယ်မောပြောဆိုလေ့ရှိပုံကိုလည်း နှစ်သက်ဖွယ်ရေးသားထားပါသည်။ ထို့ပြင် ဆရာသည် အသင်း၏ကော်မတီတိုင်းလိုလို၌ ပါဝင်ရသူဖြစ်ရာ အစည်းအဝေးကျင်းပသည့်အခါများ၌ အခြားအမှုဆောင်လူကြီးများထက် အချိန်စောစောရောက်လာလေ့ရှိသဖြင့် ကျွန်ုပ်တို့က သူ၏ဝီရိယကို အမွှမ်းတင်ချီးကျူးပြောဆိုမိကြ၏။ ထိုအခါ ဆရာဇေယျက "ဟ ဒီလိုဝီရိယမရှိလို့ဖြစ်ပဲ့မလားမောင်တို့၊ ဒီခေတ်မှာ အလုပ်တစ်ခုခုကိုပြနိုင်မှ ကိုသခင်ါရရေ-နို့မို့ ဒီကောင်တွေက(ဂျပန်များကို ဆိုလိုသည်)တယ်မေးတယ်။ ဘာအလုပ်လုပ်သလဲ၊ ဘာကြောင့်မလုပ်သလဲ၊ ဘာဖြစ်လို့လဲ…နဲ့ မသကာ စာရင်းစာအုပ်ကြီးနဲ့ လက်ပွေ့အိတ်ကြီးကိုင်ပြီး ခဏခဏလာမေးတာပဲ။ အလုပ်ကြီးအကိုင်ကြီး လုပ်နေတယ်ဆိုတဲ့အကြောင်း ဟိုဟိုဒီဒီသွားလာနေမှဗျနေ့ ဟား ဟား"ရယ်မောပြန်ပြောသည်။ ဆရာဇေယျကို ကောက်ချက်ဆွဲရာ၌ "ဆရာဇေယျကား စာပေစိတ်ရှိသူဖြစ်သော်လည်း ပညာရှိအခေါ်မခံလို။ စာရေးဆရာအမည်သာ ခံယူလိုသူဖြစ်၏"ဟု ရေးသားထားသည်။

ဆရာမကြီး ဒဂုန်ခင်ခင်လေးကိုမူ ဂျပန်ခေတ် ထမင်းအိုးကြီးခေါင်းစဉ်ဖြင့် ထောမနာပြုထားသည်။ နာမည်ရင်း ခင်လေးခင်(K.L.K)ကို လူတိုင်းသိကြဟန်မတူဟု လှစ်ဟထားသော ဆရာကြီးသခင်ါ၏မှတ်တမ်းတွင် ဒေါ်ခင်ခင်လေးသည် ဒဂုန်နာမည်ကို မခံယူမီ ကလောင်သွေးစတွင် K.L.K အမည်ဖြင့် ဒဂုန်နှင့် သူရိယမဂ္ဂဇင်းတွင် ရေးခဲ့ပုံ၊ သူရိယတွင် ပထမဆုံး ရေးခဲ့သောဝတ္ထုတိများမှာ ရဲလျှင်မင်းဖြစ်၊ ရှင်မင်းညို စသည်တို့ဖြစ်ပုံ၊ ဒဂုန်မဂ္ဂဇင်းတွင် အလင်းရောင်ဝတ္ထု၊ တစ်ခိုင်လုံးမြ၊ ဆင်းသူဇာဝတ္ထုများရေးပုံကို မှတ်သားရပါသည်။ ပျော်တော်ဆက်၊ ကြည်တော်မူ(၄ ပဲတန်)စာစောင်များ၏ နောက်ပိုင်းခေတ်လောက်တွင် မန္တလေးမှ ကြည်တော်ဆက်အမည်နှင့် ၄ ပဲတန် စာစောင်တစ်ခုထွက်လာကြောင်း ဒေါ်ခင်ခင်လေး ကိုယ်တိုင် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်းလည်း ဆရာသခင်ါက ရှင်းပြထားပါသည်။ ထိုစာစောင်ထုတ်ဝေ၍ ခြောက်လခန့်အကြာတွင် မန္တလေးသို့ ဦးဥတ္တမ ကိုယ်တော်ကြီးကြွရောက်လာသည်ဟု ဖော်ပြသည်။ ဆရာတော်ဦးဥတ္တမကြွရောက်လာခြင်းနှင့်ပတ်သက်၍ ရဟန်းတော်များနှင့် ပုလိပ်များအဓိကရုဏ်းဖြစ်ကြရာမှ မြို့ရွာမငြိမ်သက်မှုကို အကြောင်းပြုကာ ဖိနှိပ်ချုပ်ချယ်သောဥပဒေများကြောင့် ကြည်တော်ဆက်စာစောင်ပိတ်လိုက်ရကြောင်း ဒေါ်ခင်ခင်လေး ပြောပြချက်ကိုလည်း ဆရာသခင်ါဖောက်သည်ချပုံမှာ ထိုခေတ်အခါကာလ၏ ခေတ်ကြေးမုံတစ်ရပ်ကို မီးမောင်းထိုးပြလိုက်ခြင်းပါပေ။ အလားတူ စာအုပ်တစ်နေရာတွင် "စစ်ကြီးဖြစ်၍ ဂျပန်များဝင်လာပြီးနောက် စာရေးဆရာအသင်းကို ဆက်လက်တည်ထောင်ခဲ့ရာတွင် ယောက်လမ်း(ရန်ကုန် လစ်တရေရီကလပ်စာပေအသင်း) နေရာအဆောက်အအုံနှင့်တကွ စာအုပ်စာတမ်းများကိုပါ ရရှိခဲ့လေသည်။ သို့သော် ထိုစဉ်က အင်္ဂလိပ်လေယာဉ်ပျံကလည်း မကြာခဏဗုံးကြဲနေရာ ဘူတာကြီးအနီးရှိ ထိုအသင်းတိုက်သို့ လူတိုင်းမလာရဲကြပေ"ဟု ထိုစဉ်က ခေတ်ကြေးမုံကို အရအမိထည့်သွင်းဖော်ပြနိုင်ခြင်းကလည်း မသိမမီလိုက်သူတို့အတွက် ဗဟုသုတတစ်ရပ်ဖြစ်ပေသည်။

ထို့ကြောင့် အသင်းတိုက်နေရာကို သူရိယဦးဘကလေးတိုက်သို့ ပြောင်းရွှေ့ခဲ့ရပုံ၊ တစ်လတစ်ကြိမ် ကော်မတီအစည်းအဝေးလုပ်ရလေရာ အချိန်ကလေးနှောင်းလျှင် လေကြောင်းရန်ကလည်း ရှိသည့်အပြင် ပြန်ချိန်သွားချိန် ထမင်းစားချိန်များကို ငဲ့၍ ကော်မတီများအချိန်လင့်အောင်မနေလိုကြပေ။ ထိုအခက်အခဲများကြောင့် အလုပ်မတွင်ကျယ်ရှိပြန်ရာ ထိုအချိန်မှစ၍ ကော်မတီအစည်းအဝေးတိုင်း နံနက်ထမင်းဟင်းလက်ဖက်ရည်အစုံ ဝေယျာဝစ္စအားလုံးအတွက် ဒေါ်ခင်ခင်လေးတို့က တာဝန်ယူကြောင်း မကြာမီကြေညာခဲ့လေသည်"ဟု ဖော်ပြရင်း ဂျပန်ခေတ်အစစအရာရာရှားပါးချိန်တွင် ကော်မတီများအားလုံးနှင့် တိုက်သို့ အချိန်မရွေးရောက်နေသူပေါင်း လေးငါးဆယ်မျှကို ကျွေးမွေးရသော တာဝန်ကား ကြီးလေးသည်ဖြစ်၍ ဒေါ်ဒဂုန်ခင်ခင်လေးကို ဂျပန်ခေတ်ထမင်းအိုးကြီးဟု တင်စားခြင်းဖြစ်ပေသည်။

အနုပညာသည်ပီပီ ဆရာသခင်ါသည် စာရေးဆရာဒါရိုက်တာဦးညာဏကို "အမှန်အားဖြင့် ညာဏဟူသော သူ့နာမည်နှင့်လိုက်လျောသူဖြစ်ပေသည်။ ပညာမရှိသော်လည်း ဉာဏ်ရှိသူဖြစ်၏။ မိမိကိုယ်ပိုင်ထိုးထွင်းဉာဏ်ကိုသုံးကာ အခြားသူများမမြင်နိုင်စွမ်းသည့်အချက်ကို အကွက်ပိုင်ပိုင်ထက်ထက်မြက်မြက် မြင်နိုင်စွမ်းသူဖြစ်ရာ ဆရာဦးညာဏအား အနုပညာသမားအစစ်ဆုံးသူတစ်ယောက်ဟု ချီးကျူးလေးစားကြသည်။ အနုပညာဆိုသည်ကား ကိုယ်ပိုင်ထိုးထွင်းဉာဏ်ကို တီထွင်နိုင်စွမ်းသောပုဂ္ဂိုလ်ကိုခေါ်ခြင်းပင်မဟုတ်ပါလော"ဟု တလေးတစား ကမ္ပည်းထိုးထားသေးသည်။ ကလောင်အမည် ဦးညာဏကို ဥ နှင့်မရေးဘဲ ညကြီးနှင့် ညာသည့်အကြောင်းမေးရာတွင် "ဥ ကလေးထက် အမြင်အားဖြင့် ခွံ့ခွံ့ထည်ထည် လေးလေးနက်နက်ရှိသောကြောင့်"ဟု ပြန်ပြောဖူးကြောင်း ဆရာဦးညာဏ၏အယူအဆကိုလည်း ဆရာသခင်ါ၏ "သူတို့ ကျွန်ုပ်တို့အကြောင်း"မှ သိရှိမှတ်သားရပါသည်။ ထို့ပြင် ဆရာသခင်ါ၏ ဆရာရင်းဖြစ်သူ ပီမိုးနင်းကို မြန်မာပြည်သူပြည်သားများ၏

❖အနုပညာသည်ပီပီ ဆရာသခင်ါသည် စာရေးဆရာဒါရိုက်တာဦးညာဏကို "အမှန်အားဖြင့် ညာဏဟူသော သူ့နာမည်နှင့် လိုက်လျောသူဖြစ်ပေသည်။ ပညာမရှိသော်လည်း ဉာဏ်ရှိသူဖြစ်၏။ မိမိကိုယ်ပိုင်ထိုးထွင်းဉာဏ်ကိုသုံးကာ အခြားသူများမမြင်နိုင်စွမ်းသည့်အချက်ကို အကွက်ပိုင်ပိုင်ထက်ထက်မြက်မြက် မြင်နိုင်စွမ်းသူဖြစ်ရာ ဆရာဦးညာဏအား အနုပညာသမားအစစ်ဆုံးသူတစ်ယောက်ဟု ချီးကျူးလေးစားကြသည်။ အနုပညာဆိုသည်ကား ကိုယ်ပိုင်ထိုးထွင်းဉာဏ်ကို တီထွင်နိုင်စွမ်းသောပုဂ္ဂိုလ်ကို ခေါ်ခြင်းပင်မဟုတ်ပါလော"ဟု တလေးတစားကမ္ပည်းထိုးထားသေးသည်။ ❖

စာမျက်နှာ ၁၁ သို့ ➤

# ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်နှစ်သစ်ကူးပွဲတော်အတွက် ပြင်ဆင်မှုများပြုလုပ်နေ


ယခုနှစ် ပထမအကြိမ် ကရင်နှစ်သစ်ကူးပွဲတော်ကို တွေ့ရစဉ်။

**ဘားအံ ဒီဇင်ဘာ ၂၅**

ယခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကျရောက်မည့် ကရင်နှစ်သစ်ကူးပွဲတော်အတွက် ကရင်ပြည်နယ် ဘားအံမြို့တွင် ပြင်ဆင်မှုများပြုလုပ်နေကြောင်း ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ (ဘားအံ)မှ သိရသည်။

နှစ်စဉ် ပြာသိုလဆန်း ၁ ရက်နေ့ကို ကရင်နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ထားရာ ယခုနှစ် ဇန်နဝါရီ ၁၁ ရက်က ကရင်နှစ်သစ်ကူးပွဲတော်ကို တစ်ကြိမ် ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင်လည်း ပြာသိုလဆန်း ၁ ရက်နေ့ဖြစ်သည့်အတွက် ကရင်နှစ်သစ်ကူးပွဲတော်ကို ထပ်မံကျင်းပရန် ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေးကျေးရွာကွင်းတွင် ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာပြက္ခဒိန် စနစ်အရ ဒီလိုဟာမျိုးက လေးနှစ်တစ်ကြိမ် ငါးနှစ်တစ်ကြိမ် ကျရောက်တတ်ပါတယ်။ ပထမအကြိမ်ကတော့ ဒီတောင်ကလေးကွင်းမှာ ဖားစည်ကြီးနဲ့ ကွဲချိုရုပ်လုံးအကြီးကြီး လုပ်ခဲ့ပါတယ်။ အခုတစ်ခေါက်ကတော့ ကရင်အမျိုးသားအလံတော်ကြီးလုပ်ဖို့ ပြင်နေကြပါတယ်"ဟု ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ (ဘားအံ)မှ ကော်မတီဝင် စောစိုးစိုးက ပြောပြသည်။

ယခုကျင်းပမည့် ကရင်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ရန် လာကြသူများကို အာဟာရဒါနဖြင့် ကျွေးမွေးဧည့်ခံ သွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# ခရစ္စတိုဖာနိုလန်၏ ဇာတ်ကားသစ်နာမည် ယူနီဗာဆယ်ကုမ္ပဏီ အတည်ပြုကြေညာ

**နယူးယောက် ဒီဇင်ဘာ ၂၅**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီအတွက် ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ရိုက်ကူးပေးမည့် လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို အတည်ပြုကြေညာထားကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ရိုက်ကူးပေးမည့် ဇာတ်ကား၏ နာမည်မှာ The Odyssey ဖြစ်ကြောင်း ယူနီဗာရုပ်ရှင်ကုမ္ပဏီ၏ လူမှုစာမျက်နှာပေါ်တွင်အတည်ပြုကြေညာထားသည်။

ထို့ပြင် The Odyssey ဇာတ်ကားကို စာဆိုတော်ဟိုးမား၏ The Odyssey မော်ကွန်းကဗျာကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Odyssey ဇာတ်ကားတွင် ထရိုဂျင်စစ်ပွဲ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်ဟု ယူနီဗာဆယ်၏ လူမှုစာမျက်နှာပေါ်တွင် ရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Odys-sey ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို မသိရသေးကြောင်း၊ ထို့ပြင် The Odyssey ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကိုလည်း ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# အဆိုတော် ပိုပို သီဆိုသရုပ်ဆောင်ထားသည့် အသည်းကွဲတယ် တေးသီချင်း MV ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အဆိုတော် ပိုပို သီဆိုသရုပ်ဆောင်ထားသည့် အသည်းကွဲတယ် တေးသီချင်း Music Video (MV) ဒီဇင်ဘာ ၂၄ ရက်က ထွက်ရှိလာကြောင်း အဆိုတော် ပိုပိုက ပြောပြ၍ သိရသည်။

အဆိုတော် ပိုပို၏ ကိုယ်တိုင်ရေး ကိုယ်တိုင်သရုပ်ဆောင်ထားသည့် အဆိုပါ အသည်းကွဲတယ် အမည်ရှိ တေးသီချင်း MV ကို ထိုင်းနိုင်ငံတွင် ထိုင်းနိုင်ငံသား ဒါရိုက်တာဖြင့် သွားရောက်ရိုက်ကူးထားခြင်းဖြစ်ပြီး အဆိုတော် ပိုပိုနှင့်အတူ ဘရာဇီးနိုင်ငံသား မော်ဒယ် တစ်ဦးက တွဲဖက်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ပိုပိုရဲ့ သီချင်းအသစ်လေး အသည်းကွဲတယ်သီချင်းက ပရိသတ်တွေအတွက် ထူးထူးခြားခြားလေး ပြင်ဆင်ထားတဲ့ သီချင်းလေးလို့ပြောရမယ်။ ဒီတေးသီချင်း MV ထဲမှာ ပိုပိုမဟုတ်တဲ့ တခြားတစ်ယောက်လို ဖြစ်နေအောင် သရုပ်ဆောင်ထားပါတယ်။ ဘရာဇီးနိုင်ငံသား မော်ဒယ်တစ်ယောက်နဲ့ တွဲဖက်သရုပ်ဆောင်ထားပါတယ်။ ဒီသီချင်းကို ဇန်ကောက်မှာ ဘတ်တစ်သိန်းလောက်အကုန်အကျခံပြီး ရိုက်ကူးထားပါတယ်။ ဒီသီချင်းလေးက သေချာရိုက်ကူးထားရလို့ အထာကျပြီး ကောင်းနေတာမို့ ကျေနပ်ပါတယ်။ ပိုပိုကတော့ ရုပ်ဆိုးဆိုး ကောင်မလေး ပုံစံဖြစ်နေမှာပါ"ဟု အဆိုတော် ပိုပိုက ပြောပြသည်။




အဆိုတော် ပိုပိုသည် အဆိုပါ တေးသီချင်း MV တွင် ၁၉၇၀ ပြည့်နှစ်က ဝတ်စားဆင်ယင်မှုနှင့် ပြင်ဆင်မှုများကို ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ပြီး ၎င်းတေးသီချင်း MV ကို ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ PoPo Youtube Channel နှင့် အခြား အွန်လိုင်းများမှ တစ်ပြိုင်နက်တည်း ထွက်ရှိလာကြောင်း သိရသည်။

**ASH**

# Den of Thieves-2 : Pantera ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ရုံတင်ရန်ပြင်ဆင်နေ

**နယူးယောက် ဒီဇင်ဘာ ၂၅**

Den of Thieves-2 : Pantera ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ရုံတင်ရန်အတွက် Lionsgate ကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

Den of Thieves - 2 : Pa-ntera ဇာတ်ကားတွင် မင်းသား ဂျရတ်ဘတ္တလာနှင့် အိုရှီးယား ဂျက်ဆင်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတီယန်ဂူဒီဂတ်က ရေးသားပေးထားပြီး ကိုယ်တိုင်လည်း ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးထားသည်။

Den of Thieves-2 : Pantera ဇာတ်ကားသည် Den of Thieves (2018) ၏ နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်ကြောင်း၊ မူလ Den of The Thieves ဇာတ်ကားကိုလည်း ဒါရိုက်တာ ခရစ္စတီယန်ဂူဒီဂတ်ကပင် တာဝန်ယူ ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် မင်းသား ဂျရတ်ဘတ္တလာနှင့် အိုရှီးယားဂျပ်ဆင်တို့သည် မူလ Den of Thieves ဇာတ်ကားမှ ဇာတ်ကောင်နေရာများကိုပင် ဆက်လက်ရယူထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




➤ **စာမျက်နှာ ၁၀ မှအဆက်**

နား၊ မျက်စိကို အများဆုံးဖွင့်ပေးခဲ့သူ။ ရေကြည် ဦးသာတင်မှာ ဆရာမာဃ ဖြစ်ကြောင်း၊ ဆရာ ဟံသာဝတီဦးဘရင်နှင့် တွဲဖက်ဖြစ်ကြောင်း၊ သူရိယဦးသိမ်းမောင် စားပွဲမှစတင်၍ မာဃအဖြစ်နှင့် သိကျွမ်းရကြောင်း စသည့်စာပေရေးရာများလည်း ဆရာသင်္ခါက ပေးစွမ်းထားပါသည်။

ထို့ပြင် ဆရာ မာဃကို "လှိုင်ထိပ်ခေါင်တင်၏ စာမျက်နှာတစ်ထောင်ကျော်ရှိ ဇ္ဇနာ္တဝံသနန်းတွင်းဇာတ်ရှည်ကြီးကို ကာလပေါ်ဆန်ဆန် (Retold) သဘောရေး၍ ထုတ်ဝေဖူး၏။ နဂါးနီဦးအုန်းခင်နှင့် တိုးတက်ရေးဦးစိန်တို့က အထူးသဘောကျချီးမွမ်းကြောင်း ကြားရ၏"ဟူ၍လည်း ချီးမြှောက်ထားသေးသည်။

အလွန်ဖော်ရွေပျော်ရွှင်တတ်၍ အသက်ရာကျော်တွင် အရွယ်နှင့်မလိုက် ကျန်းမာတောင့်တင်းသန်စွမ်းဆဲဖြစ်သော ဆရာဟံသာဝတီဦးဘရင်အကြောင်းတွင် စာရေးဆရာတိုင်း မလွတ်တမ်းကြုံတွေ့ခဲ့ရသော မွဲခြင်း၊ ငတ်ခြင်း၊ ဆင်းရဲခြင်းဟူသမျှကိုလည်း အားလုံးမဖုံးမကွယ်ဖွင့်ဟပြောဆိုခဲ့ပေသည်ဟု စကားပလ္လင်ခံကာ "ရန်ကုန်ကို ရောက်လာစအချိန်ကပေါ့။ အဲဒီတုန်းက ကြည့်မြင်တိုင် ဝါးခယ်မလမ်းမှာ အိမ်ခန်းကလေးကျဉ်းကျဉ်းတစ်ခုကို တစ်လ တစ်ဆယ်ပေးပြီး ငှားနေရတယ်။ နောက် အာလိန်ငါးဆင့်ပြဇာတ်ကို ဆရာမှိုင်းတို့ကပဲ အရပ်ထဲမှာကဖို့ ရေးခိုင်းလို့ ရေးပေးရတယ်။ အဲဒီပြဇာတ်အထွက် ပွဲစားကြီး ဦးဘိုးဝန်က ငွေတစ်ရာ ဉာဏ်ပူဇော်ခ ချီးမြှင့်တယ်။ အဲဒီတုန်းကများ ဝမ်းသာလိုက်တာ ကိုတင်မြင့်ရယ်။ စာရေးလို့ ဒီလောက်ငွေကို ဘယ်တုန်းကမှ မရခဲ့ဖူးပဲကိုး။ ဟား ဟား ဟား"ဟု ဆရာ ဟံသာဝတီဦးဘရင်၏ ဘွင်းဘွင်းရှင်းရှင်းစကားဆိုတတ်ပုံကို သရုပ်ဖော်ထားပါသည်။ ရုပ်ပိုင်းဆိုင်ရာခြယ်မှုန်းရာတွင် အခြေအနေက ဆင်းရဲသော်လည်း မျက်နှာထားအမူအရာကား (ဆရာဒဂုန်ရွှေမျှားကြီးနှင့်မခြားပင်) အမြဲပြုံးရွှင်၍နေသည်ချည်းတွေ့ရ၏"ဟု ရေးသားထားပါသည်။

ဤသို့ဖြင့် ဆရာသင်္ခါ၏ သူတို့ ကျွန်ုပ်တို့အကြောင်းစာအုပ်မှာ တစ်ခေတ်တစ်ခါက လူသိများထင်ရှားခဲ့သော စာရေးဆရာကြီးများအကြောင်း ကိုယ်တွေ့နှင့်ယှဉ်၍ မှတ်တမ်းတင်ရေးဖွဲ့ထားရာ နှောင်းခေတ်လူများ အတုယူနည်းမှီးဖွယ်ဖြစ်သကဲ့သို့ ထိုခေတ်က ငွေကြေးသုံးစွဲမှုရရှိသောစာမူခများမှာ အထူးအံ့ဩဖွယ်ကောင်းနေပါတော့သည်။

စာရေးသူတို့မှာ စာပေချစ်စိတ်၊ ဇာတိချစ်စိတ်ဖြင့် လောကဓံကိုအန်တုကာ ရဲရဲရင့်ရင့် ဘဝကိုဖြတ်သန်းမှုတို့သည်လည်း စံထားလောက်ပါပေသည်။ အနုပညာချစ်စိတ်ဖြင့် လောကဓံအထုအထောင်းကို ခံရလင့်ကစား အပြုံးမပျက် ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သော ထိုဆရာကြီးများ၏ အံ့မခန်းစိတ်စွမ်းရည်ကြောင့်ပင် ယနေ့စာပေလောကအတွက် ရတနာမည်သောစာကောင်းပေမွန်တို့ကို ဖတ်ရှုခံစားနေရသည်ဖြစ်ရာ စာပေအမွေချန်ရစ်သော စာရေးဆရာကြီးများ၏ကျေးဇူးကားအနှိုင်းမရှိမြတ်လှပါဘိ၏ဟု ရင့်ကျူးလျက် နိဂုံးကမွတ်အဆုံးသတ်လိုက်ရပါသည်။

စာဆို၏စာများတည်ရှိနေသရွေ့ စာဆိုမသေပါလေ။

**ကိုးကား**

- **သူတို့ ကျွန်ုပ်တို့အကြောင်း-သင်္ခါ**

# More than 8,000 acres of maize and corns planted in Kalay Township


A corn plantation in Kalay Township.

**Kalay December 25**

According to the statistics of Kalay Township Agriculture Department, a total of 8,130 acres of maize and corns have been planted in Kalay Township of Sagaing Region.

Local authorities earmarked cultivation of 1,525 acres of maize and 8,368 acres of corns, totalling 9,893 acres. But, local farmers planted the crops starting from October this year, placing 1,432 acres of croplands under maize and 6,698 acres under corns, totalling 8,130 acres against the target cultivation in 2024-25 seasons.

U Naing Tun Win, Head of Kalay Township Agriculture Department disclosed: "Local authorities set a plan to grow more than 9,000 acres of maize and corns in the township. But, farmers have so far planted more than 8,000 acres of crops. They are trying hard to meet the target cultivation. Our department raises farmer awareness to successfully grow maize and corns in the township with prevention of pests."

This year, officials of the Kalay Township Agriculture Department conducted the training courses for local farmers and agricultural staff in order to enhance their capacity to grow maize and corns successfully, with prevention of FAW and other pests and making natural fertilizers and pesticides using traditional raw materials.

Maize and corns produce more than 50 baskets of maize per acre in Kalay Township. Farmers cost K500,000 per acre of growing the crops. Corns produce 15,000 pieces of corns per acre, and farmers need to cost more than K500,000 per acre of corns. 206

# Labutta Township supplies 65,000 viss of tiger crabs to Yangon market in November

**Labutta December 25**

Daw Kyi Kyi Htay, a businessperson in operating marine product trading centre in Labutta Township of Ayeyawady Region said that local businesspersons have supplied 65,000 viss of tiger crabs to Yangon market in November.

They sent 45,000 viss of tiger crabs to Yangon market in October, compared to 65,000 viss in November.

Daw Kyi Kyi Htay commented: "We sell marine products to Yangon market as usual. Yangon is a focal point to distribute fishery products to other regions and states. In November, we sold 65,000 viss of tiger crabs. Prices of the crabs depend in size and quality. Now, demand from merchants of Yangon market is high to purchase marine products from Labutta Township."

Tiger crabs fetch K15,500 to K33,500 per viss in the domestic market. Thanks to high demand and good prices of tiger crabs, local fishermen and those in production chains are convenient in their livelihoods.

Kyaw Kyaw Lin


Samples of tiger crabs put in a tray.

# Cultivation of more than 4,000 acres of black gram finishes in Monywa District

**Monywa December 25**

Statistics of Monywa District Agriculture Department mentioned that a total of 4,648 acres of black gram has been planted in Monywa District of Sagaing Region.

Monywa District earmarked 4,750 acres of black gram as cold season crops in 2024-25 season but farmers planted 4,648 acres of crops against the target.Daw San San Myint, Head of Monywa District Agriculture Department, commented: "This year, authorities adopted a plan to grow more 4,700 acres of black gram, more than 4,600 acres of which has been placed under black gram by local farmers. Our department provides assistance for local farmers to apply agricultural techniques and take preventive measures of pests."

This year, Monywa Township completed cultivation of 864 acres of black gram, Budalin Township 35 acres, Ayadaw Township 2,942 acres and ChaungU Township 807 acres, totalling 4,648 acres.

With regard to the agricultural plans, Monywa Township earmarked 850 acres of black gram, Budalin Township 50 acres, Ayadaw Township 3,050 acres and ChaungU Township 800 acres, totalling 4,750 acres.

Officials of relevant township Departments of Agriculture help local farmers use quality strains of seeds, apply agricultural technology, prevent pests and systematically use fertilizers.

Moreover, agricultural staff members from relevant townships cooperate with local farmers in using necessary quality seeds, inputs and post-harvest technology to boost per-acre yield of crops.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tamu District aims for 3,300 acres of sunflower cultivation in 2024-2025 winter season

**Tamu December 25**

In Sagaing Region's Tamu District, this year's winter crop planting season has seen 2,288 acres of sunflower already planted, according to records from the Tamu District Department of Agriculture.

For the 2024-2025 winter crop planting season, Tamu District aims to plant 3,300 acres of sunflower. Planting began in October of this year, and as of today, 2,288 acres have been completed.

"This year, in Tamu District, we plan to plant 3,300 acres of sunflower during the winter crop season. So far, over 2,000 acres have been planted. We are working to meet our target. To reduce the import of edible oil, we will expand the cultivation of sunflower, which is an oilseed crop. sunflower produces more oil per acre compared to other crops like sesame and groundnut. sunflower is only planted in winter," said U Hla Myint, the head of the Tamu District Department of Agriculture.

In Tamu District this year, the completion of sunflower cultivation by township shows: 45 acres in Myothit Township, 536 acres in Tamu Township, and 1,707 acres in Khampat Town, totaling 2,288 acres.

For the upcoming 2024-2025 winter crop season, the planned sunflower cultivation by township in Tamu is: 150 acres in Myothit Township, 800 acres in Tamu Township, and 2,350 acres in Khampat Town, totaling 3,300 acres.

To expand mustard cultivation in Tamu District, the relevant township agriculture departments are intensifying educational training for both officials and farmers, aiming to enhance their capabilities.

This year in Tamu District, efforts are being made to support farmers with seed supplies, provide urea fertilizers at reasonable prices, and ensure that the sunflower produced is distributed among farmers through a cooperative system. 206

# Farmers finish reaping of maize and corns in ChaungU Township



Newly harvested corns.

**ChaungU December 25**

A total of 1,340 acres of maize and corns have been harvested in ChaungU Township of Sagaing Region, according to ChaungU Township Department of Agriculture.

Local farmers planted 1,340 acres of maize and corns as monsoon crops in ChaungU Township this year. So far, they have harvested the crops, yielding 45.35 baskets per acre of maize on 85 acres of land and 15,000 pieces of corns from 1,255 acres of land.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department said: "Local farmers planted 1,340 acres of maize and corns in ChaungU Township this year. They have so far harvested all sown acreage of crops. They could grow crops exceeding the target cultivation. Our department helped local farmers prevent pests."

The Department of Agriculture of the township conducted training courses for local farmers and agricultural staff to enhance their capacity to grow maize and corns in the region successfully. Moreover, the department organized the field remonstration, prevention of pests including FAW and making process of natural fertilizers and pesticides with the use of raw materials.

Local farmers cost K500,000 per acre of maize and more than K500,000 per acre of corns.

206

# Trump slams Biden's decision to commute death sentence of 37 individuals

**Washington December 25**

U.S. President-elect Donald Trump on Tuesday slammed outgoing President Joe Biden's decision to commute the sentences of 37 individuals on federal death row.

"Joe Biden just commuted the Death Sentence on 37 of the worst killers in our Country. When you hear the acts of each, you won't believe that he did this. Makes no sense," Trump said in a post on his social media platform Truth Social.

Trump's remarks came one day after Biden made the announcement that he was commuting the sentences of 37 of the 40 individuals on federal death row to life sentences without the possibility of parole.

"Make no mistake: I condemn these murderers, grieve for the victims of their despicable acts, and ache for all the families who have suffered unimaginable and irreparable loss," Biden said in a statement.

"But guided by my conscience and my experience as a public defender, chairman of the Senate Judiciary Committee, Vice President, and now President, I am more convinced than ever that we must stop the use of the death penalty at the federal level," Biden said. Xinhua

# Kangyidaunt Township harvests more than 84,000 acres of monsoon paddy

**Kangyidaunt December 25**

A total of 84,866 acres of monsoon paddy has been harvested in Kangyidaunt Township of Ayeyawady Region, said Daw Aye Aye Mu, Head of Pathein District Department of Agriculture.

Local farmers planted 143,971 acres of monsoon paddy this year. Starting from the first week of October, local farmers harvested monsoon paddy, So far they have harvested 84,866 acres of monsoon paddy, yielding 107.5 baskets of paddy per acre.

Daw Aye Aye Mu disclosed: "Our Department of Agriculture conducts field demonstrations for sharing correct agricultural techniques with local farmers to make soil preparation to grow crops and prevent snails as well as systematically use fertilizers so as to boost per-acre yield of crops. This year, local farmers planted marketable paddy strains. As they grow paddy early, they can harvest it in fine weather."

Officials from Department of Agriculture, Township Administration Body, Department of Irrigation and Land Utilization Management, Agricultural Mechanization Department and other relevant departments cooperated with local farmers in growing monsoon paddy in Kangyidaunt Township.

Kyaw Kyaw Lin



Monsoon paddy being harvested using machinery.

# Sudanese gov't sends aid convoy to returnees in Sinnar State, Omdurman city

**Khartoum December 25**

The Sudanese government on Tuesday sent a humanitarian aid convoy for thousands of returnees in Sinnar State in southeastern Sudan and Omdurman city, north of the Sudanese capital Khartoum.

"The Humanitarian Aid Commission (HAC) continues to send humanitarian aid to those affected by the conflict," Salwa Adam Benya, Sudan's humanitarian aid commissioner, told Xinhua in Port Sudan on Tuesday.

"This convoy is heading to Sinnar state, where there has been a significant return of thousands of displaced individuals following the restoration of security in most of the state's cities, particularly after the liberation of Singa city, while part of the convoy will go to Omdurman, which is also witnessing voluntary return of thousands of displaced people," she said.

The convoy, which set off from Port Sudan, carried food supplies and shelter materials such as tents and blankets, the commissioner said.

More than 2,000 families returned to cities in Sinnar state, after the Sudanese Armed Forces (SAF) regained control of large parts of the state, according to government reports. Xinhua



Photo taken on Dec. 24, 2024 shows trucks loaded with humanitarian aid in Port Sudan, eastern Sudan.

# Budalin Township cultivates over 3,000 acres of winter onions

**Budalin December 25**

A total of 3,360 acres of onions have been planted during this year's winter crops planting season in Budalin Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for Budalin Township.

During the 2024-2025 winter crops planting season, 3,100 acres of onions are planned to be planted in Budalin Township, and since October this year, 3,360 acres have been planted.

"Currently, we can plant more than the target area for onion cultivation. We are connecting onion markets for onion growers to get good prices," said U Phyo Wai, head of the Department of Agriculture for Budalin Township.

The Township Agriculture Department in Budalin Township is providing market connections so that onion farmers can get a good price, providing technology to keep onions for a long time, planting with GAP system and providing good quality onions.

According to onion growers, one acre of onion costs around 1.8 million kyats, and the yield per acre is 5,000 visses.

Onions are grown in Sagaing Region, and the townships that grow onions the most are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အင်ဒိုနီးရှားက ဘရားမို့စ်ဒုံးကျည်အပါအဝင် အိန္ဒိယနှင့်ကာကွယ်ရေးနည်းပညာများပူးပေါင်းလုပ်ဆောင်ရန် နည်းလမ်းရှာဖွေ



အင်ဒိုနီးရှားနိုင်ငံသည် ဘရားမို့စ် ဒုံးကျည်အပါအဝင် အိန္ဒိယနိုင်ငံနှင့်ကာကွယ်ရေးနည်းပညာများ ပူးပေါင်းလုပ်ဆောင်သွားနိုင်ရန် နည်းလမ်းရှာဖွေလျက်ရှိကြောင်းThe Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပူးပေါင်းလုပ်ဆောင်လိုသည့် ကာကွယ်ရေးနည်းပညာများတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ သင်္ဘောတည်ဆောက်ထုတ်လုပ်ရေးနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးများ ပါဝင်ကြောင်း အိန္ဒိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Dinesh K Tripathi ၏ အလည်အပတ်ခရီးစဉ်အတွင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး Sjafrie Sjamsoed-din က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဘာလီကျွန်း၌ပြုလုပ်မည့် ဘက်စုံရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီး မလက္ကာရေလက်ကြားတွင် နှစ်နိုင်ငံပူးတွဲကင်းလှည့်ရေးလုပ်ဆောင်ရန် အစီအစဉ်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး Sjam-soeddin က X လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘရားမို့စ်ဒုံးကျည်ကဲ့သို့ အဆင့်မြင့်ကာကွယ်ရေးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးသည် လတ်တလောဦးစားပေးဖြစ်သကဲ့သို့ မည်သို့တီထွင်ထုတ်လုပ်ရမည်ဆိုသည်ကို လေ့လာနိုင်မည့် အခွင့်အလမ်းတစ်ရပ်ကိုပါ ရယူသွားရန် ဆန္ဒရှိနေကြောင်း ၎င်းက ထည့်သွင်းရေးသားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့် နှစ်အနည်းငယ်ကြာကတည်းက အိန္ဒိယနိုင်ငံထံမှ ဘရားမို့စ်ဒုံးကျည်ကို ဝယ်ယူနိုင်ရေးအတွက် စဉ်းစားနေခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဒုံးကျည်နည်းပညာနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ပထမဦးစားပေးစဉ်းစားထားသည်။ မကြာသေးမီနှစ်များအတွင်း ပြည်တွင်းကာကွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အိန္ဒိယနိုင်ငံ၏တိုးတက်လာမှုများကို အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အသိအမှတ်ပြုခဲ့သည်။ ဘရားမို့စ်ဒုံးကျည်အပြင် တောင်အာရှနိုင်ငံသည် အမြောက်များ၊ ဒုံးကျည်များ၊ ဒုံးပျံများနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များကဲ့သို့သော ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပတင်ပို့ကုန်နှစ်ခုစလုံးအတွက် ဒေသထွက် စစ်လက်နက်ပစ္စည်းများကို တီထွင်ထုတ်လုပ်လာနိုင်ခဲ့သည်။ ထို့ကြောင့် အနောက်နိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများထက် ကုန်ကျစရိတ်သက်သာသော အခြားရွေးချယ်စရာအဖြစ် အပြိုင်ရပ်တည်လာနိုင်ရန် ကြိုးပမ်းနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးနည်းပညာသည် လက်ရှိတွင် အလွန်လျင်မြန်စွာ တိုးတက်နေကြောင်း အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက သတိပြုမိခဲ့သည်ဟု ကာကွယ်ရေးသတင်းဗျူရို အကြီးအကဲ ဗိုလ်ချုပ် Frega F. WenasInkiriwang က နိုင်ငံပိုင် Antaraသတင်းဌာနသို့ ပြောကြားခဲ့သည်။ အထူးသဖြင့် အင်ဒိုနီးရှား၏ ပြည်တွင်းထုတ် နည်းပညာများတိုးတက်ကောင်းမွန်လာစေရန် အိန္ဒိယနိုင်ငံနှင့် ကာကွယ်ရေးကဏ္ဍတွင် လက်တွဲလုပ်ဆောင်ရမည့်အတွက် ဝမ်းမြောက်မိပါကြောင်း ကာကွယ်ရေးဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ဘရားမို့စ်ဒုံးကျည်သည် ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းတီထွင်ထားခြင်းဖြစ်သည်။ အဆိုပါ ဘရားမို့စ်ဒုံးကျည်သည် လက်ရှိတွင် အိန္ဒိယတပ်မတော်၌ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ သုံးရပ်စလုံးနှင့် ဖိလစ်ပိုင် မရိန်းတပ်ဖွဲ့တို့က တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**Indonesia Explores Brahmos Technology Collaboration with India** ကို ဘာသာပြန်ဆိုထားပါသည်။

## ဖိလစ်ပိုင်တပ်မတော်က အမေရိကန်ထုတ် တိုင်ဖွန်းဒုံးကျည်စနစ်ကိုဝယ်ယူရန် စီစဉ်နေ

ဖိလစ်ပိုင်တပ်မတော်သည် ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် အမေရိကန်ထုတ် တိုင်ဖွန်းဒုံးကျည်စနစ်ကိုဝယ်ယူရန် စီစဉ်နေကြောင်း ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Roy Ga-lido က ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ကျွန်တော်တို့ကျွန်းစုများ ကာကွယ်ရေးအတွက် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ခြေရှိမှုနှင့် စွမ်းဆောင်ရည်များကို တွေ့မြင်ခဲ့ရသည့်အတွက် ဝယ်ယူရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Roy Galido က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသွားခဲ့သည်။

“နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဖိလစ်ပိုင်တပ်မတော်က ဒီလိုစွမ်းဆောင်ရည်တွေ ဖြည့်တင်းဝယ်ယူနေပါတယ်”ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် အမေရိကန်နိုင်ငံထုတ် တာလတ်ပစ်ဒုံးကျည်စနစ်များ တပ်ဖြန့်ချထားခြင်းသည် တရုတ်နိုင်ငံကို ဒေါသထွက်စေလျက်ရှိပြီး မကြာသေးမီကာလများအတွင်း နှစ်နိုင်ငံရေတပ်နှင့် ကမ်းခြေစောင့်တပ်များသည် တောင်တရုတ်ပင်လယ်ရှိ အငြင်းပွားကျွန်းစုများနှင့် ပင်လယ်ရေပြင်ပိုင်နက်တွင် ထိပ်တိုက်တွေ့ဆုံမှုများ ပိုမိုတင်းမာလာခဲ့သည်။

စည်းမျဉ်းဥပဒေများအရ ဖိလစ်ပိုင်စစ်ဘက်သည် စစ်လက်နက်ပစ္စည်းဝယ်ယူဖြည့်တင်းရေးတွင် လက်နက်စနစ်သစ်တစ်ခုပိုင်ဆိုင်အသုံးပြုနိုင်ရန် အနည်းဆုံးနှစ်နှစ် သို့မဟုတ် ထို့ထက်ပို၍ အချိန်ယူရလေ့ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အတွက် ဘတ်ဂျက်မရရှိသေးကြောင်း Galido က ပြောကြားခဲ့သည်။

အမေရိကန်စစ်ဘက်အတွက် Lock-heed Martin က တီထွင်ထားသည့် မြေပြင်အခြေစိုက် တာဝေးပစ်စွမ်းရည် တိုင်ဖွန်းဒုံးကျည်စနစ်သည် အကွာအဝေးမိုင် ၁၀၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထိုထက်ပို၍ တိုက်ပွဲဝင်နိုင်သည့် အကွာအဝေးစွမ်းရည်မြင့်ဗားရှင်းကို တီထွင်ထုတ်လုပ်ထားဆဲဖြစ်ကြောင်း သိရသည်။ တိုင်ဖွန်းဒုံးကျည်စနစ်သည် တပ်ဖွဲ့ကို ရေမိုင် ၂၀၀ အကွာအဝေးထိ လွှမ်းခြုံ၍ စွမ်းအားဖြန့်ကြက်ထားနိုင်စေလိမ့်မည်ဟု Galido က ပြောကြားခဲ့ပြီး ကုလသမဂ္ဂအဖွဲ့၊ ပင်လယ်ဥပဒေဆိုင်ရာ သဘောတူညီချက်အရ ကျွန်းစုနိုင်ငံများ၏ ရေကြောင်းဆိုင်ရာ ရပိုင်ခွင့်များအတွက် ကန့်သတ်ချက်ဘောင်အတွင်း အကျုံးဝင်စေမည်လည်းဖြစ်သည်။



"ရေမိုင် ၂၀၀ မှာ မြေမရှိဘူး။ စစ်ဘက်က အဲဒီထိသွားလို့မရဘူးဆိုတဲ့အချက်ကို သတိပြုသင့်တယ်။ ဒါကြောင့် ပင်လယ်ရေကြောင်းနဲ့ လေကြောင်းနယ်ပယ်ကိုအဓိကထားကူညီပေးနိုင်ဖို့ ဒီဒုံးကျည်စနစ်နဲ့ ဖိလစ်ပိုင်ရဲ့ အမျိုးသားအကျိုးစီးပွားကာကွယ်ရေးမှာ ပါဝင်ကူညီဖို့လိုအပ်ပါတယ်။ တိုင်ဖွန်းဒုံးကျည်စနစ်ဟာ ဖိလစ်ပိုင်ရေတပ်၊ ကမ်းခြေစောင့်တပ်နဲ့ အခြားစစ်ရေယာဉ်၊ သင်္ဘောတွေ အပါအဝင် ရေကြောင်းစွမ်းအားတွေကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်”ဟု Ga-lido က ပြောကြားခဲ့သည်။

တိုင်ဖွန်းဒုံးကျည်စနစ် တပ်ဖြန့်ချထားမှုသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကို ဆိုးရွားစွာထိခိုက်စေကြောင်း တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Dong Jun က ပြင်းထန်စွာသတိပေးခဲ့သည်။ ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါ ပြစ်တင်ဝေဖန်မှုကို ပယ်ချခဲ့ကြောင်း သိရသည်။

**Philippine Military Says Will Ac-quire US Typhon Missile System** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၉၆ ကေထိ စိုက်ပျိုးပြီးစီး



**ရေဦး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင်ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ကေ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၉၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၂၁ ကေ၊ တန့်ဆည်မြို့နယ် တွင် ကေ ၄၄၀ နှင့် ဒီပဲယင်းမြို့ နယ်တွင် ၄၃၉ ကေ စုစုပေါင်း ကေ ၂၆၀၀ တို့ဖြစ်ပြီး မြို့နယ်အလိုက် ကြက်သွန်နီ စိုက်ပျိုးပြီးစီးမှု အနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၁၅ ကေ၊ တန့်ဆည်မြို့နယ်တွင် ၄၅ ကေနှင့် ဒီပဲယင်းမြို့နယ်တွင် ၃၆ ကေ စုစုပေါင်း ၁၇၉၆ ကေတို့ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရာတွင် တစ်ကေလျှင် ပိဿာ ၅၀၀၀ ထွက်ရှိကြောင်း အထွက်နှုန်းပိုမိုကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကပြည်တွင်းစားသုံးမှု ဖူလုံစွာရရှိနိုင်မည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်၍ တိုးချဲ့ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၁၂-၂၀၁၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ခရမ်းသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများမှတစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီး အလုံးရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှား ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ဒီနှစ် ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော အရှည်သီးကော အမျိုးအစားနှစ်မျိုးစလုံး အရောင်း အဝယ်ကောင်းမွန်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးအလုံးရေ ၁၀၀ လျှင်ငွေကျပ် ၁၁၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများ အပါအဝင် အခြား ကုန်စိမ်းများကို ကျောင်းကုန်း ဈေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့် ဒေသများသို့ပါ တင်ပို့ ရောင်းချလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ငါန်းကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတို့အတွက် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ငါန်းကျကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ်သိန်း ၄၄၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငါန်းကျကျေးရွာနှင့်တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ဦးကိုငွေကျပ် ၂၃၂သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ဦးကိုငွေကျပ် ၂၀၁သိန်း၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၇ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၅ဦး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်ရှိ စိန့်မိုင်ကယ်ကက်သလစ်ဘုရားကျောင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီး၊ ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ ခွန်စံလွင်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများ၊ စစ္စတာများ၊ ကက်သလစ်လူငယ်အဖွဲ့များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ခရစ်တော်မွေးနေ့(ခရစ္စမတ်) အခမ်းအနားကို အဖွင့်မေတ္တာဖြင့် ဘုန်းတော်ကြီး ဦးစိုးလင်းအောင်က ဖွင့်လှစ်ပေးပြီး ခရစ်ယာန်ဘာသာဝင်လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းကြကာ ဘုန်းတော်ကြီး ဦးကျော်ငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဆရာတော် ဦးအောင်ဇော်က အထူးဆုမွန်ကောင်းတောင်းစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ "တိတ်ဆိတ်ညသန့်ရှင်းညကျူး"ဓမ္မသီချင်းကိုသီဆိုချီးမွမ်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူးထံ ဘုန်းတော်ကြီး၊ သီလရှင်နှင့် ဆရာတော်တို့က ခရစ္စမတ် အမှတ်တရဂါရဝပြု လက်ဆောင်နှင့်ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြရာ ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင် သစ်သီးခြင်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များက ခရစ်တော်မွေးနေ့(ခရစ္စမတ်) အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများနှင့် စစ္စတာများအား ခရစ္စမတ်လက်ဆောင်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ခရစ်တော်မွေးနေ့(ခရစ္စမတ်) အထိမ်းအမှတ် မိတ်သဟာယနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဝန်ကြီးဌာန အားကစားသမားများကို ဂုဏ်ပြု

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်ဝန်ကြီးဌာန အားကစားသမားများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားမောင်မယ်များ၊ နည်းပြများနှင့် အားကစားအသင်းတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်ဦးချင်း အားကစားထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်သည်။




ယင်းနောက် ဒုတိယဝန်ကြီးများက အသင်းလိုက်အားကစားဆုများကို ချီးမြှင့်ပေးအပ်ကြရာ အားကစားအသင်းတာဝန်ခံများက လက်ခံရယူကြကာ အားကစားအသင်းအလိုက်တာဝန်ခံများ ကပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲအတွေ့အကြုံများနှင့် အားသာချက်၊အားနည်းချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဝန်ကြီးဌာနအားကစားသမားများနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်အတူတကွသုံးဆောင်ခဲ့ကြသည်။

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများက အားကစားနည်းခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် သုံးခုရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသား ပရဆေးဥယျာဉ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကာ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ဆေးဖက်ဝင်ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဖက်ဝင်ပရဆေးပျိုးပင်များ၊ တိုင်းရင်းဆေးဝါးများ ပြည်သူများကိုရောင်းချပေးနိုင်ရေးအတွက် အရောင်းဆိုင်ဖွင့်လှစ်ဆောင်ရွက်ထားရှိရန်၊ ပြည်သူများအပန်းဖြေအနားယူရာတွင် အဆာပြေစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်ဖွင့်လှစ်ပေးရန် မှာကြားသည်။


ယင်းနောက် ပရဆေးဥယျာဉ်အတွင်းရှိ ဆေးဖက်ဝင်ဂမုန်းနှင့် ရောဂါကြီး ခြောက်မျိုးသုံးအပင်များစိုက်ပျိုးထားသည့် ပျိုးစင်များ၊ ပရဆေးစိုက်ကွက်များ၊ တိုင်းရင်းဆေးပြတိုက်လမ်းတစ်လျှောက် လမ်းများပြုပြင်ဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးပြတိုက်အတွင်းရှိ ရှေးအစဉ်အဆက်မှ သမားတော်ကြီးများ၊ နယကြီးလေးပါးဆိုင်ရာပြကွက်၊ ရေထွက်၊ မြေထွက်၊ အပင်ထွက်ပစ္စည်းများပြသထားရှိမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ဝေထားရှိသော အသိပညာပေး စာအုပ်များ၊ လက်ကမ်းစာစောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ အမှတ်တရစိုက်ပျိုးထားသည့်အပင်များ ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ရန်၊ ရေမြေရာသီဥတုသဘာဝနှင့်ကိုက်ညီမှုမရှိသော စိုက်ပျိုးရန်ခက်ခဲသည့် ပရဆေးပင်များကို ဥယျာဉ်အတွင်း၌ စိုက်ပျိုးနိုင်ရန်အတွက် လက်ရှိ Greenhouse ထက် ပိုမိုကောင်းမွန်သောစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာနှီးနွှယ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန်၊ ပြည်သူများအတွက် အပန်းဖြေစေနိုင်ပြီး တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဗဟုသုတများ၊ ပရဆေးပင်ဆိုင်ရာဗဟုသုတများ၊ ကျောင်းသား၊ကျောင်းသူများအတွက် ဗဟုသုတရရှိစေပြီး ကွင်းဆင်းလေ့လာနိုင်သော ဥယျာဉ်ဖြစ်စေရေး စီစဉ်ဆောင်ရွက်သွားရန် လက်တွေ့ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညို



**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုလျက်ရှိသည့် စာပြန် သံဃာတော် ၇၇ ပါးတို့အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ(ပထမအဖွဲ့ခွဲ) ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ မြင်းခြံ ဆရာတော်ကြီးအမှူးပြုသော ပညာရေး အဖွဲ့ငယ်ဆရာတော် ငါးပါးတို့ ကြွရောက် ချီးမြှောက်အားပေးခဲ့ကြပြီး သာသနာရေး နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ် များက ဖူးမြော်ကြည်ညိုကာ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ် ရေးစာမေးပွဲကြီးဖြစ်ပေါ်လာပုံ သမိုင်း အကျဉ်းမှာ ၁၃၁၀ ပြည့်နှစ်တွင် သူဌေးကြီး ဆာဦးသွင်အားဥက္ကဋ္ဌတင်မြှောက်၍ ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ချုပ်က တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့တစ်ခုဖွဲ့စည်းပြီး တိပိဋက ဓရ တိပိဋကကောဝိဒရွေးချယ်ပွဲဆိုင်ရာ လိုက်နာသင့်သည့် (စည်းမျဉ်းဥပဒေ)ကို ရေးသား၍ စာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်၊ ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပ ခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ် ရေးစာမေးပွဲကြီးသို့ဝင်ရောက်ဖြေဆိုကြမည့် ရဟန်းသာမဏေများသည် အနည်းဆုံး ပထမကြီး၊ ဝိနယဝိဒူ၊ သာမဏေကျော် (တတိယဆင့်)အောင်မြင်ပြီးသော ရဟန်း၊ သာမဏေများဖြစ်ရမည်ဖြစ်ပြီး သင်ရိုးပိဋက သုံးပုံပါဠိတော်ကျမ်းစာအုပ်များမှာ ဝိနယ ပိဋကကျမ်းစာအုပ် ငါးအုပ် စာမျက်နှာပေါင်း ၂၂၆၀ ၊ သုတ္တန္တပိဋက ကျမ်းစာအုပ် သုံးအုပ် စာမျက်နှာပေါင်း ၇၇၉ မျက်နှာ၊ အဘိဓမ္မ ပိဋက ကျမ်းစာအုပ် ၁၂ အုပ် စာမျက်နှာပေါင်း ၄၉၈၇ မျက်နှာ စုစုပေါင်း ကျမ်းစာအုပ် ၂၀ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာဖြစ်၍ အာဂုံပြန်ဆိုအောင်မြင်ပါက "တိပိဋကဓရ ဘွဲ့"ကိုဆက်ကပ်ပြီး ယင်းကျမ်းစာအုပ် ၂၀ နှင့် အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသောကျမ်းစာအုပ်များမှ အဓိပ္ပာယ်အရ ကောက်များကို သဘောရေးဖြေ အောင်မြင်တော်မူလျှင် တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ကိုဆက်ကပ်ကာ နိုင်ငံတော်က ကုန်း၊ ရေ၊ လေ အခမဲ့အထက်တန်းခရီးသွား လက်မှတ် (ရာသက်ပန်) တပည့်နှစ်ဦး အပါအဝင် လစဉ်ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အာဂုံပြန်ဆိုချိန်မှာ တစ်ရက်လျှင် နံနက်ပိုင်း ၈ နာရီမှ ၁၀ နာရီထိ လေးကြိမ်၊ မွန်းလွဲပိုင်း ၁ နာရီမှ ညနေ ၄ နာရီထိ ငါးကြိမ် စုစုပေါင်း ကိုးကြိမ်နှုန်းဖြင့် ၁၈ ရက် တိတိပြန်ဆိုရပြီး သဘောရေးဖြေစာမေးပွဲကို မွန်းလွဲ ၁၂နာရီခွဲမှ ညနေ ၄နာရီခွဲထိ ငါးရက် ဖြေဆိုရကာ အာဂုံပြန်ဆိုရာတွင် အထစ် အငေါ့မရှိ ထူးကဲစွာပြန်ဆိုနိုင်လျှင် ဝိသိဋ္ဌ ဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏကနှင့် ဝိသိဋ္ဌ အာဘိဓမ္မိကဘွဲ့၊ သဘောရေးဖြေတွင် သတ်မှတ်အောင်မှတ်နှင့် အထက်ရရှိပါက မဟာဝိနယကောဝိဒ၊ မဟာဒီဃနိကာယ ကောဝိဒနှင့် မဟာအာဘိဓမ္မိကကောဝိဒဘွဲ့ တို့ကိုဆက်ကပ်၍ တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ကိုခံယူရရှိတော်မူပြီး အနည်းဆုံး ငါးနှစ်သက်တမ်းပြည့်မြောက်လျှင်"တိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။

စာမေးပွဲကြီးစတင်ကျင်းပသည့် ၁၃၁၀ ပြည့်နှစ်၊ ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ် အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇာနည် အရှင်သူမြတ် ၁၆ ပါးပေါ်ထွန်းခဲ့ပြီး တိပိဋက ဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇာနည်အရှင်သူမြတ် ၁၆ ပါး တွင် သက်တော်ထင်ရှားဆရာတော် ၁၁ပါး ရှိ၍ ငါးပါးပျံလွန်တော်မူပြီးဖြစ်ကြောင်းနှင့် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတွင် သက်တော်ထင်ရှား ဆရာတော် ငါးပါးရှိသည်။

ယနေ့တွင် အဘိဓမ္မာ(ဒုတိယပိုင်း) စာပြန်သံဃာ တစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) စာပြန်သံဃာ တစ်ပါး၊ ဒီဃနိကာယ် စာပြန် သံဃာ ငါးပါး၊ ဝိနည်း(ဒုတိယပိုင်း) စာပြန် သံဃာ ၃၉ ပါး၊ ဝိနည်း(ပထမပိုင်း) စာပြန် သံဃာ ၃၁ ပါး စုစုပေါင်း ၇၇ ပါးတို့ အာဂုံ ပြန်ဆိုလျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့မီးရထားက နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအဆင်ပြေစွာ ခရီးသွားလာ နိုင်ရေးအတွက် ရန်ကုန်-ပြည်- ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက် များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည် ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇.၁၂.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၂ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၃ | ၂၈.၁၂.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၄ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၆ | ၁.၁.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၇ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၈ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၁၉:၁၅ | ၁၉:၁၀ |

အထက်ပါနေ့ရက်များအလိုက် အထူး ရထားများအပြင် ရန်ကုန်-မန္တလေးလမ်း ပိုင်းအတွင်း နေပြည်တော်-မန္တလေး- နေပြည်တော်ခရီးစဉ်အဖြစ် အမှတ်(၂၅) အဆန်/(၂၆)အစုန် RBE ရထားအား ဒီဇင်ဘာ ၂၃ ရက်မှစ၍ နေ့စဉ်တိုးချဲ့ပြေး ဆွဲပေးလျက်ရှိရာ အမှတ်(၂၅)အဆန် RBE ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁ နာရီ ထွက်ခွာ၍ မန္တလေးသို့ ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၂၆) အစုန် RBE ရထားသည် မန္တလေးမှ နံနက် ၄ နာရီ ၄၅ မိနစ်တွင်ထွက်ခွာ၍ နေပြည် တော်သို့ နံနက် ၁၁ နာရီခွဲတွင်လည်း ကောင်းအသီးသီးဆိုက်ရောက်/ထွက်ခွာ ပေးလျက်ရှိသည်။ ထို့အတူ သာစည်- မန္တလေး-သာစည် ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ နေ့စဉ်တိုးချဲ့ပြေးဆွဲပေး လျက်ရှိသော အမှတ်(၃၀၁)အဆန် RBE ရထားသည် သာစည်မှ နံနက် ၅ နာရီခွဲ တွင်ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီ တွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၃၀၂) အစုန် RBE ရထားသည် မန္တလေးမှ မွန်းလွဲ ၂ နာရီခွဲတွင်ထွက်ခွာ၍ သာစည်သို့ ည ၆ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် ခရီးသွားပြည်သူများလိုက်ပါစီးနင်း မှုအပေါ်မူတည်၍ ရန်ကုန်-မန္တလေး- ရန်ကုန်ခရီးစဉ်အတွက် ပုံမှန်ပြေးဆွဲပေး လျက်ရှိသည့်ရထားများတွင် ဝန်ချိန်ပြည့် တွဲဆိုင်းများ တိုးချဲ့ချိတ်ဆက်ပြေးဆွဲပေး သွားမည်ဖြစ်သည်။


ရထားစီးခရီးသွားပြည်သူများအတွက် ရထားလက်မှတ်များ လွယ်ကူစွာဝယ်ယူ ရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ် အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင် ၍လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်ပြီး ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲ ပေးသည့် ရထားများအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း၌ ဗီဒီယိုကွန်းဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းကို ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်မှစတင် တည်ထောင်ခဲ့ရာ ယခုဆိုလျှင်သက်တမ်း လေးနှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီအနေဖြင့်လည်း လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်စပ်လျဉ်းပြီး ဥပဒေဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသင်းသားများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်အရည်အချင်းများ တိုးတက်စေရေး ဆောင်ရွက်ကြရန်နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုဖြင့် ထိရောက်စွာထမ်းဆောင်နိုင်ကြသူများအဖြစ် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိ အသင်းဥက္ကဋ္ဌ ဦးမိုးကျော်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက အသင်း၏ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ပြင်ပစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြအတည်ပြုခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ အသစ်ခန့်အပ်ခြင်း၊ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် အခကြေးငွေသတ်မှတ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြကာ အစည်းအဝေးသဘာပတိ ဦးမိုးကျော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အဆိုပါအခမ်းအနားသို့ အသင်း၏ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# သံစဉ်ဝေဖြာမနောအလှကဗျာ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်လျက်ရှိရာ မကြာမီရောက်ရှိတော့မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ်ခုနစ်ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်ထိ အပတ်စဉ် သောကြာနေ့ ညတိုင်းဖျော်ဖြေတင်ဆက်မည်ဖြစ်၍ ပထမပွဲစဉ်ဖြစ်သည့် "သံစဉ်ဝေဖြာမနောအလှကဗျာ" တေးဂီတဖျော်ဖြေပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူတေးသံရှင်များဖြစ်ကြသည့် ဆာမူဇလေ၊ လောဒ်အောင်၊ ဘောမ်ယိန်း၊ ဆိုင်းဆာ၊ ယုံးယုံးနှင့်ဘောမ်ဖုံးထန့်တို့က ကချင်ပြည်နယ်၏ သာယာလှပမှု၊ ကချင်လူမျိုးတို့၏ ရိုးရာဓလေ့နှင့် ဖြူစင်ရိုးသားမှု၊ ရင်းနှီးခင်မင်မှုနှင့် ချစ်ခြင်းမေတ္တာကြီးမားမှုတေးသီချင်းကောင်းများကို ကချင်၊ ဗမာနှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App၏ Entertainment sector နှင့် MRTV tele-gram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဒီဇင်ဘာ ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channal မှ Replay ထပ်မံပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်၌ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှု ဦးရေ နှစ်သိန်းကျော်ထိ ရှိနေ



ညောင်ဦး ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ အထင်ကရသမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများသို့ ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)တာဝန်ရှိသူများထံမှ သိရသည်။

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ပခုက္ကူမြို့နယ် တန့်ကြည်တောင်စွယ်တော်မြတ်စေတီ၊မဟာငှက်ပစ်တောင်စေတီ၊ထီးလိုမင်းလိုဘုရား၊အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကြွဲနားဒွှေင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဋ္ဌဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားတို့၌ ကားထားသည့် နေရာအခက်အခဲဖြစ်သည်ထိ ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။

ပွဲတော်အချိန်ခါမဟုတ်သည့် အခါကြီးရက်ကြီးအချိန်မှာပင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် ပြည်တွင်း၊ပြည်ပခရီးသွား အဆက်မပြတ်လာရောက်သည့်မြို့ဖြစ်ကာ ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူ နှစ်သိန်းကျော် လာရောက်ဖူးမြော်လေ့လာခဲ့ခြင်းကြောင့် ညောင်ဦးမြို့၊ ပုဂံမြို့ရှိ ဟိုတယ်၊ တည်းခိုရိပ်သာများအားလုံး ပြည့်နေပြီး နေ့ချင်းပြန် ဘုရားဖူးကားများ၊ ဘုရားဖူးပြည်သူများ အလွန်များပြားလျက်ရှိကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီဘဏ္ဍာတော်ထိန်း ဂေါပကအတွင်းရေးမှူး ဦးထင်လင်းဦးက ပြောပြသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ သမိုင်းဝင်အထင်ကရ ဘုရား၊ သာသနိကအဆောက်အအုံများနှင့် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမကြီးတစ်လျှောက်ဖွင့်လှစ်ရောင်းချနေကြသည့် ရိုးရာထန်းတဲများ၌လည်း ခရီးသွားဘုရားဖူးများဝင်ရောက်မှုများပြားလျက်ရှိနေခြင်းကြောင့် ထန်းလျက်အမျိုးမျိုး၊ဆုံကြိတ်ဆီဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီများအရောင်းအဝယ်ကောင်းမွန်နေပြီး ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင်လည်း အီးဘိုက်၊ မီနီအိုးဝေ၊ မြင်းလှည်း၊ ကားအငှားလိုက်သူများနှင့် စားသောက်ဆိုင်များ၊ပြည်တွင်းဧည့်လမ်းညွှန်များ၊လက်အလှပန်းချီဆွဲသူများ၊ ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသူများ၊ အလှဓာတ်ပုံ (ဖုံးဖြင့်) ရိုက်ပေးသူများအားလုံး ဝင်ငွေတွက်ခြေကိုက်နေကြပြီး ညနေပိုင်းတွင်လည်း ပုဂံရှုခင်း၊ဧရာဝတီမြစ်နှင့်တန့်ကြည်တောင်တန်း နောက်ခံနေဝင်ဆည်းဆာကြည့်ရှုရန် နေဝင်ဆည်းဆာကြည့်တောင်ကုန်းများတွင် ပြည်တွင်းပြည်ပခရီးသွားများဖြင့် ပြည့်နှက်စည်ကားနေကြောင်း သိရသည်။

ဒီပါလင်း

# မဟာအောင်မြေမြို့နယ်အတွင်း အများပြည်သူသုံးအတွက် လျှပ်စစ်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်လျက်ရှိ

မန္တလေး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ်အတွင်းရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားကို ယခင်ကထက် ပိုမိုတိုးချဲ့သုံးစွဲနိုင်ရန် လျှပ်စစ်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင် တည်ဆောက်လျက်ရှိကြောင်း မဟာအောင်မြေမြို့နယ် လျှပ်စစ်မန်နေဂျာ ဒေါ်မိုင်တင်တင်အေးထံမှ သိရသည်။

အဆိုပါ အများပြည်သူသုံး လျှပ်စစ်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဟာအောင်မြေမြို့နယ် ၅၇ x ၃၉ လမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၅၅ x ၄၂ လမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၆၆ x ၃၈ လမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၇၃ x ၃၉ လမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တို့ကို တိုးချဲ့တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း၊ ထရန်စဖော်မာများနှင့်အတူ ဆက်စပ် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်းများကိုပါ တိုးချဲ့ တပ်ဆင် တည်ဆောက်လျက်ရှိကြောင်း မဟာအောင်မြေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်းက ရှင်းလင်းပြောကြားသည်။

ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားကို ယခင်ထက် ပိုမိုတိုးချဲ့သုံးစွဲနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန် လျော့နည်းကျဆင်းကာ လျှပ်စစ်ဓာတ်အားကို ဝန်အားနိုင်နင်းစွာဖြင့် စံချိန်စံညွှန်းနှင့်အညီ ဗို့အားပြည့်ပြည့်ဝဝနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်နှင့် လျှပ်စစ်ထရန်စဖော်မာများ ချို့ယွင်းလောင်ကျွမ်းပျက်စီးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းဖြစ်ပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးစေရေး ဆောင်ရွက်လျက်ရှိကြောင်း မဟာအောင်မြေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

ဒီပါလင်း





ရှေ့ဖုံးမှအဆက်

သဲသောင်ပြင်မှာ နေပူစာလှုံတာ၊ ရေငုပ်ပြီး သန္တာကျောက်တန်းနဲ့ ရေအောက်အလှကြည့်တာ၊ ကမ်းခြေက လှိုင်းနဲ့ ကနူးကယက်လှေလှော်ပြီး အပန်းဖြေတာကို နှစ်ခြိုက်ကြတယ်။ တချို့က တောတွင်းလမ်းလျှောက်ပြီး ငှက်ကြည့်ကြတယ်။ အဓိကခရီးသွားတွေ လာရောက်လည်ပတ်တယ်ဆိုတာက သဘာဝအခြေခံခရီးသွားကောင်းမွန်တဲ့ နေရာတစ်ခုဖြစ်လို့ပါ” ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောပြသည်။

နိုင်ငံခြားခရီးသွားများ ကနူးကယက်လှေဖြင့် ဝါးအလယ်ကျွန်းအတွင်း အပန်းဖြေ လေ့လာနေကြသည်ကို တွေ့ရစဉ်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် နို့တိုက်သတ္တဝါအကောင် ၄၀ ခန့်၊ ငှက်မျိုးစိတ် ၂၈၈ မျိုး၊ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်း၊ ပုစွန် ၄၂ မျိုး၊ အပင်ငယ် ၁၃၆ မျိုး၊ကုန်းနေ၊ ရေနေအကောင်ငယ် ၁၅၁ မျိုး၊ သစ်တောမျိုးစိတ် ၁၉၆ မျိုး၊ ဒီရေတောအပင် ၆၃ မျိုးနှင့်ပင်လယ်မြက်ကိုးမျိုးတို့ ရှင်သန်လျက်ရှိပြီး ကမ္ဘာပေါ်၌ အောက်ချင်းငှက် ၆၁ မျိုးရှိရာ၌ မြန်မာနိုင်ငံတွင် အောက်ချင်းငှက် ၁၁ မျိုးရှိရာ မြိတ်ကျွန်းစု၌အောက်ချင်းငှက်ကိုးမျိုး နေထိုင်ကျက်စားလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ထူးခြားစွာတည်ရှိနေသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် တည်ရှိပြီး အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်နှင့် ပင်လယ်ရေမှော်များ၊ ရှားပါးအပင်များ၊သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းရန် ရင်ဆိုင်နေရသည့် ကုန်းနေ၊ ရေနေသတ္တဝါများ ရှင်သန်ကျက်စားလျက်ကြောင်း လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်မှ သိရသည်။

သစ္စာ(MNA)

# အလုပ်သုံးပါးနဲ့ ကြီးပွားတိုးတက်ရေး

ကိုယဉ်ချစ်(မန္တလေး)

လူတိုင်းဘဝရှင်သန်ရပ်တည်နေထိုင်ရေးအတွက် အလုပ်တွေ လုပ်နေကြပါတယ်။ လုပ်နေကြတဲ့ အလုပ်တွေကို ခွန်အားစိုက်ထုတ်လုပ်ရတဲ့ ကာယအား၊ ဉာဏ်ပညာကိုအသုံးပြုလုပ်ရတဲ့ ဉာဏအားဆိုတဲ့ ခွန်အားတွေကို အသုံးချလုပ်ကိုင်ကြပါတယ်။ ဘယ်ခွန်အားနဲ့ပဲလုပ်လုပ်၊ ရလဒ်ကတော့ ကောင်းကျိုးနဲ့ ဆိုးကျိုးဆိုတဲ့နှစ်မျိုးသာဖြစ်ပြီး အဲဒီထဲက တစ်မျိုးကိုသာ ခံစားရပါတယ်။

ကောင်းကျိုးဆိုးကျိုးဆိုတာ ကာယကံရှင်ကိုယ်တိုင်ရဲ့လုပ်ကိုင်မှုအပေါ်မှာသာ မူတည်ပါတယ်။ မှန်တဲ့အလုပ်ကို လုပ်ပြီး မှားတဲ့အလုပ်တွေ မလုပ်ရင် အမှားနည်းပြီး ကောင်းကျိုးတွေခံစားရပါတယ်။ မှန်တယ်ထင်ပြီးလုပ်လိုက်ပေမယ့် အမှားတွေလုပ်မိတာ၊ မှန်တဲ့အလုပ်ကိုအမှားထင်ပြီး မလုပ်မိတာတွေကြောင့် ဆိုးကျိုးတွေခံစားရပါတယ်။ အရေးကြီးတာက လုပ်သင့်တာကိုလုပ်ဖို့နဲ့ မလုပ်သင့်တာကို မလုပ်မိဖို့ဖြစ်ပါတယ်။ မှန်ကန်တဲ့အလုပ်တွေကို လုပ်ရင် ကောင်းကျိုးခံစားရပေမယ့်၊ မှားတဲ့အလုပ်ကို လုပ်မိရင်တော့ ခံစားရမယ့်ရလဒ်က နောင်တဖြစ်ပါတယ်။ နောင်တဆိုတာ ပြုသင့်သည်ကို မပြုမိ၍ဖြစ်စေ၊ မပြုသင့်သည်ကိုပြုမိ၍ဖြစ်စေ ပူပန်ခြင်းလို့ဆိုပါတယ်။ နောင်တဟာ သောကတွေကို ဖြစ်စေပါတယ်။

မလုပ်သင့်တာကို လုပ်အောင်လှုံ့ဆော်ပေးတာက အဂတိတရားလေးပါးဖြစ်ပါတယ်။ အဂတိတရားလေးပါးဆိုတာ ဆန္ဒာဂတိ=ချစ်သဖြင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဒေါသာဂတိ=အမျက်ဒေါသကြောင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဘယာဂတိ= ကြောက်ရွံ့၍ တစ်ဖက်သတ်စီရင်ခြင်း၊ မောဟာဂတိ=တွေဝေ၍ တစ်ဖက်သတ်စီရင်းခြင်းလို့ ရာဇဝေသကဒီပနီမှာ အနက်ဖွင့်ဆိုထားပါတယ်။ မလုပ်သင့်တာတွေကို လုပ်မိအောင် အဂတိတရားတွေက လှုံ့ဆော်ပေးနေတာကို သတိပြုကြရပါမယ်။

ပုဂံမင်းဆက် ၅၃ ဆက်မြောက်တွင် နရသီဟပတေ့မင်း နန်းပြုခဲ့ပါတယ်။ ထီးနန်းရရှိတာဟာ အစဉ်အလာအတိုင်းရရှိခဲ့တာမဟုတ်ဘဲ ရာဇသင်္ကြန်အမတ်ကြီး ဦးဆောင်တဲ့ မှူးမတ်ဗိုလ်ပါအပေါင်းတို့ရဲ့အစီအစဉ်နဲ့ရခဲ့တာဖြစ်ပါတယ်။ ခမည်းတော် ဥဇနာမင်းကြီးနတ်ရွာစံချိန်မှာ အကြီးဖြစ်တဲ့ သီဟသူကို နန်းဆက်ခံဖို့လျာထားခဲ့ပါတယ်။ သီဟသူဟာ အမျက်ဒေါသကြီးတယ်။ မှူးကြီးမတ်ကြီးတွေကိုလည်း မလေးမစားပြောဆိုဆက်ဆံတယ်၊ ရာဇသင်္ကြန်အမတ်ကြီးကိုလည်း လူပုံအလယ်မှာစော်ကားပြောဆိုခဲ့ဖူးပါတယ်။ သီဟသူနန်းတက်ရမယ့်အချိန်မှာ ရာဇသင်္ကြန်အမတ်ကြီးနဲ့ မှူးမတ်တွေက သီဟသူကို ပရိယာယ်သုံးဖမ်းဆီးချုပ်နှောင်ပြီး နရသီဟပတေ့မင်းကို နန်းတင်ခဲ့ကြပါတယ်။

နရသီဟပတေ့မင်း နန်းရပြီးနောက်ပိုင်းမှာ ရာဇသင်္ကြန်အမတ်ကြီးကို မေ့လျော့ထားပြီး မင်းအဖြစ်ရအောင် စီမံပေးခဲ့တာတွေကို အသိအမှတ်မပြုသလိုရှိခဲ့ပါတယ်။ တစ်နေ့မှာရာဇသင်္ကြန်အမတ်ကြီးက ဘုရင့်ဆီကို အခစားဝင်တဲ့အခါ ပန်းကလပ်အပွဲနဲ့ပန်းဆက်ပါတယ်။ ဒီတော့နရသီဟပတေ့မင်းကြီးက ဘာကြောင့်ပန်းကလပ်အပွဲနဲ့ ပန်းဆက်တာလဲ၊ ပန်းကလပ်အသစ်ကိုကိုင်ဆောင်ပါလားလို့ မိန့်ကြားတဲ့အခါ ရာဇသင်္ကြန်အမတ်ကြီးက အခုအချိန်မှာ ပန်းပွတ်သည်အမျိုးတွေ ကောင်းစားနေလို့ ပန်းပွတ်လုပ်ကိုင်မယ့်သူတွေ မရှိတော့လို့ပါလို့ လျှောက်ထားပါတယ်။ (နရသီဟပတေ့မင်းရဲ့ မယ်တော်ဟာပန်းပွတ်သည်ရဲ့သမီးဖြစ်တာကြောင့် နရသီဟပတေ့မင်းဟာ ပန်းပွတ်သည်ရဲ့မြေးတော်စပ်သူဖြစ်ပါတယ်။) အများရှေ့မှာဘုရင်ကို ပန်းပွတ်သည်ရဲ့မြေးလို့ သွယ်ဝိုက်ပြောလိုက်တာဖြစ်လို့ မင်းကြီးက မကျေနပ်စရာဖြစ်သွားပါတယ်။ အဲဒီအခါမှာ နရသီဟပတေ့မင်းက ဒေါသထွက်ပြီး ရာဇသင်္ကြန်အမတ်ကြီးကို မေးပါတယ်။

“အဘိုးဘုရားထီးတင်တဲ့အခါ ဘယ်အရာနဲ့ တင်ရပါသလဲ”

“မြေမ်းကိုအသုံးပြုပြီးတင်ရပါတယ်မင်းကြီး”

“ဒါဆိုရင် ထီးတင်ပြီးရင် မြေမ်းကိုဘယ်လိုလုပ်ရပါသလဲ”

“မြေမ်းကိုဖျက်ရပါတယ်၊ ဒါမှသာထီးတော်တင့်တယ်ပါမယ်”

“မှန်ပါတယ်၊ အဘိုးက မြေမ်းနဲ့တူပါတယ်၊ ကျွန်ုပ်က ထီးနဲ့တူပါတယ်၊ မြေမ်းနဲ့တူတဲ့ အဘိုးမရှိမှ ထီးနဲ့တူတဲ့ ကျွန်ုပ်တင့်တယ်ပါမယ်”ဆိုပြီး ရာဇသင်္ကြန်အမတ်ကြီးကို အဆောင်အယောင်တွေရုပ်သိမ်းကာ ဒလကို နယ်နှင်ဒဏ် အပြစ်ပေးခဲ့ပါတယ်။

နှုတ်ကထွက်လာတဲ့စကားတစ်ခွန်းဟာ ကောင်းကျိုးတွေရှိနိုင်သလို၊ ဆိုးကျိုးတွေကိုလည်းခံစားရပါတယ်။ ဆိုးကျိုးတွေဖြစ်စေတဲ့ဝစီဒုစရိုက်တွေကို ရှောင်ရှားကြရပါမယ်။ ဝစီဒုစရိုက်လေးပါးဆိုတာ မုသာဝါဒဆိုတဲ့မုသားပြောဆိုမှု၊ ပိသုဏဝါစာဆိုတဲ့ ချောပစ်ကုန်းတိုက်မှု၊ ဖရုသဝါစာဆိုတဲ့ကြမ်းကြမ်းတမ်းတမ်းအယုတ်တမာဆဲဆိုမှုနဲ့သမ္ဖပ္ပလာပဆိုတဲ့ ပြိန်ဖျင်းတဲ့စကားပြောဆိုမှုဖြစ်ပါတယ်။ ရာဇသင်္ကြန်အမတ်ကြီးဟာ မပြောသင့်တာပြောမိလို့ ပြစ်ဒဏ်ခံရခြင်းဖြစ်ဝါတယ် ။ ဝစီဒုစရိုက်ကြောင့် လူတွေမှာ မလိုလားအပ်တဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ကြရတတ်ပါတယ်။

နောက်တစ်မျိုးကတော့ ကာယကံမြောက် မလုပ်သင့်တာတွေ မလုပ်မိဖို့နဲ့ လုပ်သင့်တာတွေကို ရွေးချယ်လုပ်ကိုင်တတ်ဖို့လိုပါတယ်။ လူ့သဘာဝအရ လူတွေဟာ ကိုယ့်အကျိုးစီးပွားအတွက် ဦးစားပေးလုပ်ကိုင်တတ်ကြပါတယ်။ လုပ်တဲ့အလုပ်တွေကို တချို့က မှားမှန်းမသိလို့လုပ်မိတယ်။ တချို့က မှားမှန်းသိပေမယ့် လောဘကြောင့် မလုပ်သင့်မှန်းသိပေမယ့် ဆက်ပြီးလုပ်ကြတယ်။ တချို့က အမှားကို အမှန်ထင်ပြီး လုပ်တယ်။ တချို့ကတော့ ကိုယ်လုပ်ချင်တဲ့အလုပ်က မိမိရော၊ ပတ်ဝန်းကျင်ကိုပါ ထိခိုက်မှာသိပြီး မလုပ်သင့်တဲ့အလုပ်ကို မလုပ်ကြဘူး။

ကာယကံငါးပါးကို စောင့်ရှောက်ကြတဲ့အခါမှာ ကိုယ်ထိလက်ရောက်ပြုတဲ့ သူတစ်ပါးအသက်ကို သတ်တာ၊ သူတစ်ပါးကမပေးဘဲ သူ့ဥစ္စာကိုခိုးယူတာ၊ ကာမဂုဏ်မှာ ယုတ်ယုတ်မာမာကျင့်ကြံတာတွေကို ရှောင်ကြဉ်ရပါတယ်။ ကံငါးပါးထဲက သူတစ်ပါးအသက်ကိုသတ်တာနဲ့ပတ်သက်ပြီး သာဓကတစ်ခုကိုတင်ပြရရင် သာဝတ္ထိပြည်က သားသတ်သမားတစ်ယောက်ဟာ သူကိုယ်တိုင်လည်း နွားတွေကို သတ်တယ်။ အရောင်းအဝယ်လည်း လုပ်တယ်။ နွားသားမပါရင်ထမင်းမစားနိုင်တဲ့ထိ နွားသားကို နှစ်သက်ပါတယ်။ တစ်နေ့မှာ သူစားဖို့ထားတဲ့ အမဲသားကို မိတ်ဆွေတစ်ဦးက ဖွတ်အတင်းယူသွားလို့ အမဲသားဟင်းမပါတာကို သည်းမခံနိုင်ဘဲ နွားအရှင်တစ်ကောင်ရဲ့လျှာကိုဖြတ်ပြီး သူ့ဇနီးကိုချက်ခိုင်းပါတယ်။ ထမင်းစားတော့အမဲသားကို လျှာပေါ်တင်လိုက်တာနဲ့ သားသတ်သမားရဲ့လျှာဟာ အရင်းကပြတ်ပြီး ထမင်းပန်းကန်ထဲကို ကျသွားခဲ့ပါတယ်။ သူပြုခဲ့တဲ့မကောင်းမှုအကုသိုလ်ကံအတိုင်းပြန်လည်ခံစားရပါတယ်။ ခံတွင်းကသွေးတွေယိုစီးပြီး နွားလိုအော်၊ အိမ်ကိုပတ်ပြေးရင်းက လဲကျသေဆုံးသွားခဲ့ပါတယ်။ (ဓမ္မပဒအဋ္ဌကထာ၊ မလဝဂ်၊ ဂေါဃာတကဝတ္ထု)ဒီဇာတ်ကြောင်းကိုဆင်ခြင်ပြီး ကာယဒုစရိုက်တွေကို ရှောင်ကြဉ်သင့်ပါတယ်။

နေ့စဉ်လုပ်နေကြတဲ့အလုပ်တွေကို ကြည့်ရင် ကိုယ်တိုင်ပြုလုပ်ကြတာရှိသလို၊ တခြားသူတွေကို တစ်ဆင့်ခိုင်းတာတွေကိုလည်း တွေ့နိုင်ပါတယ်။ ကိုယ်တိုင်လုပ်တာပဲဖြစ်ဖြစ်၊ သူတစ်ပါးကို ခိုင်းစေတာပဲဖြစ်ဖြစ် ကောင်းတဲ့အလုပ်တွေဆိုရင် ကောင်းကျိုးရနိုင်ပေမယ့်၊ မကောင်းတဲ့အလုပ်၊ အများအကျိုးကိုထိခိုက်နစ်နာစေမယ့်အလုပ်တွေ လုပ်မိရင် ကာယကံရှင်ကိုယ်တိုင်ရော၊ အများကိုပါထိခိုက်တတ်ပါတယ်။ လက်ရှိကာလမှာ တချို့ဟာ မလုပ်သင့်တာတွေကို ကိုယ်တိုင်ပြုလုပ်သူတွေရှိကြသလို၊ သူတစ်ပါးကို မြောက်ပင့်ခိုင်းစေတာတွေကို မြင်တွေ့နိုင်ပါတယ်။ ဆိုးကျိုးဆိုတာ ချက်ချင်းခံစားရတတ်သလို၊ ချက်ချင်းမခံစားရသေးဘဲ နောင်မှခံစားရတတ်တာမျိုးလည်းရှိပါတယ်။ သူတစ်ပါးက မြှောက်ပေးလို့ လိုက်လုပ်ကြတဲ့သူတွေဟာ ဆိုးကျိုးတွေခံစားနေကြရပြီး သူတို့ရဲ့အနာဂတ်ဘဝတွေ ဆုံးရှုံးပျက်စီးသွားတတ်ပါတယ်။

လူတိုင်းက ကိုယ့်အကျိုးစီးပွားနဲ့ယှဉ်ပြီး အလုပ်လုပ်ကြပါတယ်။ ကောင်းတာဖြစ်စေ၊ မကောင်းတာဖြစ်စေ လုပ်လို့ရရင် ဆက်ပြီး လုပ်ချင်ကြတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ လောဘတွေက တက်လာပြီး မဖြစ်ဖြစ်အောင် ရှေ့တိုးလုပ်ကြတယ်။ ဖြစ်မလာရင် ဒေါသတွေဖြစ်လာတယ်။ လောဘနဲ့ဒေါသတွေကြောင့် အမှားအမှန်ကိုမဆင်ခြင်နိုင်တဲ့ မောဟတွေက ဖုံးအုပ်သွားပါတယ်။ လောဘဆိုတာ လိုချင်မက်မောခြင်း၊ တပ်မက်ခြင်း။ ဒေါသဆိုတာစိတ်ဆိုးခြင်း၊ အမျက်။ မောဟဆိုတာ တွေဝေခြင်း၊ အမှန်အမှား မခွဲခြားနိုင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေအားလုံးဟာ ဆိုးကျိုးတွေကိုသာ ဖြစ်စေပါတယ်။ ဒါကြောင့် ဆိုးကျိုးတွေဖြစ်စေမယ့် လောဘ၊ ဒေါသနဲ့မောဟတွေကို ဆင်ခြင်ထိန်းသိမ်း လုပ်ကိုင်သင့်ကြပါတယ်။

သဘာဝအရ ယူထားတာရှိရင် ပြန်ပေးဆပ်ရပါတယ်။ မကောင်းတဲ့အလုပ်တွေကို ပေးတဲ့သူက ပေးရင် ယူသင့်၊ မယူသင့်ကို ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ဆင်ခြင်ပြီးမှ ယူကြရပါမယ်။ ယူပြီးရင် ပြန်လည်ပေးဆပ်ရတဲ့တန်ဖိုးဟာ ယူထားတာထက်ပိုများနေတတ်ပါတယ်။ ချက်ချင်းမပေးဆပ်ရသေးလည်း တစ်ချိန်ချိန်မှာတော့ မလွှဲမကန်ပေးဆပ်ကြရမှာပါ။

နောက်တစ်မျိုးကတော့ မနောကံဆိုတဲ့စိတ်ပါ။ ဝစီကံတွေ၊ ကာယကံတွေဖြစ်ဖို့ စိတ်ကတွန်းအားပေးပါတယ်။ စိတ်ဆိုတာကို မမြင်ရသလို စိတ်ရဲ့အလျဉ်က အလွန်မြန်ဆန်ပါတယ်။ ဝစီကံ၊ မနောကံတွေဖြစ်လာအောင် စိတ်ကတွန်းအားပေးနေတာကြောင့် အပြောနဲ့အလုပ်တွေရဲ့ ရေသောက်မြစ်လို့ဆိုနိုင်ပါတယ်။ မနောဒုစရိုက်သုံးပါးကို အဘိဇ္ဈာ=သူတစ်ပါးစည်းစိမ်ကို ငါ့ဟာဖြစ်ရင်ကောင်းလေစွလို့ မတရားကြံစည်မှု၊ ဗျာပါဒ=သေကျေပျက်စီးသွားလျှင်ကောင်းလေစွလို့ ပြစ်မှားမှု၊ မိစ္ဆာဒိဋ္ဌိ=အယူမှားမှုတွေဟာမကောင်းတဲ့အလုပ်တွေဖြစ်ပါတယ်။ ဒုစရိုက်တရားတွေကို အပါယ်ရောက်ကြောင်း မကောင်းတဲ့ခရီးလမ်း အကုသလကမ္မပထတရားလို့လည်းခေါ်ပါတယ်။

စိတ်ကအတွေးအမြင်တွေကို ဖြစ်စေပါတယ်။ အတွေးအမြင်တွေဟာ တည့်မတ်မှန်ကန်ဖို့လိုပါတယ်။ အစွန်းရောက်တဲ့အတွေးအမြင်တွေဝင်လာရင်ကောင်းကျိုးထက် ဆိုးကျိုးတွေကိုသာ ခံစားကြရပါမယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာလွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နယ်ချဲ့လက်အောက်မှာ သွေးခွဲအုပ်ချုပ်ခံခဲ့ရတာရယ်၊ ကိုယ်ပိုင်အသိဉာဏ်ပညာတွေနည်းပါးခဲ့ကြတာရယ်ကြောင့် တိုင်းရင်းသားအချို့ဟာလွဲမှားတဲ့အတွေးအမြင်တွေနဲ့ စိတ်ဝမ်းကွဲပြီး လက်နက်ကိုင်တောခိုခဲ့ကြပါတယ်။ ကိုယ်ပိုင်အသိဉာဏ်အတွေးအမြင်တွေကြောင့် နယ်ချဲ့ရဲ့မှိုင်းတိုက်ခံရတဲ့ အမှန်ကို မမြင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် အလုပ်သုံးပါးမှာ စိတ်ရဲ့အလုပ်ဟာ အရေးကြီးဆုံးလို့ ဆိုနိုင်ပါတယ်။

စိတ်ထဲကပေါ်လာတဲ့ အတွေးအမြင်တွေက တစ်ဆင့် မပြောသင့်တာ မပြောမိအောင်၊ မလုပ်သင့်တာကို မလုပ်မိအောင် မပြောခင်၊ မလုပ်ခင်က စဉ်းစား။ ပြောနေ၊ လုပ်နေတုန်းမှာလည်း စဉ်းစား။ ပြောပြီးလုပ်ပြီးရင်လည်း ပြန်စဉ်းစားရပါမယ်။ ပြောတာလုပ်တာတွေ မှားမှန်းသိရင်လည်း အချိန်မီပြင်ဆင်ပြီး ဝန်ခံတောင်းပန်သင့်ပါတယ်။

မဆင်မခြင်နဲ့ စိတ်ထဲထင်ရာကို ပြောမိ၊ လုပ်မိရင် ဆိုးကျိုးတွေသာ ဖြစ်လာပါမယ်။ စိတ်ဆိုတာ ကိုယ့်စိတ်ကိုပြန်ပြီး မမြင်နိုင်သလို သူတစ်ပါးရဲ့စိတ်ကိုမြင်နိုင်ဖို့ ပိုပြီးခဲယဉ်းပါတယ်။ ဒါကြောင့် ကိုယ်ပိုင်အသိစိတ်နဲ့လုပ်တဲ့ အလုပ်တွေမှာတောင် မကောင်းတာတွေဖြစ်တတ်တာမို့ သူတစ်ပါးအမြင်နဲ့လိုက်လုပ်မိရင် ဆိုးကျိုးတွေပိုပြီး တွေ့ရတတ်ပါတယ်။ အားလုံးကိုမဆိုလိုပါ။ တချို့သူတော်ကောင်းတွေ၊ ပညာရှိတွေရဲ့အတွေးအမြင်တွေဟာ မှန်ကန်ကောင်းမွန်ပြီး အများအကျိုးကို ဖြစ်စေတဲ့အတွက် လိုက်နာကျင့်ကြံနေကြရဆဲဖြစ်ပါတယ်။

အချုပ်အားဖြင့် နေ့စဉ်လုပ်ကိုင်နေကြတဲ့အလုပ်တိုင်းဟာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အလုပ်သုံးပါးနဲ့လုပ်ကိုင်နေကြပါတယ်။ လုပ်ကိုင်နေတဲ့ အလုပ်တွေကို အမှန်နဲ့အမှား ခွဲခြားသိမြင်နိုင်ဖို့ ပညာဟာ အရေးပါလှပါတယ်။ ပညာဆိုတာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ်ဖြစ်ပါတယ်။ အတတ်ပညာတွေ ဘယ်လောက်ပဲတတ်ပါစေ၊ အသိဉာဏ်ပညာနည်းရင် ကောင်းကျိုးတွေအပြည့်အဝ မခံစားရနိုင်ပါ။ ဒါကြောင့် အသိပညာရော၊ အတတ်ပညာတွေပါ ပြည့်စုံနေအောင် သင်ယူလေ့လာမှုတွေ အမြဲလုပ်နေကြရပါမယ်။ သင်ယူလေ့လာမှုတွေကြောင့် အသိပညာဗဟုသုတတွေ ပြည့်စုံနေရင် ကိုယ်ပိုင်အသိတွေနဲ့ အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုးတွေကို ခွဲခြားဆင်ခြင်နိုင်ပြီး မှန်ကန်တဲ့အလုပ်သုံးပါးနဲ့ ဘဝကြီးပွားတိုးတက်ကြောင်းအလုပ်တွေကို တည့်မတ်မှန်ကန်အောင် လုပ်ဆောင်နိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**❖ လူတိုင်းက ကိုယ့်အကျိုးစီးပွားနဲ့ယှဉ်ပြီး အလုပ်လုပ်ကြပါတယ်။ ကောင်းတာဖြစ်စေ၊ မကောင်းတာဖြစ်စေ လုပ်လို့ရရင် ဆက်ပြီးလုပ်ချင်ကြတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ လောဘတွေက တက်လာပြီး မဖြစ်ဖြစ်အောင် ရှေ့တိုးလုပ်ကြတယ်။ ဖြစ်မလာရင် ဒေါသတွေဖြစ်လာတယ်။ လောဘနဲ့ဒေါသတွေကြောင့် အမှားအမှန်ကိုမဆင်ခြင်နိုင်တဲ့ မောဟတွေက ဖုံးအုပ်သွားပါတယ်။ လောဘဆိုတာ လိုချင်မက်မောခြင်း၊ တပ်မက်ခြင်း။ ဒေါသဆိုတာစိတ်ဆိုးခြင်း၊ အမျက်။ မောဟဆိုတာ တွေဝေခြင်း၊ အမှန်အမှား မခွဲခြားနိုင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေအားလုံးဟာ ဆိုးကျိုးတွေကိုသာ ဖြစ်စေပါတယ်။ ဒါကြောင့် ဆိုးကျိုးတွေဖြစ်စေမယ့် လောဘ၊ ဒေါသနဲ့ မောဟတွေကို ဆင်ခြင်ထိန်းသိမ်းလုပ်ကိုင်သင့်ကြပါတယ်။ ❖**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ







နေပြည်တော် ဒီဇင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် နှစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၃၂၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၈၃၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၉၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toyota Hilux တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၃၃၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၁၅၈ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၁၂၇၅၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၉၁၄၀၇၂ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၄၉၇၅၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၁၆၃၈၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၁၅၉၇၈၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၁၀ | ၃၂၂၅ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၅ | ၃၁၈၀ | ၄၅၀၅ | ၃၄၇၅ | ၃၂၀၀ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၅ | ၃၉၅၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၅၆၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၀ | ၃၀၆၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | ၄၈၃၀ | ၃၆၅၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | - | ၃၆၅၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၃၈ | ၃၀၃၁ |
| 95 Ron | ၃၀၄၆ | ၃၁၄၀ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၁၁ | ၃၂၀၃ |
| HSD (10 ppm) | ၃၁၁၁ | ၃၂၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# MPTA FM Application အသုံးပြု၍ နီးစပ်ရာစက်သုံးဆီဆိုင်များ၏ ဆီဈေးနှုန်းနှင့် လိုအပ်သလောက်ဝယ်ယူဖြည့်တင်းနိုင်ခြင်းရှိ၊ မရှိ သိရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်သူများ လက်ကိုင်ဖုန်း အသုံးပြု၍ နီးစပ်ရာစက်သုံးဆီအရောင်းဆိုင်များတွင် မည်သည့်စက်သုံးဆီအမျိုးအစားများကို မည်သည့်ဈေးနှုန်းများဖြင့် လိုအပ်သလောက် ဝယ်ယူဖြည့်တင်းနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် MPTA FM အမည်ရှိ Software Application တစ်ခု ရေးဆွဲဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

MPTA FM Application တွင် နိုင်ငံအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ၊ အရောင်းဆိုင်ဖွင့်ချိန်၊ ပိတ်ချိန်၊ ရရှိနိုင်မည့် စက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းစသည့် သတင်းအချက်အလက်များပါဝင်ပြီး ယင်း Application ကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)တို့ ပူးပေါင်းရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ MPTA FM Applicationကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Android Version ဖုန်းများဖြင့် Google Play Store တွင် လွယ်ကူစွာ Download ရယူအသုံးပြုနိုင်ပြီဖြစ်ပြီး IOS Version ဖုန်းများတွင် App Store မှတစ်ဆင့် Download ရယူသုံးစွဲနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူအနေဖြင့် Android Version ဖုန်းများဖြင့် နီးစပ်ရာစက်သုံးဆီအရောင်းဆိုင်များတွင် မည်သည့်စက်သုံးဆီအမျိုးအစားမဆို လိုအပ်သလောက်ဝယ်ယူနိုင်ရန်အတွက် အသုံးပြုရန် Google Play Storeတွင် တင်ထားသည့် MPTA FM Application Logo ပုံစံ

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ



ဝဲမှယာ တရားခံ အောင်ဖြိုး ၃၅ နှစ် (ဘ) ဦးမောင်ခင်၊ အောင်မိုး ၄၃ နှစ် (ဘ) ဦးမောင်ခင်၊ စိန်ထွန်း ၂၅ နှစ် (ဘ) ဦးတင်ဝင်း။

**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် ခွဲဝေအသုံးပြုခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုံစမ်းဆောင်ရွက်ခဲ့ကြရာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အဆိုပါ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိထားသူ ဦးညို(ခ)ကိုကိုညို(စိစစ်ဆဲ) သည်ပန်းရန်အလုပ်သမားများဖြစ်ကြသော အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုး၊ ဇေယျာဖြိုး၊ ဝင်းဇော်၊ ကျော်စိုးနိုင်၊ ဖွဲ့မာန်၊ ကိုငယ်၊ သန်းထွန်းအေး၊ အောင်သူဖြိုး၊ အောင်ကျော်မိုး၊ ဟန်ဝင်းသူ၊ မောင်တိုးတို့ ၁၃ ဦး နှင့်အတူ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်စဉ် ရှေးဟောင်းမြေအိုးတစ်လုံးတူးဖော်ရရှိခဲ့ပြီး အဆိုပါမြေအိုးအတွင်းမှ ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံးနှစ်ခု၊ ရွှေဘယက်အချို့အား တူးဖော်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနိုင်ရန် အောင်ဖြိုးက ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံး နှစ်ခုတို့ကို ယူဆောင်ပြီး ကျန်ရွှေဘယက်နှင့် အခြားရွှေထည်ပစ္စည်းများကို ဦးညို(ခ)ကိုကိုညိုတို့က အသီးသီးခွဲဝေယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ရှေးဟောင်းရွှေထည်ပစ္စည်းများ တူးဖော်ရရှိခဲ့သူ အောင်ဖြိုး၊ စိန်ထွန်းနှင့် အောင်မိုးတို့ သုံးဦးအား ၎င်းတို့၏နေအိမ်အသီးသီးမှ သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင်စစ်ဆေးခဲ့ရာ တရားခံအောင်ဖြိုးက မန္တလေးမြို့ရှိ ဦးတင်မောင်ဆွေ(စိစစ်ဆဲ)၏နေအိမ်တွင် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား ငွေကျပ်သိန်း၅၄၀ဖြင့် ရောင်းချခဲ့ကြောင်း၊ ဦးညို (ခ) ကိုကိုညိုက ၎င်းခွဲဝေရရှိထားသည့် ရွှေထည်ပစ္စည်းအချို့အား သိန်း ၉၄၀ ဖြင့်ရောင်းချခဲ့ကာ အဆိုပါရရှိငွေများထဲမှ အလုပ်သမားများဖြစ်သူ စိန်ထွန်းပါ ၁၂ ဦးအား တစ်ဦးလျှင် ၅၂၅၀၀၀ နှုန်းဖြင့် ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံ အောင်မိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေလက်ကောက်အကွေး ငါးခုအားလည်းကောင်း၊ တရားခံအောင်ဖြိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေခဲ သုံးခု၊ ရွှေထည်ပစ္စည်းမျိုးစုံ လေးကျပ် ၁၀ ပဲ သုံးရွေးနှင့် ရွှေထည်ပစ္စည်းအပိုင်းအစ ၁၆ ခု၊ ၁၃ ကျပ် ခြောက်ပဲ နှစ်ရွေးတို့ကို အသီးသီး ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှ ရှေးဟောင်းရွှေထည်ပစ္စည်းများကို တာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခဲ့သူ အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုးတို့ သုံးဦးနှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ဦးညို(ခ) ကိုကိုညိုပါ ၁၁ ဦးတို့အား ပုဂံနယ်မြေရဲစခန်းက(ပ)၂၅/၂၀၂၄၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၇/၁၉ ဖြင့် အမှုရေးဖွင့်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများအား တူးဖော်တွေ့ရှိပါက လက်ဝယ်ထားရှိခြင်း၊ စုဆောင်းထားရှိခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခြင်းများမပြုလုပ်ရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ဆက်သွယ်၍ အပ်နှံနိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

# မိုးညှင်းနှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ





**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် သန်းစိုးအောင် မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် မမေဇင်ဝင်း မောင်းနှင်ပြီး မသက်သက်မာ လိုက်ပါလာသည့်ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ဘိန်းဖြူ ၁ ဒသမ ၅၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈၂၀ နှင့် ဘိန်းစိမ်း တစ်ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် တောင်နေသက်ကျေးရွာအုပ်စု ဟိုတင်ကျေးရွာအနီးတွင် ကျော်စွာဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

# နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကျေးရွာများအတွင်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို ဒရုန်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူလူထုက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ်အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)



ဝတ္ထုတိုကဏ္ဍ

# နှစ်ကိုယ်ဝေးခဲ့ကြောင်း

ကနောင်(ပခန်းမြေ)



(၁)

"ဒီလောကကြီးက ထူးဆန်းတယ်နော် နောင်"

မမစုစကားကြောင့် သက်နောင် လမ်းမကြီးကို ငေးနေရာမှ မမစုကို ကြည့်လိုက်မိသည်။ လိမ္မော်ရည် အအေးခွက်ကို ရေခဲတုံးကလေးတွေ အရည်ပျော်အောင်ပိုက်နှင့်မွှေရင်း မမစုက ထိုသို့မေးလိုက်ခြင်းဖြစ်၏။ထို့ကြောင့်သက်နောင်မမစုကိုပြန်မေးမိသည်။

" ဘယ်လို ထူးဆန်းတာလဲ မမစု "

"နင် စဉ်းစားကြည့်လေ နောင်။ ငါတို့တွေ ဝေးသွားတာ ဘယ်လောက်ကြာပြီထင်လဲ"

မမစု အမေးစကားကြောင့် သက်နောင် အတိတ်ကနေ့ရက်တွေကို ပြန်လည်စဉ်းစား၍ ကြည့်လိုက်မိသည်။ ကြာပြီ ကြာခဲ့ပြီ အလွန်ဆုံးရှိ ငါးနှစ်ခန့်တော့ ရှိရော့မည်ဟုတွေးပြီး–

''ငါးနှစ်ခန့်တော့ ရှိရော့ပေါ့နော် မမစု"

''ခစ် ခစ် ခစ် ဟား ဟား ဟား"

သက်နောင် အဖြေစကားကြောင့် မမစုက ကလေးတစ်ယောက်လို ဟက်ဟက်ပက်ပက်ရယ်သည်။ဘေးဝိုင်းမှ လူငယ်တချို့ကပင် မမစုကို လှမ်း၍ ကြည့်ပါမှရယ်သံရပ်၍ မျက်နှာပိုးသတ်သွားလေ၏၊ သက်နောင်က မမစု ဘာကြောင့်ရယ်တာလဲဟုမသိ၍ မေးကြည့်ရပြန်သည် ။

''ဘာရယ်စရာပါလို့လဲ မမစု "

''နင် မမှတ်မိဘူး မဟုတ်လား နောင်။ နင်မမှတ်မိပေမဲ့ ငါမှတ်မိနေသေးတယ်။ ရက်၊ လ၊ နှစ်တွေနဲ့ တိတိကျကျကို ငါမှတ်မိတယ်။ ဒါပေမဲ့ ဘယ်နေ့ ဘယ်ရက်ကစပြီး ပြန်မဆုံဖြစ်ကြတာလို့တော့ နင့်ကို ငါ ပြောမပြဘူး"

ထိုသို့ ပြောပြီး မမစုက လိမ္မော်ရည်ကို ပိုက်လေးနှင့်စုပ်၍တစ်ငုံခန့်သောက်နေလေ၏၊သက်နောင်က မမစု မပြောဘူးဆိုပါမှ၊ ပို၍ပင်သိချင်လာမိသည်။ ထို့ကြောင့်မမစုကို ပြောပြဖို့ တောင်းဆိုရပြန်၏။

'' ဘာဖြစ်လို့လဲ မမစု။ နောင် တကယ်မမှတ်မိလို့ ပြောပြပါလားဗျာ"

''အင်း နင်တကယ် သိချင်ရင်တော့ ငါတို့နှစ်ယောက် အပြန်အလှန် လက်ဆောင်ပေးဖူးခဲ့ကြတဲ့ စာအုပ်လေးတွေမှာ Dateလေးတွေရှိနေအုံးမှာပဲ။ နင် သိချင်ပြန်ရှာဖတ်ကြည့်ပေါ့ "

ထိုစဉ်အခါက သက်နောင်သည် ဆရာလယ်တွင်းသားစောချစ်၏ "လွမ်းစေတီနဲ့ စမ်းရေကြည်" ဝတ္ထုလေးကို မမစုဖတ်ဖို့စာအုပ်လက်ဆောင်ပေးခဲ့ဖူး၏။ မမစုကလည်းသက်နောင်ကို နေသာ၏ "မင်းအတွက်"ဆိုသည့် စာအုပ်လက်ဆောင်ပေးခဲ့ဖူးသည်ကိုပြန်၍ အမှတ်ရလာမိသည်။ ထိုမျှလောက်သာ သက်နောင်မှတ်မိပေသည်။ မမစုလို နေ့စွဲအတိအကျနှင့်တော့ သက်နောင်မမှတ်မိ။ တောင်ပေါ်မြို့ကလေးကို ပြန်ရောက်လျှင်တော့ သက်နောင် ထူထောင်ထားသည့် "ပျိုးဥယျာဉ်" စာကြည့်တိုက်ကလေးထဲကနေ မွှေနှောက်ပြီး မမစု ပေးခဲ့ဖူးသည့် စာအုပ်ကလေးကို ပြန်ရှာကြည့်ရမည်။

(၂)

ဆရာသက်နောင်သို့ လိပ်မူ၍ စာတိုက်မှရောက်ရှိနေသည့် စာအိတ်ကလေးက ကျောင်းရုံးခန်းစားပွဲပေါ်တွင်ရှိနေခဲ့သည်။ အတန်းဝင်နေချိန်မို့ သက်နောင် မဖတ်ဖြစ်သေးသည့်စာကို နေ့လယ်ကျောင်းဆင်းချိန်မှသာ ဖတ်ခွင့်ရတော့၏။

" သို့ နောင်ရေ မမစုတော့ အိမ်ထောင်ပြုတော့မယ်။အမျိုးသားက သင်္ဘောသားပါ။ ဒီတစ်ခေါက် သူသင်္ဘောကပြန်လာရင် နှစ်ဖက်မိဘတွေဆန္ဒအရရန့် ရက်၊ လသက်မှတ်ပြီး နွေဦးအစလောက်မှာ မင်္ဂလာဆောင်ဖြစ်ကြမယ်ထင်ပါတယ်။နိုင်ငံတော်အတွက် ပညာရေးဝန်ထမ်းအဖြစ်နဲ့ တာဝန်တွေထမ်းဆောင်နေရတဲ့ နင်၊ ငါ့မင်္ဂလာဆောင်ကို မလာနိုင်မှန်း သိပေမဲ့ စာပေမိတ်ဆွေသူငယ်ချင်းတစ်ယောက်အနေနဲ့ နင့်ကိုလဲ ငါကြိုတင်အသိပေးအကြောင်းလိုက်ပါတယ်။ အစစအရာရာ ဂရုစိုက်ပေါ့ဟာ။ နေကောင်းအောင်လဲ နေပေါ့။ ပညာရေးတာဝန် တွေ ထမ်းဆောင်ရင်း နင်ချစ်တဲ့ တပည့်တွေနဲ့ ချင်းတောင်တန်းကြီးမှာ နေ့ရက်တိုင်း ပျော်ရွှင်နိုင်ပါစေလို့ ငါဆုတောင်းပေးနေလျက်ပါနောင်"

ကိုသက်နောင်ရဲ့၊ ခင်ရတဲ့၊ စုစုလှိုင်။

ဩော် မမစု အိမ်ထောင်ပြုတော့မယ်တဲ့လား။ စာရွက်လေးကို ပြန်ခေါက်ပြီး ဖွင့်ဖောက်ထားသည့်စာအိတ်ကလေးထဲသို့ သက်နောင်ပြန်ထိုးထည့်လိုက်သည်။ သို့သော် သက်နောင်အတွေးတွေကတော့ ရင်ထဲသို့ ပြန်ထိုးထည့်၍မရ၊ မမစု အိမ်ထောင်ပြုတော့မည်ဆိုပါမှ အတိတ်ကနေ့ရက်တွေနှင့်အတူ သတိရမိစိတ်ကပိုလာသည်။ အထက်တန်းကျောင်းမှာ ဆုံခဲ့ကြစဉ်ကသွားအတူ၊ စားအတူရှိခဲ့ကြသည့် ပုံရိပ်တွေက အတွေးအာရုံ၌ ရုပ်ရှင်ပမာထင်ဟပ်၍ ပေါ်လာကြလေ၏ ။

(၃)

မမစုက သိပ်မဝသော်လည်း မပိန်ပါ။မြန်မာဆန်ဆန်လေး အမြဲဝတ်ပြီး သနပ်ခါးလိမ်းရသည်ကို ကြိုက်နှစ်သက်သူဖြစ်၏။ ရန်ကုန်သူမို့ အသားအရည်ဖြူသည့်ဘက်မှာပါ၏။ မမစုပန်းပန်သည်ကို မတွေ့ဖူးသော်လည်း ပန်းတွေ၏ သဘာဝအလှကိုတော့ ချစ်မြတ်နိုးသည့်အကြောင်း ပြောခဲ့ဖူးသည်။ တစ်ခါကဆိုလျှင် သက်နောင် အိမ်မှာစိုက်ထားသည့် နှင်းဆီပန်းပင်မှ ပထမဆုံးပွင့်သည့် သုံးပွင့်ကို၊ တစ်ပွင့်ကို ဘုရားလှူ၍ တစ်ပွင့်ကို အမေပန်ဖို့ခူးပြီး ကျန်တစ်ပွင့်ကိုတော့ မမစုပန်ဖို့ ယူလာပေးမိသည်။ သက်နောင် ကမ်းပေးသည့်နှင်းဆီပန်းကိုယူ၍ မမစုက တစ်ချက် နမ်းရှိုက်လိုက်သည်၊ ပြီးမှ သက်နောင်ကို မေး၏။

"နင် ဒီနှင်းဆီပန်းကို ဝယ်လာတာလား"

" မဟုတ်ဘူး မမစု။ ဒီနေ့မနက် အိမ်မှာ နောင်စိုက်ထားတဲ့ပန်းအိုးထဲကနေ ပထမဦးဆုံးပွင့်နေတဲ့ ပန်းသုံးပွင့်ကိုဘုရားတစ်ပွင့်၊ အမေတစ်ပွင့်၊ မမစု အတွက် တစ်ပွင့်ဆိုပြီး ခူးယူလာပေးတာ"

သက်နောင် အဖြေစကားကြောင့် အလိုမကျဟန်နှင့်မမစု မျက်မှောင်တစ်ချက်ကြုတ်လိုက်သည်ကို တွေ့ရ၏။ သက်နောင် ပန်းခူးလာခဲ့သည်ကို မမစု မကြိုက်ဟန်တူသည်။ ထင်သည့်အတိုင်းလည်း မမစုထံမှစကားလုံးတွေက ပွင့်အန်၍ ထွက်လာ၏။

''ဩော် ... ရက်စက်လိုက်တာ နောင်ရယ် "

''ဟောဗျာ ပန်းကလေးတွေကို ခူးမိတာနဲ့ နောင်ကရက်စက်ရာကျရော့လား မမစုရယ်။ ပန်းတွေဆိုတာက ရာသီအလိုက်ဖူးကြပွင့်ကြမှာပဲ၊ ပြီးရင် ညှိုးနွမ်းခြောက်သွေ့ကြတာ ပန်းရဲ့ သဘာဝပဲလေ၊ ပြီးတော့ ပင်ယံမှာဒီအတိုင်းကြီး နွမ်းခြောက်သွားတာထက် စာရင်ခူးဆွတ်ပန်ဆင်တာဖြစ်ဖြစ်၊ ပန်းအလှအိုးထဲမှာဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင်ဘုရားကိုကပ်လှူပူဇော်တာပဲဖြစ်ဖြစ် လူသားနဲ့ကမ္ဘာအတွက် ဖြစ်တည်သွားရတာကမှ ပန်းသင့်၍ ပန်းဂုဏ်လဲ တင့်စေမယ် မဟုတ်လား မမစု"

စာတစ်တန် ပေတစ်တန်နှင့်သက်နောင်ပြောသည်ကို မမစုက မျက်စောင်းထိုး၍ ကြည့်သည်။ ပြီးတော့မှ မမစုက ပန်းပွင့်လေးများအပေါ်ထားရှိသည့် သူ့အတွေး သူ့အမြင်ကို သက်နောင်ကို ပြောပြ၏။

" ငနောင် နင်ကလေ စာတွေပဲ ဖတ်တတ်ပြီးတော့ နင့်နှလုံးသားက သိမ်မွေ့နူးညံ့မှု လုံးဝမရှိဘူး။ သဘာဝတရားကို ချစ်တတ်မြတ်နိုးတတ်တဲ့ နှလုံးသားဟာ နင့်မှာ ပါမလာဘူး။ ပါမလာလို့လဲ အခုလို သဘာဝအလှကို မခံစားတတ်ဘဲ ပန်းအလှကို ရက်ရက်စက်စက်ဖျက်ဆီးခဲ့တာပေါ့။ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားမရှိရင် သဘာဝအလှကို မခံစားတတ်ဘူး။ အဲဒီလိုမခံစားတတ်ရင် နင် စာရေးဆရာလုပ်ဖို့လဲ မထိုက်တန်ဘူး နောင် "

သက်နောင်အဖို့ ပန်းကလေးတွေကို ခူးလိုက်မိခြင်းဟာ မမစုအတွက်တော့ ပုဒ်မအကြီးကြီးတပ်၍ စီရင်ချက်ချစရာဖြစ်ခဲ့၏၊ သက်နောင် မမစု အပြောတွေကို သဘောကျသည်မို့ ဘယ်လိုစကားလုံးတွေ ပစ်လွှတ်ဦးမလဲသိချင်သည်နှင့် မမစုလက်ထဲမှ နှင်းဆီပန်းလေးကို ဖြတ်ခနဲ ပြန်ယူလိုက်ပြီး–

"စေတနာနဲ့ ခူးယူလာရသေး၊ မပန်ချင်လဲ နေပေါ့ "

" မပန်ဘူး။ ငါ လုံးဝမပန်ဘူး နောင်။ မိန်းမသားတစ်ယောက်ရဲ့အလှတရားအတွက် သဘာဝအလှကို ဖျက်ဆီးပြီးမှ ယူလာတဲ့ ပန်းတစ်ပွင့်နဲ့ နန်းဆန်ခွင့်မရှိလဲ နေပါစေတော့။ အဲဒီ ပန်းပွင့်ကို နင်သာ ခူးမယူလာခဲ့ရင် သူ့မိခင်ပင်ယံမှာဘယ်လောက်ထိ ကြာမယ်ထင်လဲ နောင် "

" ဟင့်အင်း နောင် မသိဘူး။ မပြောတတ်ဘူး။ မမစု"

" အင်း နင် မသိရင် ငါပြောပြမယ်။ ဒီပန်းကလေးကို နင်မခူးခဲ့ရင် သူဟာ ဖူးငုံပြီး ပွင့်လာရာကနေ ရက်သတ္တနှစ်ပတ်ခန့်ထိ ကြာတယ်နောင်။ ဒါပေမဲ့ သူ့ရဲ့ အလှပဆုံးနဲ့ အသင်းပျံ့ဆုံးအချိန်ဟာ ငုံအာ လာရာကနေပွင့်လန်းနေတဲ့ တစ်ပတ်ခန့်ရောက်လာ တဲ့ အချိန်ပဲ။ အဲဒီအချိန်ဟာ ပန်းတစ်ပွင့်ရဲ့ အရွယ်ရောက်လာတဲ့ အချိန်လို့ဆိုရမလား၊ အလွန်လှပပြီး သင်းပျံ့စွာနဲ့မွှေးတယ်။ အဲဒီတစ်ပတ်ကျော်ရင် တော့ ပွင့်ချပ်၊ ပွင့်လွှာတွေဟာ တဖြည်းဖြည်းချင်း အရောင်ဖျော့လာမယ်။ ရနံ့တွေလဲ ပြယ်သွားတယ်။ နှစ်ပတ်ခန့်ကြာလာရင်ပွင့်လွှာတွေ ခြောက်သွေ့ပြီး ပန်းတစ်ပွင့်ရဲ့ နိဂုံးအဆုံးသတ်သွားတယ်။ ဒါ ဟာ ငါ သေချာစောင့်ကြည့်ခဲ့ဖူးလို့ သိလာရတာလေ။ ငါက အိမ်မှာအလှစိုက်ထားတဲ့ ပန်းတွေကို ဘယ်တော့မှ မခူးဘူး။ အိမ်ကလူတွေလဲ ပန်းမခူးဖို့ပြောထားတယ်။ ကိုယ်ပျိုးထားတဲ့ပန်းကို မချိုးဘဲ အလှကြည့်ရုံ သပ်သပ်နဲ့ စိတ်ချမ်းမြေ့ရတယ်။ ပန်ချင်တာတို့ ဘုရားလှူချင်တာတို့ဆိုရင်တော့ ဈေးကနေ ဝယ်ရတာပေါ့ဟာ။ ငါ့သဘောကကိုယ်မြတ်နိုးလို့ ပျိုးထားတဲ့ ပန်းကို ဘယ်တော့မှ မချိုးရက်ဘူး။ ပန်းပျိုးလက်ဟာ ပန်းချိုးလက် ထက်တန်ဖိုးရှိတယ် နောင်။ ငါ့အမြင်မှာတော့ အလှစိုက်ထားတဲ့ ပန်းကလေးတွေကို ခူးဆွတ်သူတွေဟာ သဘာဝတရားကို ဖျက်ဆီးတဲ့သူတွေပဲ။ အခု နောင်လဲ သဘာဝတရားကို ဖျက်ဆီးတဲ့ တရားခံပဲ"

ပန်းတစ်ပွင့်၏အတ္ထုပ္ပတ္တိနှင့်အတူ မမစုအတွက်

စာမျက်နှာ ၂၅ သို့ ➤

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကေ ၁၇၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ကေ ၁၇၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)လျာထားဧကေ ၂၅၀၀ ကို ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ကေ ၁၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပိုက်ဆန်လျှော်ကို စိုက်ပျိုးခြင်းကအကျိုးကျေးဇူးများစွာရရှိပါတယ်။ စိုက်ပျိုးမြေတွေမှာ ဓာတုဓာတ်မြေဩဇာတွေ သုံးစွဲမှုလျော့နည်းသွားမယ်။ ဓာတ်မြေဩဇာတွေကြောင့် မြေဆီလွှာပျက်စီးမှုလျော့နည်းမယ်။ ဒါ့ပြင် ပိုက်ဆန်လျှော် ထည့်စိုက်တဲ့အတွက် ထွက်တဲ့သီးနှံတွေမှာလဲ ဓာတုဓာတ်ကြွင်းပါလာမှုလျော့ကျသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပိုက်ဆန်လျှော်ကို စိုက်ပျိုးတာဖြစ်ပါတယ်။ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ခြင်းလုပ်ငန်းကို ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်တောင်သူများ အနေဖြင့် စိုက်ပျိုးစကေတိုးချဲ့ စိုက်ပျိုးနိုင်ပါက ဓာတ်မြေဩဇာအသုံးပြုရမှု လျော့နည်းကျဆင်းလာမည်ဖြစ်ပြီး သွင်းအားစု ကုန်ကျစရိတ်များ သက်သာလာခြင်းကြောင့် နိုင်ငံအတွင်း ဖူလုံစေပြီး ကုန်စျေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ယခုထက်ပိုမို စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ဆက်လက်၍ ပြောပြထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဘဝဇမ္ဗူ ပွဲလယ်တင့်စေဖို့

- ဘဝတာ ခရီးလမ်း
ဖြတ်သန်းရင်း လှမ်းကြစဉ်၊
ငယ်နုနယ် ချိန်မလင့်ခင်ထဲက
အားမြှင့်မှလျှင်၊
ရည်မှန်းချက် မြင့်မားစွာပင်
ထားရှိအစဉ် နံပါတ် တစ်၊
တက်လှမ်းရွယ် ပန်းတိုင်လမ်းတွက်
နိဒါန်းဖွင့်လှစ်။

- ရည်မှန်းရာ မယွင်းမပျက်ဖို့
ယုံကြည်ချက် ခိုင်မာစေ၊
မသွေဖီအောင် ဖြောင့်ဖြောင့်ရပ်ကြ
နံပါတ် နှစ် ဖြစ်ပေ၊
တွေးခေါ်မြင့်မား ကြိုးကုတ်ဖွေ
အသိကြွယ်စေ နံပါတ် သုံး၊
စွဲမှတ်ကာ အသုံးချလို့
ပြည့်ဝအောင်မှုန်း။

- ရည်မှန်းရာ ဖော်ဆောင်ရွက်ခိုက်
ဆုံးဖြတ်ချက် မှန်ရမည်၊
ပြတ်သားစွာ ချင့်မှတ်တွေး
နံပါတ် လေး ဖြစ်သည်၊
ဖွဲ့စိတ်ဓာတ် အရင်းတည်
အားထုတ်ရည် နံပါတ် ငါး၊
သန္နိဋ္ဌာန် ခိုင်ကျည်စွဲလို့
လမ်းလွဲ ဖယ်ရှား။

- ဖြတ်သန်းရာ ခရီးလမ်းအကြား
အတားအဆီး မျိုးစုံလင်၊
ထိပ်တိုက်ဆုံ အကောက်အကွေ့
ကြုံတွေ့မည်ပင်၊
အန်တုလို့ လမ်းကောင်းထွင်
ပြင်ဆင်ကာ အားသစ်လောင်း၊
ပန်းတိုင်ရည်
လှမ်းပြိုင်ချီ အားသွန်မြန်းလေခိုက်
အောင်ပန်းပန် အောင်ပွဲလွှမ်းနိုင်ဖို့
လမ်းပြညွှန် မှုငါးချက်ကို
တစ်သက်တာ ခံယူကျင့်ပါလို့
ဘဝဇမ္ဗူ ပွဲလယ်တင့်
ဂုဏ်မြင့်စေကြောင်း။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

➤ **စာမျက်နှာ ၂၄ မှအဆက်**

တော့သက်နောင်က သဘာဝတရား၏တရားခံဖြစ် ခဲ့ရပေပြီ။သက်နောင်ကတော့ ထိုနေ့မှစ၍ ပန်းပင်ကို ပျိုး၍ပန်းများကိုမချိုးဝံ့တော့ပါ။

(၄)

မမစုကို သက်နောင် သဘောကျမိသည်က အနေအေးပြီး ရင့်ကျက်သောစိတ်ထားနှင့်စာဖတ်ဝါသနာပါသည့်အချက်တွေကြောင့်ပင် ဖြစ်သည်။ ရင်ဘတ်တူသည့် မိတ်ဆွေချင်းမို့ ပေါင်းသင်းရလွယ်ကူခဲ့သည်။ ကျောင်းဆင်းချိန်တွေမှာမုန့်စားရင်း စာအုပ်၊စာပေတွေအကြောင်းဆွေးနွေး၍အတွေးအမြင်များကို အပြန်အလှန်ဖလှယ်ခဲ့ကြဖူးသည်။တစ်ခါကဆိုလျှင်သက်နောင် လက်ဆောင်ပေးခဲ့သည့် ဆရာလယ်တွင်းသားစောချစ်၏ "လွမ်းစေတီနဲ့ စမ်းရေကြည် "ဝတ္ထုလေးဖတ်ပြီး ငိုခဲ့ရသည်ဟု ပြောဖူး၏၊ မမစုနှင့်အတူ ကျောင်းမုန့်ဖိုးတွေစုပြီး ဒဂုံမြို့သစ်ကနေ ပန်းဆိုးတန်းတစ်ဝိုက်စာအုပ်အဟောင်းဆိုင်တွေမှာ ဖတ်ချင်သည့် စာအုပ်များကို ပတ်ရှာ၍ဝယ်ခဲ့ဖူးကြသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်စာအုပ်တွေကို သက်နောင်က ဝယ်သည်။ မမစုကတော့ ဖက်ရှင်ဒီဇိုင်းတွေပါသည့် မဂ္ဂဇင်းတွေလောက်သာ အဓိကထားဝယ်သည်ကိုတွေ့ရသည်။ စာအုပ်များ ဝယ်ပြီးလျှင် ဆိုင်တစ်ဆိုင်မှာထိုင်၍ တစ်ခုခုစားသောက်ကြရင်း ဝယ်လာသည့် စာအုပ်များကိုထုတ်၍ စာအမြည်းဖတ်ဖြစ်ကြသည်။ အိမ်ပြန်ချိန်တိုင်း ဘတ်စကားပေါ်မှာ မမစု စာအုပ်တွေကအစ သက်နောင် ကူသယ်ပေးခဲ့စမြဲဖြစ်သည်။ မမစုအပေါ် သက်နောင်သည် အရိုးခံစိတ်သာရှိခဲ့၏၊ ယခုလို မမစု အခြားသူတစ်ယောက်နှင့်အိမ်ထောင်ပြုတော့မည်ဆိုပါမှ သက်နောင်နှလုံးသားက မရိုးမရွဖြစ်လာ၏၊ ဒါသည် အဘယ်နည်း။ ဘာကြောင့် ဤသို့ဖြစ်ရပါသနည်း။ သက်နောင်ဘဝမှာ မမစုကို မမစုအဖြစ်နှင့်သာ ကြုံခဲ့ဆုံခဲ့ပတ်သက်ခဲ့ရသည်။ စာဖတ်ဝါသနာပါသူချင်းတူသည်မို့ ကျောင်းသွားရင်း ဘတ်စကားပေါ်မှာ ဆုံကြရင်းသိကျွမ်းခဲ့ရသည်။ အရင်းနှီးဆုံးသော သူစိမ်းထဲမှ အသိမိတ်ဆွေ၊ ကျောင်းနေဖက်သူငယ်ချင်းမျှသာဖြစ်သည်။

ထိုစဉ်အခါက သက်နောင်သည် မန္တလေးမှ နေ၍ ရန်ကုန် ဒဂုံမြို့သစ်ဆိပ်ကမ်းသို့ မိဘများနှင့် အတူပြောင်းလာခဲ့ရစဉ်ကဖြစ်သည်။ ဒဂုံဆိပ်ကမ်းသည်ယခုခေတ်လို ဖွံ့ဖြိုးစည်ကားမှုမရှိသေး၊ မြေကွက်လပ်ကြီးများထဲတွင် နေဖြစ်ရုံမျှဆောက်လုပ်ထားသည့်တဲအိမ်ငယ်များနှင့် ဂိုထောင်လိုလို၊ အဆောက်အအုံကြီးများသာ ရှိသည်။ ရန်ကုန်ရောက်စမို့ မန္တလေးမှပြောင်းရွှေ့လာရသူ သက်နောင်အဖို့ မနေတတ်မထိုင်တတ်ဖြစ်ခဲ့ရသည်။ မမစုနှင့်ဆုံပါမှ သက်နောင်အဖို့ အဖော်မွန်ကောင်းရခဲ့၏။

မြို့စွန်က တိုးချဲ့သည့်မြို့သစ်ရပ်ကွက်မို့ထင်သည်။မန္တလေးမြို့လို လက်ဖက်ရည်ဆိုင်မရှိ၊ လမ်းထိပ်ထိုင်စရာအုတ်ခုံမရှိ၊ စာအုပ်အငှားဆိုင်ရယ်လို့ မရှိ၊ သက်နောင်အဖို့ ကျောင်းပိတ်ရက်တွေမှာနေရခက်လှသည်။ မန္တလေးမှ ဝယ်လာခဲ့သည့် စာအုပ်အဟောင်းတချို့ကိုသာ အထပ်ထပ်ခါခါ အပျင်းပြေဖတ်နေမိခဲ့သည်။တစ်ခါတစ်ရံကျောင်းစာအုပ်တွေနှင့်အတူ ဆရာတက္ကသိုလ်ဘုန်းနိုင်စာအုပ်တွေပါလာလျှင်အတန်းပိုင်ဆရာမက သိမ်း၍ ကျောင်းအုပ်ကြီးရုံးခန်းသို့လည်း ခဏခဏ သက်နောင် ရောက်ခဲ့ရပေသည်။ ဆရာ၊ဆရာမများ ဆုံးမသွန်သင်လျှင် သက်နောင် လက်ခံနားထောင်ပါသည်။ တစ်နေ့တစ်ချိန်ကျရင်လည်းအဖြူအစိမ်းဝတ်နှင့် ကလေးများကို ပြုစုပျိုးထောင်ပေးသည့်ပညာရေးဝန်ထမ်းဘဝကို သက်နောင်စိတ်ကူးခဲ့ဖူးသည်။ အထက်တန်းပြီး၍ တက္ကသိုလ်နှင့်သင်တန်းတွေတက်မြောက်ပြီးသောအခါ သက်နောင်က ကျောင်းဆရာလောကထဲဝင်ခဲ့ပြီး တာဝန်ကျသည့်တောင်ပေါ်မြို့ကလေးမှာ ပညာတွေသင်ကြားမျှဝေလျက်ရှိ၏။ မမစုကတော့ ရန်ကုန်မှာပဲ စီးပွားရေးအခြေချလုပ်ကိုင်ပြီး ဖက်ရှင်ဒီဇိုင်းနာသင်တန်းတွေတက်ရင်းကျန်ခဲ့သည်။ လူချင်းဝေးခဲ့ကြသော်လည်း စာပေး၊စာယူနှင့် အဆက်သွယ်တော့မပြတ်ခဲ့ပေ။ ယခုလည်း မမစုပေးပို့လာသည့်စာကို ဖွင့်ဖတ်ရင်း နေ့လယ်စာ ထမင်းစားဖို့ပင် မေ့နေခဲ့သည်။ ကျောင်းဝင်းထဲသို့ အဖြူအစိမ်းလေးများနှင့်ကျောင်းတက်ပြန်လာကြသော ကျောင်းသား၊ ကျောင်းသူလေးများကို မြင်သောအခါ မမစုကိုသတိရခြင်း အတွေးနွံမှ သက်နောင် ရုန်းထွက်လိုက်မိသည်။ ကျောင်းရုံးခန်းပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သောအခါ တောင်တန်းပေါ်မှသစ်ပင်တို့သည်လည်း စိမ်းစိမ်းစိုစိုနေ၏။ မမစုသည်လည်း တစ်ပါးသူရင်ခွင်သို့ ယိမ်းခိုသွားလေပြီ။ အချစ်သည် တစ်ခါတစ်ရံ၌နောက်ကျပြီးမှ ရောက်လာတတ်သည့် အရာမျိုးလားသက်နောင်မသိ၊ သက်နောင်သိသည်က တောင်တန်းမြေပေါ်မှ "နေခြည်မှာ ရွှေရည်လောင်းရဦးမည့်" ပန်းကလေးတွေအတွက် ဘဝ၏နေ့ရက်တွေကို တာဝန်မပြတ်ထမ်းဆောင်ရင်း ပေးဆပ်နေရဦးမည်သာဖြစ်၏။

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံ့စီးပွားရေးတိုးတက်လာရန် ရုန်းကန်နေရသောတာလီဘန်အဖွဲ့ အပိုင်း(၁)

ပါတီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ရွေးချယ်တင်မြှောက်ခံရသည်ဖြစ်စေ၊ အတင်းအဓမ္မ အာဏာရယူထားသည်ဖြစ်စေ နိုင်ငံသူ၊ နိုင်ငံသားများ စဉ်ဆက်မပြတ် ဝင်ငွေရရှိရန်နှင့် လူနေမှုအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် တာဝန်ရှိပေသည်။ စီးပွားရေးတိုးတက်မှု ခိုင်မာအောင်ဆောင်ရွက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းအတွက် အရေးပါသော အရင်းအမြစ်များ အဆင်ပြေချောမွေ့အောင် ခွဲဝေပေးခြင်းသည် အုပ်ချုပ်နေသော အစိုးရတစ်ရပ်၏ အခြေခံအကျဆုံးသော တာဝန်ပင်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ကြားဖြတ်တာလီဘန်အုပ်ချုပ်မှုအဖွဲ့ (ITA) သည် နိုင်ငံတစ်ဝန်း လုံခြုံမှုအပြည့်အဝပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့်အပြင် အစိုးရအခွန်ဘဏ္ဍာတိုးမြှင့်ကောက်ယူခြင်းကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ပြီး ၎င်းတို့၏အောင်မြင်မှုအဖြစ် အာဖဂန်ငွေကြေး(afghani-AFN)ကို ခိုင်မာအောင် လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်နိုင်မှုများသည် မှတ်တမ်းတင်ဖွယ်ရာရှိသော်လည်း သာမန်ပြည်သူများ၏ နေ့စဉ် လူနေမှုဘဝအပေါ် အမှန်တကယ်သက်ရောက်မှုများသည် မသေချာမရေရာပင်ဖြစ်သည်။

**ပြည်သူ့အခွန်ငွေနှင့် အသုံးစရိတ်များ**

ITA သည် အခွန်ငွေလမ်းကြောင်းများအပေါ် တင်းကျပ်စွာ ထိန်းချုပ်ခြင်း၊ ထပ်ဆောင်းအခွန်နှင့် တာဝန်များသတ်မှတ်ခြင်း၊ အမျိုးသားအရင်းအမြစ်များ ပြည်ပတင်ပို့မှုမှ အခွန်ငွေတိုးမြှင့်ကောက်ခံခြင်း၊ အဂတိလိုက်စားမှုများလျှော့ချခြင်းနှင့် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းကဲ့သို့သော အစိုးရအခွန်ဘဏ္ဍာတိုးမြှင့်နိုင်ရေး၊ ထိရောက်သောအုပ်ချုပ်စီမံမှုများအကောင်အထည်ဖော်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ၂၀၂၂ ခုနှစ်အတွက် အခွန်ငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၈၃ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၇၆ ဘီလီယံရရှိခဲ့သည်။ ပြည်ပအထောက်အပံ့များရရှိခဲ့သည့် ယခင်အစိုးရ၏ အခွန်ငွေပမာဏနှင့်ပင်လျှင် နှိုင်းယှဉ်နိုင်ခဲ့သည်။

ယခင်အာဖဂန်အစိုးရ လက်ခံရရှိခဲ့သော အထောက်အပံ့များကို ထည့်သွင်းစဉ်းစားသွားမည်ဆိုလျှင် တာလီဘန်တို့၏ အခွန်ငွေကောက်ခံရရှိမှုသည် အောင်မြင်ထိရောက်မှုရှိသည်ဟု ရှုမြင်သွားရဖွယ်ရှိသည်။ သို့သော် တာလီဘန်တို့သည် နိုင်ငံကို မထိန်းချုပ်သေးမီ ယခင်အစိုးရ၏ တရားစီရင်ရေးစနစ်လွှမ်းမိုးမှုမရှိသောနေရာများတွင် တရားမဝင်အခွန်ကောက်ခံရာမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ မှ ၁ ဒသမ ၆ ဘီလီယံခန့် ရရှိခဲ့ကြောင်း ၂၀၂၀ ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂက အစီရင်ခံသွားခဲ့သည်။ အဆိုပါရန်ပုံငွေအားလုံးသည် လက်ရှိအချိန်တွင် ITA က ကြီးကြပ်ဆောင်ရွက်သောအစိုးရအခွန်ငွေများတွင် ရောက်ရှိသွားပြီဖြစ်သည်။

ITA သည် အသေးစားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စေ့ဆော်ရန် မကြာသေးမီက လုပ်ငန်းများစွာကို စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါအစီအမံများတွင် AFN နှစ်သန်းထည့်ဝင်ကာ စီးပွားရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အခွန်လျှော့ချကောက်ခံခြင်း၊ စက်မှုလုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်းအခွန်(BRT)နှုန်းထားကို နှစ်ရာခိုင်နှုန်းထိ လျှော့ချခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အခွန်နှုန်းထားကို ၁ ဒသမ ၅ ရာခိုင်နှုန်းမှ သုည ဒသမ ၅ ရာခိုင်နှုန်းထိ လျှော့ချခြင်း၊ ၂၀၁၆ ခုနှစ်မတိုင်မီက အကြွေးကျန်များကို သက်ညှာခွင့်ပေးခြင်းနှင့် ၂၀၁၆ ခုနှစ်နောက်ပိုင်း အကြွေးကျန်များအတွက်ဖြေလျှော့မှုများ လုပ်ဆောင်ခြင်းတို့ပါဝင်သည်။

အပြန်အလှန်အားဖြင့် ITA သည် သာမန်ပြည်သူများအပေါ် မြေယာအခွန်၊ ဘာသာရေးအခွန်ငွေနှင့် ကုန်စည်၊ သား၊ ငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များအတွက်အခွန်များ ကောက်ခံခဲ့သည်။ အဆိုပါ အလေ့အထသည် ကျေးရွာငယ်များနှင့် ကျေးလက်ဒေသများရှိ ဆင်းရဲမှုသတ်မှတ်မျဉ်းအောက်တွင် နေထိုင်ရလျက်ရှိသောပြည်သူများအပေါ် ကြီးမား



သောဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်။ အဆိုပါဒေသများရှိ ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို ၎င်းတို့၏ အဓိကဝင်ငွေရပေါက်အဖြစ် လုပ်ဆောင်ရလျက်ရှိသည်။ ကျေးလက်နေ ပြည်သူများသည် အလွန်အမင်းဆင်းရဲနေသည်။

စည်းကြပ်ခွန်လျှော့ချပေးရုံမျှဖြင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်ရန်တို့အတွက် လုံလောက်မှုရှိမည်မဟုတ်ချေ။ စည်းကြပ်ခွန်လျှော့ချခြင်းကို ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများ၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်နှင့် ထိရောက်မှုရှိသောစီမံခန့်ခွဲမှုတို့ဖြင့် အထောက်အကူပြုသွားသင့်ပေသည်။ စည်းကြပ်ခွန်လျှော့ချမှုသာ လုပ်ဆောင်ခြင်းသည် အစိုးရအခွန်ဘဏ္ဍာကို ကျဆင်းစေမည်ဖြစ်သည်။ စင်စစ်အားဖြင့် နယ်စပ်အခွန်လျှော့ကျမှုကြောင့် ၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အခွန်ဘဏ္ဍာကောက်ခံရရှိမှုသည် ကျဆင်းလာလျက်ရှိသဖြင့် စည်းကြပ်ခွန်လျှော့ချမှုတစ်ခုတည်းဖြင့် အကျိုးဖြစ်ထွန်းမှုနှင့် စီးပွားရေးတိုးချဲ့မှုတို့ကို ဖော်ဆောင်နိုင်မည် မဟုတ်ချေ။

ITA သည် မကြာသေးမီက GDP တိုးတက်မှု ၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း အစီရင်ခံခဲ့သည်။ အထူးသဖြင့် လွန်ခဲ့သောနှစ်အတွင်း မိုးရွာသွန်းခဲ့သဖြင့် လယ်ယာကဏ္ဍမှ အထွက်နှုန်းကောင်းမွန်ခဲ့သည်။ ITA သည်အခွန်ဘဏ္ဍာငွေသော်လည်းကောင်း၊ ပြည်သူ့အသုံးစရိတ်ကိုသော်လည်းကောင်း အသေးစိတ်ထုတ်ပြန်ခြင်းမရှိသောကြောင့် စည်းကြပ်ခွန်များ၊ အကောက်ခွန်ငွေများမှ ရရှိသော အခွန်ဘဏ္ဍာများနှင့် သဘာဝအရင်းအမြစ်များသုံးစွဲမှုနှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါဘဏ္ဍာအခွန်အမြောက်အမြားကို အရပ်ဘက်ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ လစာများ၊ အစိုးရလုပ်ငန်းလည်ပတ်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ အထူးသဖြင့် သောက်သုံးရေစီမံခန့်ခွဲမှုနှင့် အခြေခံအဆောက်အအုံများအတွက် ခွဲဝေအသုံးပြုသွားဖွယ်ရာရှိနေသည်။ စိတ်မကောင်းဖွယ်ရာကောင်းသည့်အချက်မှာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်နှင့် သာမန်အာဖဂန်ပြည်သူများ၏ လူနေမှုဘဝများနှင့် ဝင်ငွေများတိုးတက်ရန် ရည်မှန်းထားသည့် အစိုးရဝန်ဆောင်မှုလုပ်ငန်းများနှင့်အစီအစဉ်များသည် ဘဏ္ဍာငွေအလုံအလောက်ခွဲဝေရရှိခြင်းမရှိပေ။

အစိုးရအခွန်ဘဏ္ဍာငွေထိရောက်စွာ ကောက်ခံရရှိရေးသည် အရေးပါလျက်ရှိသော်လည်း ၎င်းအခွန်ဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာ အသုံးပြုရေးနှင့် ခွဲဝေပေးရေးတို့သည်လည်း အရေးပါလျက်ရှိသည်။ ဘဏ္ဍာငွေခွဲဝေမှုလုပ်ပိုင်ခွင့်အာဏာသည် အစိုးရအပေါ် မူတည်လျက်ရှိသော်လည်း အဆိုပါခွဲဝေမှုများသည် ပြည်သူများ၏ သက်သာချောင်ချိရေးကို ဦးစားပေးသွားရန် လိုအပ်ပေသည်။ တိုင်းပြည်အရင်းအမြစ်များ၏ ပိုင်ရှင်အမှန်ဖြစ်သော ပြည်သူများသည် ဘဏ္ဍာငွေအရင်းအမြစ်များကို မည်သို့မည်ပုံအသုံးပြုသလဲဆိုသောအချက်ကို သိရှိခွင့်ရှိသည်။

**သတ္တုတွင်းကဏ္ဍနှင့်စပ်လျဉ်းသောမေးခွန်းများ**

ITA သည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော အကြီးစားသတ္တုတူးဖော်ရေးကန်ထရိုက် ၁၅ ခုအပါအဝင် ၂၀၂၁ ခုနှစ် အာဏာစတင်ယူချိန်မှစ၍ သတ္တုတူးဖော်ရေးသဘောတူညီချက် ၂၀၀ ကျော်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ အဆိုပါကန်ထရိုက်စာချုပ်များကို တရုတ်၊ အီရန်၊ တူကီယဲ၊ ကာတာနှင့် အမေရိကန်တို့မှကုမ္ပဏီများကို ပေးအပ်ထားခြင်းဖြစ်သည်။ ITA အနေဖြင့် လုပ်ပိုင်ခွင့်ပေးထားသည့် ကန်ထရိုက်များအကြောင်းကို အသေးစိတ်ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ရေနံနှင့် သတ္တုတွင်းလုပ်ငန်းဝန်ကြီးဌာနသည် အမျိုးသားအခွန်ဘဏ္ဍာတွင် အခွန်ထည့်ဝင်လျက်ရှိရာ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၂ သန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၈ သန်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇူလိုင် ၁၁ ရက်ထိ အမေရိကန်ဒေါ်လာ သန်း ၆၀ ထည့်ဝင်ထားရှိပြီးဖြစ်သည်။

ယခင်အစိုးရလက်ထက်တွင် သတ္တုတွင်းကဏ္ဍမှ နှစ်စဉ် အခွန်ငွေအမေရိကန်ဒေါ်လာ ၃ သန်းမှ ၁၀၂ သန်းရရှိခဲ့သဖြင့် ITA လက်ထက်တွင် သိသိသာသာတိုးတက်လာလျက်ရှိသည်။ သို့သော် ကန်ထရိုက်စာချုပ်အရေအတွက်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် ITA ၏ သတ္တုတွင်းကဏ္ဍအခွန်ငွေရရှိမှုသည် နည်းပါးနေဆဲပင်ဖြစ်သည်။ သတ္တုတူးဖော်ရေးစာချုပ်များသည် တိကျမှုမရှိဆိုသော အစီရင်ခံမှုများရှိနေမည်ဆိုလျှင် အဆိုပါသဘောတူညီချက်များအတွက် စီမံခန့်ခွဲမှု အလွဲအမှားများစွာ ရှိနေမည်ဖြစ်သည်။ အဆိုပါကန်ထရိုက်စာချုပ်များတွင် ပွင့်လင်းမြင်သာမှုကင်းမဲ့နေခြင်းသည် အဂတိလိုက်စားမှုများနှင့် စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော အာဖဂန်နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို တရားမဝင်ထုတ်ယူမှုများဖြစ်ပေါ်လာနိုင်ပေသည်။

နိုင်ငံတကာက ITA ကို အစိုးရတစ်ရပ်အဖြစ် အသိအမှတ်ပြုထားခြင်းမရှိသောကြောင့် ထင်ရှားသည့် နိုင်ငံတကာသတ္တုတူးဖော်ရေးကုမ္ပဏီများသည် အာဖဂန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်းကို ရှောင်ရှားလေ့ရှိကြသည်။ အမှန်တော့ နိုင်ငံတချို့မှ အောင်မြင်မှုမရှိသောကုမ္ပဏီများသာလျှင် အာဖဂန်၏သဘာဝအရင်းအမြစ်များကိုထုတ်ယူရန် ITA နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ခိုင်မာအားကောင်းပြီးနာမည်ကောင်းရှိသည့် ကုမ္ပဏီကြီးများ၏ပါဝင်ဆောင်ရွက်မှုကင်းမဲ့ခြင်းသည် အာဖဂန်နိုင်ငံ၏ စီးပွားရေးကို သိသိသာသာမြှင့်တင်ပေးနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်မည့် နိုင်ငံ၏ စွမ်းဆောင်ရည်ကို အဟန့်အတားဖြစ်ပေါ်စေလျက်ရှိသည်။

**အာဖဂန်ငွေကြေး**

အာဖဂန်ငွေကြေး afghani(AFN)သည် တာလီဘန်အဖွဲ့အာဏာစတင်ယူချိန်တွင် ခဏတာတန်ဖိုးကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။ ITA သည် တိုင်းပြည်အတွင်းမှ ဒေါ်လာငွေများ တရားမဝင်စီးထွက်မှုလျှော့ချခြင်းနှင့် AFN ငွေကြေးလဲလှယ်မှုလုပ်ဆောင်ရန် သတ်မှတ်ခြင်းအပါအဝင် ထိရောက်သောအစီအမံများ အကောင်အထည်ဖော်ခဲ့သောကြောင့် AFN တန်ဖိုးပြန်တက်လာခဲ့သည်။

ထို့ပြင် အာဖဂန်နိုင်ငံတကာဘဏ်(AIB)သည် ကုလသမဂ္ဂဆိုင်ရာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း(NGOs)များကို တိုင်းပြည်အတွင်း စီးဝင်လာသည့် ၎င်းတို့၏ဒေါ်လာများအတွက် အဓိကငွေကြေးစုဆောင်းမှု အင်စတီကျူးရှင်းအဖြစ် လုပ်ဆောင်ပေးရန် ကမ်းလှမ်းခဲ့သည်။ AIB သည် အဆိုပါအဖွဲ့အစည်းများကိုယ်စား အမေရိကန်ဒေါ်လာမှ AFN သို့ ပြောင်းလဲရန်အတွက် အခြားသောဘဏ်များ၊ ငွေလွှဲကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အကြောင်းမှုကား ငွေလွှဲပြောင်းမှုမှန်သမျှသည် ဒေသသုံးငွေကြေးလိုအပ်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။ AFN ရှားပါးမှုဖြစ်စဉ်တွင် ပုဂ္ဂလိကဘဏ်များနှင့် ငွေလွှဲကိုယ်စားလှယ်များသည် Da Afghanistan Bank (DAB)မှ AFN ရရှိအောင် ဆောင်ရွက်ရသည်။ ထိုသို့ ငွေကြေးလွှဲပြောင်းခြင်းသည် ဈေးကွက်တွင်း၌ ဒေါ်လာငွေရရှိမှုလွယ်ကူစေမည်ဖြစ်သည်။

**ကိုးကား**

–Evaluating the Taliban's Economic Policies by The Diplomat.

**ဝင်းဇင်(သုတေသန)**

# မိဘ၊ဆရာ၊ကျောင်းသားနွဲ့ပျော် ပညာရေးစုံညီပွဲတော်

ညွန့်ဝင်း(နတ်တလင်း)

စာရေးသူတို့နိုင်ငံတွင် အခြေခံပညာကျောင်းများ၏ ပညာရေးစုံညီပွဲတော်ကို လာမည့် ဇန်နဝါရီ ၃ ရက်နေ့တွင် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပွဲတော်များကျင်းပကြမည်ဖြစ်သည်။ပညာရေးစုံညီပွဲတော်ဆိုသည်မှာ ဆရာ၊ မိဘ၊ ကျောင်းသားစုံညီစွာ ပူးပေါင်းဆင်နွှဲသော ပညာရေးအကျိုးပြုပွဲတော်ဖြစ်သည်။ ဆရာ၊ မိဘ၊ ကျောင်းသားတို့သည် ပညာရေးပင်စည်တွင် ညီညွတ်မျှတစွာပေါင်းစပ်ဖွဲ့စည်းရမည့် အဓိကအကိုင်းအခက်များဖြစ်သည်။ ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းမှာ ဆရာ၊ မိဘ၊ ကျောင်းသား အင်အားစုပိုမိုစည်းလုံးညီညွတ်မှုရရှိစေပြီး ဟန်ချက်ပိုမိုညီညွတ်သောပညာရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုလုပ်ရှားမှုများ ပြုလုပ်နိုင်ရန်ဖြစ်သည်။ ထိုပညာရေးစုံညီပွဲတော်ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ မြို့နယ်နှင့် ကျောင်းအသီးသီးသို့ ပြပွဲပြိုင်ပွဲအသုံးစရိတ်များခွင့်ပြုခဲ့သည်။ ရရှိသော အသုံးစရိတ်များကို အဆင့်ဆင့်သောပညာရေးဝန်ထမ်းများ(တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ)က အကျိုးရှိအောင် စီမံကွပ်ကဲဆောင်ရွက်လျက်ရှိသည်။

ပညာရေးစုံညီပွဲတော်ကျင်းပရာတွင် အောက်ပါရည်ရွယ်ချက် ၄ ရပ်ချမှတ်၍ ရည်ရွယ်ချက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။ ၎င်းရည်ရွယ်ချက် ၄ ရပ်မှာ -

(၁) ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ကျောင်း၏တိုးတက်ဖြစ်ပေါ်မှုများ၊ အောင်မြင်မှုများ၊ မိဘပြည်သူများကို အသိပေးရန်။

(၂) မိဘ၊ ဆရာ၊ ကျောင်းသား ပိုမိုရင်းနှီးပြီး ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းပါဝင်မှု ပိုမိုမြင့်မားလာစေရန်။

(၃) မိဘပြည်သူများက ကျောင်းအပေါ် ပိုမိုစိတ်ဝင်စားမှု၊ စေတနာထားလာမှုတို့ဖြင့် ကျောင်းသံယောဇဉ် ပိုမိုတိုးမြင့်လာစေရန်။

(၄) မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းမှုဖြင့် ပညာရေးအကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအောင်မြင်လာစေရန်တို့ဖြစ်သည်။

ပညာရေးစုံညီပွဲတော်ကျင်းပရာ၌ ဤပွဲတော်တွင် ဆရာ၊ မိဘ၊ ကျောင်းသား သာမန်တွေ့ဆုံကြရုံသက်သက်မဟုတ်ပေ။ ပညာသင်နှစ်အတွင်း ကာယ၊ ဉာဏထူးချွန်သော ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်းလည်း ပါဝင်သည်။ ထို့ပြင် ပညာရေးစုံညီပွဲတော်တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာလက်ရာများကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ ထုတ်ဖော်ပြသကြသည်။ ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသော တီထွင်ဖန်တီးမှုပြခန်းများ၊ အဆို၊ အကများကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ တင်ဆက်ပြသကြခြင်းဖြစ်သည်။ ကာယဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရန် အားကစားနည်းမျိုးစုံပါဝင်သော အားကစားပြိုင်ပွဲများကျင်းပ၍ ကျောင်းသား၊ ကျောင်းသူများ၏ ခွဲ၊ လုံ့လ၊ ဝီရိယ၊ ပျော်ရွှင်မှု၊ စည်းလုံးညီညွတ်မှုကိုလည်း ဖော်ဆောင်ပေးရန်ဖြစ်သည်။ ပညာရေးစုံညီပွဲတော်၏အနှစ်သာရသည် သာမန်ပျော်ပွဲရွှင်ပွဲသက်သက် သဘောမျိုးမဟုတ်ဘဲ ဘက်စုံပညာရေးကိုဖော်ဆောင်သည့် အစီအစဉ်အထောက်အပံ့ကောင်းဖြစ်သည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသော မြန်မာ့ပညာရေးစနစ်သည် ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပညာရေးစနစ်ဖြစ်သည်။ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးစနစ်သည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ရသ၊ သက်မွေး ဟူသော ကဏ္ဍစုံ၌ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးကို သင်ကြားလေ့ကျင့်ပျိုးထောင်ပေးသော စနစ်ဖြစ်သည်။ ထိုသို့ကဏ္ဍစုံကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှသာ ခေတ်နှင့်အညီ ပညာရေးစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူသားအရင်းအမြစ်များ ထွန်းကားလာမည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးသည် စာသင်ရုံသက်သက်မဟုတ်သည်ကို မိဘ၊ ဆရာ၊ ကျောင်းသားအားလုံး သိနားလည်ထားရမည်ဖြစ်သည်။

**❖ ပညာရေးစုံညီပွဲတော်ကျင်းပခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်း၊ နည်းလမ်းကောင်းများ ဖန်တီးဆောင်ကြဉ်းပေးခြင်းဖြစ်သည်။ လူငယ်သည် နုပျိုဖျတ်လတ်သည်။ သင်ယူနိုင်စွမ်းအားကောင်းသည်။ စူးစမ်းလေ့လာလိုစိတ်ရှိသည်။ ထိုသို့သောလူငယ်ကျောင်းသားများကို မှန်ကန်စွာတွေးခေါ်ဆောင်ရွက်နိုင်သောပညာများရရှိအောင် ဆရာ၊ မိဘပြည်သူတစ်ရပ်လုံးက လမ်းပြသင်ကြားပေးရပေလိမ့်မည်။ အနာဂတ်နိုင်ငံ့တာဝန်များကို ကောင်းမွန်စွာလက်ဆင့်ကမ်းလွှဲပြောင်းယူနိုင်ပြီး ကောင်းမွန်စွာဦးဆောင်ကြိုးပမ်းနိုင်သော မျိုးဆက်သစ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရပေလိမ့်မည်။ ❖**

ပညာဟူသည်မှာ အမှား၊ အမှန်ခွဲခြားနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ လက်တွေ့အသုံးပြုနိုင်စွမ်းရှိခြင်းကို ခေါ်သည်။ နှုတ်ကကျက်မှတ်နိုင်ရုံနှင့်မရ။ ကိုယ်ပိုင်တွေးခေါ်၍ တီထွင်ဖန်တီးနိုင်စွမ်းရှိရမည်။ ထိုအဆင့်အထိရောက်အောင် သင်ကြားလေ့ကျင့်ပေးရမည်။ ကျောင်းသား၊ ကျောင်းသူများကလည်း ကိုယ်တိုင်တီထွင်ကြံဆတွေးခေါ်အသုံးပြုနိုင်စွမ်းရှိသည့် ပညာရရှိသည်ထိ သင်ယူလေ့ကျင့်ရပေမည်။

ပညာရေးစုံညီပွဲတော်တွင် မိဘ၊ ဆရာတို့ ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ ပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ကျောင်းတက်ခြင်း၊ ပညာသင်ယူခြင်းသည် အတတ်ပညာများကို သင်ယူရုံနှင့် မလုံလောက်ပေ။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်မှ ပြည့်စုံလုံလောက်မည်ဖြစ်သည်။ ပညာတတ်ပြီး ကိုယ်ကာယပိန်လှီ ချည့်နဲ့နေ၍မဖြစ်၊ ကိုယ်ကာယ သန်မာဖွံ့ဖြိုးပြီး ပညာဉာဏ်နည်းပါးနေ၍လည်းမဖြစ်ပေ။ တစ်ဖန်ကာယဗလ၊ ဉာဏဗလနှင့် ပြည့်စုံနေရုံမျှနှင့်လည်း မပြီးမြောက်သေးပေ။ ပညာရေးရည်ရွယ်ချက်သည် လူတော်လူကောင်းများ ဖြစ်လာရေးထိ ရည်ရွယ်ခြင်းဖြစ်သည်။ အတတ်ပညာများ တတ်ကျွမ်းနေရုံမျှနှင့်မပြီးသေး၊ လူကောင်းတစ်ယောက်ဖြစ်လာရန် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်သည်။

လူဟူသည် တစ်ဦးတစ်ယောက်တည်း နေထိုင်၍မရဘဲ အသင်းအဖွဲ့စုပေါင်းနေထိုင်ရသည်ဖြစ်ရာ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု မိတ္တဗလနှင့် ပြည့်စုံအောင် ကြိုးစားလေ့ကျင့်ရန် လိုအပ်သည်။ ရှေ့ဗလလေးတန်နှင့် ညီညွတ်အောင် ကြိုးစားနိုင်သူသည် ကြွယ်ဝပြည့်စုံတိုးတက်မှု ဘောဂဗလနှင့်လည်း ပြည့်စုံလာပေမည်။ ထိုသို့ပြည့်စုံသော လူ့ဘောင် အသိုင်းအဝိုင်းကို တည်ဆောက်နိုင်ပြီဆိုလျှင် ဖွံ့ဖြိုးတိုးတက်၍ သာယာလှပသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ယနေ့လူငယ်များသည် စာဖတ်အားနည်းလာကြသည့်အပြင် လက်တွေ့လေ့လာမှုလည်း အားနည်းလာသဖြင့် အတတ်ပညာ၊ အသိပညာအားနည်းလာသည်။ အတတ်ပညာပိုင်းတွင် တော်သည်ဆိုသော်လည်း အသိပညာပိုင်းတွင် အားနည်းသဖြင့် ကိုယ်ပိုင်စဉ်းစားတွေးခေါ်နိုင်စွမ်း လျော့နည်းလာသည်။ ထိုအခါ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်း (ပညာ) အားနည်းလာသည်။ အမှားအမှန်ခွဲခြားနိုင်စွမ်းအားနည်းသူသည် အမှားကို အမှန်ထင်၊ အမှန်ကိုအမှားထင်၍ လွဲမှားသောအတွေး၊ လွဲမှားသော ခံယူချက်များနှင့် လုပ်ဆောင်ချက်များကို တွေးမိလုပ်ကိုင်မိကြသည်။

အသိပညာရှိပါမှ အလိမ္မာရှိသည်။ အလိမ္မာရှိပါမှ မှန်ကန်စွာတွေးခေါ်ဆောင်ရွက်နိုင်သည်။ အသိပညာ အလိမ္မာရှိသူသည် ဆရာ၊ ဆရာမ၏သွန်သင်ဆုံးမမှုကို ခံယူသည်။ မိဘ၏သွန်သင်ဆုံးမမှုကို နားထောင်သည်။ ဆရာမိဘလမ်းညွှန်သည့်အတိုင်း လိုက်နာဆောင်ရွက်သည်။ ထိုသူသည် ဘဝလမ်းတစ်လျှောက် အမှားပြုမိခြင်းနည်းပါးပြီး အမှန်လမ်းကြောင်းပေါ်တွင်သာ တည့်တည့်မတ်မတ်လျှောက်လှမ်းနိုင်သည်။

ယနေ့ပညာရေးသည်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် ပညာရေးဖြစ်သည်။ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည့်ယဉ်ကျေးမှုခေါင်းပါးသည့် ရိုင်းစိုင်းသော အပြောအဆို၊ အပြုအမူများ၊ အမှန်နှင့် သွေဖည်သည့်အတွေးအခေါ်မှားများ မတွေးဖြစ်အောင် မိဘ၊ ဆရာတို့က ဝိုင်းဝန်းပြင်ဆင်တည့်မတ်ပေးကြရပေမည်။ မိုက်မဲမှုမှန်သမျှသည် ပညာ၏ဆန့်ကျင်ဘက်များသာဖြစ်သည်ကို ကျောင်းသားလူငယ်ထုတွင်း စိမ့်ဝင်ပျံ့နှံ့သိရှိအောင် ကြိုးပမ်းကြရပေမည်။

ပညာရေးစုံညီပွဲတော် ကျင်းပခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်း၊ နည်းလမ်းကောင်းများ ဖန်တီးဆောင်ကြဉ်းပေးခြင်းဖြစ်သည်။ လူငယ်သည် နုပျိုဖျတ်လတ်သည်။ သင်ယူနိုင်စွမ်းအားကောင်းသည်။ စူးစမ်းလေ့လာလိုစိတ်ရှိသည်။ ထိုသို့သော လူငယ်ကျောင်းသားများကို မှန်ကန်စွာတွေးခေါ်ဆောင်ရွက်နိုင်သော ပညာများရရှိအောင်ဆရာ၊ မိဘပြည်သူတစ်ရပ်လုံးက လမ်းပြသင်ကြားပေးရပေလိမ့်မည်။ အနာဂတ်နိုင်ငံ့တာဝန်များကို ကောင်းမွန်စွာလက်ဆင့်ကမ်းလွှဲပြောင်းယူနိုင်ပြီး ကောင်းမွန်စွာ ဦးဆောင်ကြိုးပမ်းနိုင်သော မျိုးဆက်သစ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရပေလိမ့်မည်။ တပည့်မှားနေလျှင် ဆရာက ပြုပြင်ပေးရန် တာဝန်ရှိပြီး သားသမီးမှားနေလျှင် မိဘကပြုပြင်ပေးရန် တာဝန်ရှိသည်။ အမှားသည် မည်မျှပင်ကြာညောင်းစေကာမူ အမှန်မဖြစ်နိုင်ကြောင်း၊ အမှန်၏ဇာစ်မြစ်ကို ပညာဖြင့်သာ ဖော်ထုတ်နိုင်ကြောင်း သွန်သင်ညွှန်ပြကြရပေမည်။

စာရေးသူ၏ တွေ့မြင်သုံးသပ်ချက်ကို ဖော်ပြရလျှင် ပညာရေးစုံညီပွဲတော်သို့ လာရောက်ကြသော မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမပညာရေးဝန်ထမ်းများတွင် ကောင်းသောလက္ခဏာများကို တွေ့ရသည်။ ထိုလက္ခဏာများမှာ ပညာကိုကောင်းစွာဖြန့်ဖြူးလိုခြင်း၊ သင်ယူလိုခြင်း၊ အေးချမ်းပျော်ရွှင်မှုကို လိုလားနှစ်ခြိုက်ခြင်း၊ အတူတကွ မျှတကြည်ဖြူစွာ ပေါင်းသင်းဆက်ဆံလိုခြင်း၊ ရိုးသားကြိုးစားမှုကိုပြသလိုခြင်း၊ ကောင်းသောယှဉ်ပြိုင်ခြင်းကိုသာလိုလားခြင်း စသောလက္ခဏာများဖြစ်သည်။

ယခုအခါ ပညာရေးစုံညီပွဲတော်ကျင်းပရန် အချိန်အခါအခွင့်ကောင်းများရရှိ၍ စဉ်လာမပျက် ကျင်းပနိုင်ရန်စီစဉ်ကြပြီဖြစ်သည်။ ကျောင်းဆရာတစ်ယောက်ဖြစ်သော စာရေးသူ၏ကျောင်းတွင် ပညာရေးစုံညီပွဲတော်ကို မိဘ၊ ဆရာ၊ ကျောင်းသား စုပေါင်းအင်အားနှင့် အတတ်နိုင်ဆုံးကြိုးစားကျင်းပရန် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ စုံလင်စွာဖြင့် ပါဝင်ဆင်နွှဲရန် စီစဉ်ထားသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားယှဉ်ပြိုင်မှု၊ ထူးချွန်ထက်မြက်မှု၊ မိဘပြည်သူများ၏ အားပေးမှုကို တွေ့မြင်ခွင့်ရမည်ဖြစ်ရာ ပီတိဖြစ်ဖွယ်ကောင်းလှသည်။ ကျောင်းသား၊ ကျောင်းသူများ၏ တက်ကြွဖျတ်လတ်မှု၊ ဆရာ၊ ဆရာမများ၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ မိဘပြည်သူများ၏စိတ်ဝင်တစားပါဝင်မှုတို့သည် အားတက်စရာဖြစ်ရသည်။ ထို့ကြောင့် အစဉ်အလာကောင်းသော၊ ရလဒ်ကောင်းသော ပညာရေးစုံညီပွဲတော်များကို နှစ်စဉ်ဆင်နွှဲကျင်းပနိုင်အောင်၊ မြန်မာ့ပညာရေးပန်းတိုင်သို့အရောက်လှမ်းနိုင်အောင် ဆရာ၊ မိဘ၊ ကျောင်းသား အားလုံးကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**- ပညာရေးစုံညီပွဲတော် စီမံချက်**

**- ဘက်စုံပညာရေးစီမံချက်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သန်းမြင့်သန်း(ကွမ်းခြံကုန်း)၏ ပမ္မဝတီ ငါးမန်းဝတ္ထုကို လေ့လာခြင်း

မြန်မာနိုင်ငံတွင် တံငါဝတ္ထုရေး စာရေးဆရာများကို လက်ချိုးရေတွက်၍ရသည်။ ဆရာကြယ်နီ၊ မောင်သိက္ခာ၊ မောင်ခြိမ့်၊ မြေလတ်မင်းလွင်၊ ကျွန်းစဉ်မြေစောခက်၊ ပုသိမ်ရန်နောင်စိုး၊ သန်းမြင့်သန်း(ကွမ်းခြံကုန်း) လက်ဆယ်ချောင်းပင်မပြည့်။ အထက်ပါစာရေးဆရာများအနက် မြစ်၊ ချောင်း၊ တံငါဝတ္ထုများရေးသည့် စာရေးဆရာများက အများစုဖြစ်ပြီး ပင်လယ်တံငါဝတ္ထုရေးသူက အနည်းစုဖြစ်သည်။

သန်းမြင့်သန်း(ကွမ်းခြံကုန်း)သည် မြစ်၊ ချောင်း တံငါဝတ္ထုများသာမက ပင်လယ်တံငါဝတ္ထုများကိုလည်း ရေးသားနေသူဖြစ်၏။ ယခုဖော်ပြမည့် ပမ္မဝတီ ငါးမန်းသည် ပင်လယ်တံငါဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဝတ္ထုတွင် ပင်လယ်တွင်းငါးမန်းဖမ်းအဖွဲ့စက်လှေဖြင့် ထွက်ခွာလာကြပုံကို ဤသို့သရုပ်ဖော်ထားသည်။

ဖိုးချွန်သည် လုပ်နေကျအတိုင်း ပါချီအငူနှင့် ဦးကြိုက်ကျွန်းခေါ် တောင်ယာကျွန်းတို့ကို ကျော်ဖြတ်ခဲ့ပြီးနောက် မင်္ဂလာကျွန်းခေါ်စားပွဲကျွန်းသို့ ဦးတည်လိုက်သည်။ သို့ဖြင့် ညစာကျွန်းသို့ စက်ရှိန်မြှင့်ကာ မောင်းလိုက်တော့၏။ မင်္ဂလာကျွန်းနှင့် ညစာကျွန်းတို့မှာ ကိုကိုးကျွန်း၏မြောက်ဘက်စူးစူး ကပ္ပလီပင်လယ်အတွင်း တည်ရှိကြသည်။ ကျွန်းနှစ်ကျွန်းမှာ တစ်မိုင်ခန့်သာ ဝေးကွာ၏။ သည်ကျွန်းနှစ်ကျွန်းကြားတွင် ငါးမန်းအနေအစားများသည်။

စာရေးဆရာက ငါးမန်းဖမ်းလှေထောင်ထားသူ ဦးကြွက်နီအနေအထားနှင့် ငါးမန်းဈေးကွက်ကိုလည်း ဤသို့ဖော်ပြသည်။ ဦးကြွက်နီသည် ငါးမန်းလှေထောင်ပြီး ငါးမန်းဖမ်းအတွေ့အကြုံ ရင့်ကျက်နေသူဖြစ်သည်။ ငါးမန်းဖမ်းခြင်းကို ဝါသနာကြီးသူလည်းဖြစ်သည်။ ငါးမန်းဖမ်းသည့်အလုပ်မှာလည်း ဦးကြွက်နီအတွက် စီးပွားဖြစ်လှသည်။ ငါးမန်းတောင်၊ ငါးမန်းအရေခွံနှင့် ငါးမန်းသားအခြောက်များမှာ ရသမျှရောင်းမလောက်ပေ။ ထို့ကြောင့် ဦးကြွက်နီအတွက် ငွေရွှင်လေသည်။

ငါးမန်းဖမ်းရန်အတွက် ရေလုပ်သားများ ပြင်ဆင်ကြပုံကိုလည်း ဤသို့စာရေးဆရာက ဖော်ပြသည်။

"ဂျက်ငုတ်ကိုခိုင်အောင် ပတ်ချည်နော်၊ ဗိုက်ပူရေမပေ့ါနဲ့ဟေ့၊ ဒီအချိန်က အမည်းကောင်ကြီးတွေ မိတတ်တယ်၊ သိတဲ့အတိုင်းပဲ ဒီအမည်းကောင်ကြီးတွေရှုန်းရင် တော်တန်ရုံ ဂျက်ငုတ်လဲပြိုကုန်တော့တာ"

ဒေသခံတွေက ငါးမန်းကို အမည်းကောင်ဟုခေါ်ကြသည်။ ငါးမန်းတွင် ငါးမန်းဖြူ ငါးမန်းမည်းဟုရှိရာ ဤနေရာတစ်ဝိုက်တွင် ငါးမန်းမည်းများသာကျက်စားကြသည်။

သုံးလက်မ ငါးမျှားချိတ်များမှာ ငါးတန်းကြိုးတွင် လက်လံနှစ်လံခြား တန်းစီချိတ်ဆွဲရင်း အစီကြိုးများကို စစ်ဆေးရပြန်၏။ တချို့လည်း တလံခွဲစီခြား၍ထားကြ၏။ ငါးမန်းတစ်ပြန် ငါးမျှားချိတ်တစ်ပြန်ထားကြ၏။ တန်းကြိုးတွင်ရှိသမျှ ငါးမျှားချိတ်ကို သေချာစွာစစ်ရသည်။ သံမဏိအစီကြိုးများမှာ ပဓာနကျ၏။ တန်းကြိုးနှင့် ငါးမျှားချိတ်တွင် နှစ်ဖက်စလုံး စေ့စေ့စပ်စပ်ဖြစ်ရန်လို၏။ သို့မဟုတ်ပါက ငါးမန်းရုန်းလျှင် ပြတ်ထွက်ပြုတ်ထွက်တတ်၏။

ငါးမန်းပိုက်တန်းကြိုးအရှည် အတောင်သုံးရာရှိသည်။ လေးတောင်တစ်လံဆိုသဖြင့် ခုနစ်ဆယ့်ငါးလံရှိမည်။ ငါးမျှားချိတ်ကို နှစ်လံကွာတစ်ခုချိတ်သဖြင့် အချောင်းသုံးဆယ်ချိတ်ရမည်။ သောင်စပ်က ဂျက်ငုတ်အထိ ငါးမျှားချိတ်မလိုအပ်။ ထို့နောက် လုပ်သားတစ်ယောက်က ငါးထိုးမှိန်းကိုကိုင်ကာ ရေအောက်သို့ ငုပ်သွားသည်။ ရေအောက်မှ ငါးစိမ်း၊ ငါးနီများကို မှိန်းဖြင့်ထိုးကာ ငါးမန်းစာရှာရသည်။ ရေအောက်တွင် ငါးစိမ်းနှင့် ငါးနီများသာရှိသည်။ သုံးပိသာခွဲခန့်ရလျှင် ငါးမန်းစာလုံလောက်ပြီဖြစ်သည်။

**❖ ငါးမန်းပိုက်တန်းကြိုးအရှည် အတောင်သုံးရာရှိသည်။ လေးတောင်တစ်လံဆိုသဖြင့် ခုနစ်ဆယ့်ငါးလံရှိမည်။ ငါးမျှားချိတ်ကို နှစ်လံကွာတစ်ခုချိတ်သဖြင့် အချောင်း သုံးဆယ်ချိတ်ရမည်။ သောင်စပ်က ဂျက်ငုတ်အထိ ငါးမျှားချိတ်မလိုအပ်။ ထို့နောက် လုပ်သားတစ်ယောက်က ငါးထိုးမှိန်းကိုကိုင်ကာ ရေအောက်သို့ငုပ်သွားသည်။ ရေအောက်မှ ငါးစိမ်း၊ ငါးနီများကိုမှိန်းဖြင့်ထိုးကာ ငါးမန်းစာရှာရသည်။ ရေအောက်တွင် ငါးစိမ်းနှင့် ငါးနီများသာရှိသည်။ သုံးပိသာခွဲခန့်ရလျှင် ငါးမန်းစာလုံလောက်ပြီဖြစ်သည်။ သက်ကြီးခေါင်းချချိန်တွင် ကျွန်းကြားရေညှပ်ရေကြောင်းမှာ နှစ်ဖက်သောင်ပြင်ပေါ်လာသဖြင့် တန်းကြိုးအရှည်နှင့်ကွက်တိဖြစ်သည်။ ❖**

သက်ကြီးခေါင်းချချိန်တွင် ကျွန်းကြား ရေညှပ်ရေကြောင်းမှာ နှစ်ဖက်သောင်ပြင်ပေါ်လာသဖြင့် တန်းကြိုးအရှည်နှင့် ကွက်တိဖြစ်သည်။ ရေလုပ်သားများသည် ငါးမျှားချိတ်များတပ်ထားသော တန်းကြိုးကို စက်လှေပေါ်မှ အလိုက်သင့်ချသွား၏။ အစီကြိုး တန်းလန်းနှင့် ငါးမျှားချိတ်၏ စတီးရောင်များ ညအမှောင်တွင် တဖွေးဖွေးနှင့်ဖြစ်၏။ စတီးငါးမျှားချိတ်များသည် ရေစီးအရှိန်ကြောင့် စကြာပမာလည်နေလေသည်။ ငါးမန်းများကိုဆွဲဆောင်လျက်ရှိရာတွင် အစာမပါဗလာသက်သက်ဖြစ်၏။ ငါးမျှားချိတ်ငါးချောင်းခြားတွင် ငါးစာတုံးတစ်တုံးတပ်ပြီး ငါးသွေးညှီနံ့ဖြင့် ငါးမန်းလာရန် ဆွဲဆောင်ရ၏။ အစာမက်သော ငါးမန်းသေးလေးများသာ ငါးစာလာဟပ်လေ့ရှိသည်။ ငါးမန်းကြီးများမှာ အစာမပါသော ငါးမျှားချိတ်များကိုသာ မက်မော၍ဟပ်လေ့ရှိကြရာ အမည်းကောင်ငါးမန်းကြီးများကို မိတတ်၏။

အရောင်လင်းလက်သော ငါးမျှားချိတ်များကို အစာထင်ကာ လာဟပ်သည်နှင့်ငြိလေ၏။ ငြိလေရုန်းလေဖြင့် အခြားငါးမျှားချိတ်များနှင့်ပါ ထပ်၍ငြိပြန်၏။ ငါးမျှားချိတ်တွင်ငြိပြီဆိုလျှင် တစ်ညလုံးရုန်းကြရာ ရေပြင်မှာ တဝုန်းဝုန်းနှင့် ပွက်လောရိုက်ဆူညံနေတော့သည်။

ငါးမန်းသုံးမျိုးရှိကြောင်း သိရသည်။ စားငါးမန်း၊ စုပ်ငါးမန်းနှင့် ခုတ်ငါးမန်းများဖြစ်သည်။ အားလုံးသည် အသားစားငါးမန်းချည်းဖြစ်သည်။ ရေထဲတွင် အလွန်ကြောက်စရာကောင်းသောသတ္တဝါများဖြစ်သည်။

ငါးမန်းထောင်သူ ရေလုပ်သားအားလုံး နှစ်ယောက်တစ်တွဲ ညဦးမှညလယ်၊ မိုးသောက်ယံ၊ နေထွက်သည်အထိ အလှည့်ကျစောင့်ကြည့်ရသည်။

စားပွဲကျွန်းပေါ်မှ နေရောင်ခြည်ပေါ်လာချိန်တွင် ရေလုပ်သားအားလုံး တန်းကြိုးများလိုက်၍ ဖော်ကြရသည်။ ရေလုပ်သားတစ်ဦးက ငါးထိုးမှိန်းကို ချိန်ရွယ်ပြီး ငါးမျှားချိတ်များဆီသို့ မျက်ခြည်မပြတ်ကြည့်နေရ၏။ ရေလုပ်သားတစ်ဦးက တန်းကြိုးကို သစ်သားဒလက်ဖြင့် ရစ်ပတ်ဆွဲယူပေးနေရသည်။ ပမ္မဝတီရေပြင်ကား ငြိမ်ချက်သားကောင်းနေသေးသည်။ ထိုစဉ်အမည်းကောင်းလိုလို၊ လိပ်ကျောက်လိုလို ရေပြင်၌ ခပ်ရေးရေးတွေ့လိုက်ရသဖြင့် ရေလုပ်သားတစ်ဦးက မြင်ကွင်းကို လက်ညှိုးထိုး၍ပြသည်။

စာရေးဆရာက ငါးမန်းဖမ်းရင်း တွေ့ကြုံရသည့် ရင်ထိတ်ဖွယ်အဖြစ်အပျက်ကို တင်ပြသည်။

ဝုန်းခနဲပေါ်ထွက်လာသော ရေလုံးရိုက်သံကြောင့် မှင်တက်နေကြ၏။ ဖြူရောင်သန်းသော ငါးမန်းစွယ်ကြီးသည် စက်လှေပေါ်မှ ငခွေးဆီသို့ တန်းတန်းမတ်မတ်ဝင်လာပြီး စက်လှေနံဘေးကိုထိ၏။ လက်မြန်သော ဗိုက်ပူ၏မှိန်းသည် ခုတ်ငါးမန်းကြီး၏နှုတ်သီးဖျားသို့ စိုက်ဝင်သွား၏။ မှိန်းတန်းလန်းနှင့် ခုတ်ငါးမန်းကြီးမှာ ဝုန်းဒိုင်းကျဲနေတော့၏။ တစ်လံနီးပါးရှည်၍ လက်တစ်ဝါးလောက်ကြီးမားသော ငါးမန်းစွယ်ကြီးမှာ စက်လှေကို တဒိုင်းဒိုင်း ခုတ်ရင်း ငြိမ်သက်သွားတော့သည်။

"ကံသီပေလို့ ငခွေးရေ၊ ကြုံတောင့်ကြုံခဲခုတ်ငါးမန်းနဲ့မှ လာတွေ့တယ်။ တစ်ညလုံးအမည်းကောင်တွေ အသံမကြားရပါလား အောက်မေ့တယ်။ လက်စသတ်တော့ ဒီကောင်ကြီးကြောင့်ကိုး။ ဒီကောင်ကြီးမျက်စိလည်တာကြောင့် အမည်းကောင်ငါးမန်းတွေ အနားမကပ်တော့တာကိုး၊ ငါးမန်းစက်လှေပိုင်ရှင် ဦးကြွက်နီအိမ်မှာ ငါးမန်းအစွယ်ကြီးချိတ်ပြီး ဝင့်ကြွားနိုင်ပြီပေ့ါကွာ။

ငါးမန်းစက်လှေပိုင်ရှင် ဦးကြွက်နီသည် လူတစ်ရပ်ခန့်ရှိသော ခုတ်ငါးမန်းကြီးကိုကြည့်လျက် ပီတိဖြစ်နေစဉ် ငါးမန်းစွယ်မခုတ်မိလိုက်သော ငခွေးကိုကြည့်ကာ လှေသမားများ စုပ်သပ်နေကြသည်။ သည်ငါးမန်းစွယ်ကြီးနှင့် ငခွေးကိုခုတ်မိလိုက်လျှင်ကား မတွေးရဲစရာပင်ဖြစ်သည်။

ပမ္မဝတီငါးမန်းဝတ္ထုတိုသည် ဆရာသန်းမြင့်သန်း(ကွမ်းခြံကုန်း)၏ ၂၀၁၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဝတ္ထုတိုပေါင်းချုပ် ပထမဆုရဝတ္ထုတိုပေါင်းချုပ်ဖြစ်သည်။ "အဖေ့အတွက် ဟင်းတစ်ခွက်နှင့် အခြားဝတ္ထုတိုများတွင် ပါဝင်သောဝတ္ထုဖြစ်သည်။ ကိုကိုးကျွန်း၏အနီးတစ်ဝိုက်ရှိ ကျွန်းများအနီးတွင် ငါးမန်းဖမ်းရေမုဆိုးတို့၏လုပ်ငန်းခွင်ကို သရုပ်ဖော်ထားသည့်ဝတ္ထုဖြစ်သည်။

သန်းမြင့်သန်း(ကွမ်းခြံကုန်း)ကို ၁၉၅၁ ခုနှစ်တွင် အဖ ဦးခင်မောင်၊ အမိ ဒေါ်ဖွားရှင်တို့မှ ကွမ်းခြံကုန်းမြို့တွင် မွေးဖွားခဲ့သည်။ ၁၉၇၀-၁၉၇၁ ခုနှစ်တွင် အခြေခံပညာအထက်တန်းအောင်မြင်ပြီး တံငါလုပ်ငန်းဖြင့် အသက်မွေးသည်။

၁၉၇၈ ခုနှစ်တွင် မိုးဝေမဂ္ဂဇင်း၌ ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့သည်။ အခြားမဂ္ဂဇင်းအသီးသီးတွင်လည်း ဝတ္ထုများ ရေးခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် အဝေးသင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(မြန်မာစာ)ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင်ပင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၌ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာနတွင် ဦးစီးအရာရှိအဖြစ် သက်ပြည့်(အငြိမ်းစား)ယူခဲ့သည်။

ယခုအခါ ကွမ်းခြံကုန်းမြို့တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။

**ကိုးကား**

- **သန်းမြင့်သန်း(ကွမ်းခြံကုန်း)၏အဖေ့အတွက် ဟင်းတစ်ခွက်နှင့် အခြားဝတ္ထုတိုများစာအုပ်မှ**

**ပုသိမ်အောင်သန်းဦး**

# မလှိုင်မြို့ ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့်ဆောင်ရွက်သော နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့(၄)ဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

(RBF)ဖြင့် ရေကမိုးကျေးရွာ၌ နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့ အဖွဲ့ဝင်ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ၂၈၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၂၈၆၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၄၀၂ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ကုလားပဲဧက ၂၈၆၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၈၄၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲအပါအဝင် စိုက်ပျိုးထားသည့် သီးနှံများကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစွာရရှိနိုင်မည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်၍ တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် သစ်နဖားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး


**ဇီးကုန်း ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် သစ်နဖားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများ ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများကကျေးရွာ ကော်မတီဝင်များနှင့်အတူ သစ်နဖားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန်မှာကြားသည်။

သစ်နဖားကျေးရွာ၌ လမ်းအရှည် ပေ ၁၉၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိသော ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ်သုည ဒသမ ၉၇၄၅၄ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၉၇၄၅၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီကြောင်း မြို့နယ်ဦးစီးမှူး ဦးပြည်ဖြိုးအောင်ထံမှ သိရသည်။

ကိုညို









ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"




နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




ABL APP is now AVAILABLE in both MM and ENG versions!

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)သိမ်း (၅)ဦး
- အလုပ်သင် (၅)ဦး

Long Style (09-2053849)
(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)နေ ဝင်းနိုင်ဖြိုး (ဘ) ဦးလောချိုင်(၁၃/လရန(နိုင်)၂၀၈၁၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC378748) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၅၂၆၂၆၉၀

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ အုန်းကိုင်းရပ်နေ ကျော်ဌေးဦး (ဘ) ဦးဌေးလွင် (၉/မကန(နိုင်)၁၂၁၁၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB044730) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၁၅၉၉၁၇၉

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၆) တွင် အထက်တန်းကျောင်းအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်ဝင်းမြင့် (ဘ) ဦးအောင်တင်(၁/မကတ(နိုင်)၀၁၁၈၉၃)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်အရ ၁-၈-၁၉၆၄ ဖြစ်ပါကြောင်း။
(၁-၈-၁၉၆၄)ဒေါ်ခင်ဝင်းမြင့်

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)နေ ဦးနေဖြိုးဟန်၏သမီး မလှိုင်ဝေလွင်ဖြိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မလှိုင်ဆွေဇင်ဖြိုးဖြစ်ပါကြောင်း။
မလှိုင်ဆွေဇင်ဖြိုး(၉/မဟမ(နိုင်)၀၉၂၂၅၈)

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ထိခိုက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ




နေပြည်တော် ဒီဇင်ဘာ ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းလွန်- တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေ)တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟုခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ (၂၅-၁၂-၂၀၂၄)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပူတာအို | ၄ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော | ၇ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၈ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၅ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၈ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၉ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၆ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၉ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ**

စာမျက်နှာ - ၂၂

